www.burmeseclassic.com

ဝိုး ဝိုး စာ ပေ

# အကြော့ဥဝေါက်

# နတ်ချင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၁



# နတ်ချင်း

အကြည်တော်

ILLUSTRATED BY KO SAN 2012

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း။ အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဂျူလိုင်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

အကြည်တော်

နတ်ချင်း / အကြည်တော်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၈၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) နတ်ချင်း


BURMESE CLASSIC .com



အတုလေးရယ်နဲ့မှ ယှဉ်ကာပြိုင်
ဖို့တိုင်းကြိုက်လိုက်ပါတဲ့၊ နှင်းဆီခိုင်
ဖဲမွေ့ယာ ရွှေကော်ဇော
ရောနှောလို့ထိုင်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအသီးသီး နေရာအသီးသီးမှာ ဒီလိုယှဉ်ပြိုင်မှုတွေ ရှိကြပါတယ်။

အကြောင်းပြချက်အမျိုးမျိုး၊ ခံယူချက်အမျိုးမျိုး၊ အကျိုးခံစားခွင့်အမျိုးမျိုးတို့ကြောင့် ယှဉ်ပြိုင်နေကြတာပါ။

အမေရိကန်က အီရတ်ကို ရေနံကြောင့်ပြိုင်တယ်။ တရုတ်က ဂျပန်ကို စီးပွားရေးကြောင့်ပြိုင်တယ်။ မြောက်ကိုရီးယားက တောင်ကိုရီးယားကို လူမျိုးရေးကြောင့်ပြိုင်တယ်။

စသည်ဖြင့်ပေါ့ဗျာ။ ယှဉ်ပြိုင်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ အကြောင်းပြချက်တစ်ခုခုတော့ ရှိကြတာချည်းပါပဲ။

ဒါတင်ပဲလား။ မဟုတ်သေးပါဘူး။ အားကစားလောက၊





ပညာရေးလောက၊ လူမှုရေးလောက၊ စီးပွားရေးလောက၊ အနုပညာလောက စသည့်စသည့် နယ်ပယ်တွေမှာလဲ ဒီလိုယှဉ်ပြိုင်မှုတွေ ရှိနေတတ်ကြတာပါပဲ။

ဒီလောက်ပဲလား။ ဘယ်ဟုတ်လိမ့်မတုန်း။

လူတွေ အရွှံမုန်းဆုံး ဒုစရိုက်လောကမှာပါ ဒီလိုယှဉ်ပြိုင်မှုတွေ ရှိနေတတ်တာပါပဲ။

ကျွန်တော်ဆိုခဲ့သလိုပါပဲ။

ယှဉ်ပြိုင်မှုရှိရင် အကြောင်းပြချက်လဲ ရှိမှာပါ။

နောက်ပြိုင်ဆိုင်မှုလဲ ရှိပါသေးတယ်။

အချစ်အတွက် ပြိုင်ဆိုင်မှုဟာ ကမ္ဘာမှာ အများဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ဘယ်သူမဆို မချစ်ဖူးတဲ့သူ မရှိပါဘူး။ ဒါကြောင့် အချစ်အတွက်နဲ့ အနည်းငယ်တော့ ပြိုင်ဆိုင်ဖူးကြမှာပါ။

အချစ်အတွက် ပြိုင်ဆိုင်တဲ့အခါ အဖြေက နှစ်မျိုးထွက်ပါတယ်။

ရယူမှုနဲ့ ပေးဆပ်မှုလို့ ဆိုကြပါလိမ့်မယ်။ မဟုတ်ပါဘူး။

ရယူမှုနဲ့ ကြွားဝါခြင်းပါပဲ။

ရရင်ရ။ မရရင် ကြွားပြီးသားပဲဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ယှဉ်ပြိုင်ကြတာပါပဲ။ (သူများတော့ မသိပါဘူး။ ကျွန်တော်ကတော့ ဒီအတိုင်းပါပဲ)

မိန်းကလေးတွေဟာ ယောကျ်ားတွေထက် ပိုပြီးပြိုင်ဆိုင်တတ်ကြပါတယ်။

အချစ်အတွက်မဟုတ်ရင်တောင် အချင်းချင်းလဲ အကြောင်းမရှိအကြောင်းရှာ ပြိုင်နေတော့တာပါပဲ။

တစ်နေ့တာအသုံးစရိတ်။ အဝတ်အစား။ စီးထားတဲ့ဖိနပ်က



www.burmeseclassic.com

www.burmeseclassic.com



အစ မသိမသာ ပြိုင်ဆိုင်နေတတ်ကြပါတယ်။

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံနဲ့ ကြွားဝါမှုတွေပြင်းပြီး အတင်းဆိုတာတွေလဲ ထွက်ပေါ်လာကြပါတယ်။

အခုလဲ မိန်းကလေးတွေရဲ့ ပြိုင်ဆိုင်မှုကို ကျွန်တော်တွေ့နေရပါပြီ။

အဲဒါကတော့

"သမီးချော"ဆိုတဲ့ အမျိုးသမီး သီးသန့်ဆောင်ကို အသုံးအဖြုန်း ကြီးလွန်းလို့ မိဘကိုယ်တိုင် ဘော်ဒါဆောင်ကို နှင်ချခြင်းခံရတဲ့ အမျိုးသမီးငယ်လေး,လေးယောက် ရောက်လာလို့ပါပဲ။

သူတို့က

ကဗျာ၊ ကာရံ၊ သံစဉ်နဲ့ ကလောင်တို့ပဲ ဖြစ်ပါတယ်။

သူတို့လေးယောက်က လုပ်ငန်းတူ သူဌေးကြီးလေးဦးရဲ့ သမီးများဖြစ်ကြသလို ငယ်စဉ်ကတည်းက သိကျွမ်းပြိုင်ဆိုင်ခဲ့ကြသူတွေပါ။ ယခုတော့ မိဘများကိုယ်တိုင်က သူတို့အသုံးအဖြုန်းကြီးတာတွေကို မခံနိုင်တော့လို့ ထောက်ပံ့ကြေး တစ်လလျှင် တစ်သိန်းနှုန်းဖြင့် အဆောင်နေရန် ဒဏ်ခတ်လိုက်ခြင်း ဖြစ်ပါတယ်။

ဒီမိန်းကလေး လေးယောက်ကလဲ





တစ်ယောက်ကိုတစ်ယောက် မတွေ့ရလဲ မနေနိုင်၊ တွေ့ရင်လဲ ပြိုင်ဆိုင်မြဲမို့ တစ်ဆောင်တည်းကို ငှားရမ်းပြီး အပြိုင်အဆိုင် ဇာတ်လမ်းစဖို့ ပြင်ဆင်လိုက်ကြပါတယ်။

ဖြစ်ပုံက ဒီလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ဝေလီဝေလင်းမှာပင် သမီးချောအဆောင်ရှေ့ ကားအကောင်းစားကြီးနှစ်စီး ထိုးဆိုက်လာသည်။

ကားပေါ်မှ ထင်မှတ်ထားသည်ထက်များသော အထုပ်အပိုးနှင့် မိန်းမလှလေးနှစ်ယောက် ဆင်းလာသည်။

သူတို့ကိုမြင်တော့ ပျူငှာလှသော အဆောင်မှူးက ထွက်လာသည်။

"ဘာကိစ္စလဲ သမီးတို့"

မိန်းမလှလေးနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် စွေစောင်းကြည့်ပြီး

"အဆောင်ငှားမလို့ပါ၊ အခန်းများရှိသေးလားလို့"





သူတို့စကားကို လူလိုနေသော အဆောင်မှူးက ရွှင်လန်းသွားပြီး

"ရှိတယ်၊ ရှိတယ် သမီး၊ အခန်းတွေက ရှိသေးတယ်"

"ဒါဆို သမီးကို နှစ်ယောက်ခန်းပေး"

အဆောင်မှူးမျက်ခုံးမြင့်တက်သွားသည်။ နောက် လက်နှစ်ချောင်းထောင်ပြီး

"နှစ်ယောက်ခန်း၊ ဘာလဲ သမီးတို့နှစ်ယောက်နေဖို့လား"

ကောင်မလေးက မဲ့ရွဲ့သွားပြီး

"ဟင့်အင်း ကာရံတစ်ယောက်တည်းနေဖို့"

"ဟင်"

သူ့စကားကြားတော့ အဆောင်မှူး အံ့အားသင့်သွားပြီး နံဘေးနားက ကောင်မလေးက မျက်နှာရှုံ့မဲ့သွားသည်။ နောက် သူမမှပင် ရှေ့ထွက်လာပြီး

"ဒါဆို ကဗျာကို လေးယောက်ခန်းတစ်ခန်း စီစဉ်ပေးပါ"

အဆောင်မှူး ပို၍အံ့အားသင့်သွားသည်။

"လေးယောက်ခန်း၊ ဘယ် ဘယ်နှယောက်နေမှာမို့လဲ"

"တစ်ယောက်တည်းနေမှာလေ၊ ရေချိုးခန်းအိမ်သာ ပါပလေ့စေ"

"ဟင်"

အဆောင်မှူး လူထူးလူဆန်းနှစ်ယောက် လာတွေ့နေခြင်းပင်။

မှန်ပေသည်။ အဆောင်ဆိုသည်မှာ ငွေကြေးအသင့်အတင့်ရှိသူ၊ ငွေကြေးသိပ်မသုံးစွဲလိုသူများကသာ လာရောက်နေထိုင်ခြင်းဖြစ်ပြီး၊ ငွေကြေးချမ်းသာသူများက တိုက်ခန်းများ ငှားသည်ဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ နေထိုင်ကြသည်ချည်း မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အဆောင်လာပြီး လေးယောက်ခန်းကို တစ်ယောက်တည်းနေမှာဆိုတော့ အံ့အားသင့်စရာကြီး ဖြစ်နေသည်။

"အဲ အဲလိုတော့ မရဘူးလေ သမီးတို့ရဲ့၊ ဒါက လုံးချင်းအိမ်လဲ မဟုတ်ဘူး၊ ငွေကြေးသိပ်မသုံးစွဲလိုသူတွေအတွက် အဆင်ပြေပြေ နေရအောင် ဖွင့်ထားတဲ့ အဆောင်လေ၊ ဒါကြောင့် သမီးတို့လေးခန်းတွဲကြီး ယူလိုက်ရင် နောက်ထပ်လာမယ့် ငွေကြေးသိပ်မတတ်နိုင်တဲ့ ကလေးတွေ အခက်အခဲ ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် လိုချင်ရင်တော့ အဘတ်နိုင်ဆုံး နှစ်ယောက်တွဲအခန်းတစ်ခန်းဆီတော့ ရမယ်၊ ဒါတောင် လူထပ်လာရင် ဖယ်ပေးရမှာ"

"အခန်းထဲမှာ ရေချိုးခန်း အိမ်သာပါလား"

ကဗျာ၏အမေး။ အဆောင်မှူးက ပြုံးရင်း

"အဲဒါတော့ ဘယ်ပါပါ့မလဲ သမီးရယ်၊ အဲ ဒါပေမယ့် အဆောင်ရဲ့အပေါ်ထပ်ရော အောက်ထပ်ပါ ရေချိုးခန်းအိမ်သာ အလုံအလောက်ရှိပါတယ်၊ အများနဲ့ပဲ တွဲသုံးရမယ်၊ အဆင်ပြေမှာပါ"

နှစ်ယောက်သား ရှုံ့မဲ့သွားသည်။ သူတို့မှာ ဤသို့ဘဝမျိုး ကြုံခဲ့ဖူးပုံမပေါ်။





-ှံ့သော် မတတ်သာသည့်အဆုံး

"အေးလေ၊ မရှိတော့တဲ့အဆုံး နှစ်ယောက်တွဲအခန်းတစ်ခန်းပဲ ယူတာပေါ့"

ကာရံစကားဆုံးသည်နှင့် ကဗျာကပါ ကဗျာကသီနှင့်

"သမီးအတွက်ပါတစ်ခန်း၊ သမီးအတွက်ပါတစ်ခန်း၊ သူ့ခေါင်းရင်းဖြစ်ပါစေ"

ကဗျာ စကားဆုံးသည်နှင့် ကာရံက ဖျတ်ခနဲ ပြန်လှည့်သွားပြီး ခါးထောက်ကာ

"အောင်မာ၊ နောက်မှ လေလည်ပြီး အရင်နံ့ချင်သေးတယ်၊ မရဘူး၊ ကျွန်မကို သူ့ခေါင်းရင်းခန်းပေး၊ ဒါပဲ"

"ဟေ့ လေမှာ အရှေ့ထွက်တာ အနောက်ထွက်တာ ပဓာနမဟုတ်ဘူး၊ ပိုပုပ်တဲ့သူ ပိုနံမှာပဲ၊ မသိဘူး၊ ကျွန်မခေါင်းရင်းပဲ"

"ဘာခေါင်းရင်းလဲ၊ ငါအရင်ပြောတာနော်"

"ငါနောက်ပြောပြီး ခေါင်းရင်းယူတော့ ဘာဖြစ်လဲ"

သူတို့အငြင်းအခုန်စကားကို အဆောင်မှူးမှပင် ဝင်၍

"ကဲ ကဲ တော်ကြပါတော့၊ တော်ကြပါတော့၊ နှစ်ယောက်လုံးခေါင်းရင်းခန်းပဲ ရမှာပါ"

"ဘယ်လို"

အဆောင်မှူးစကားကြောင့် နှစ်ယောက်သား ကြောင်သွားသည်။ အဆောင်မှူးကပြုံးပြီး

"မျက်နှာချင်းဆိုင် အခန်းလေ"

"ဟင်"

နှစ်ယောက်လုံး တစ်ယောက်မှ အသာမရ၍ ငြိမ်သွားကြသည်။ အဆောင်မှူးကသာ

"ကဲ လာ၊ နှစ်ယောက်လုံးကို အခန်းလိုက်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကိုယ်စီအထုပ်တွေဆွဲ၍ အဆောင်ထဲ ဝင်ကြသည်။ အထုပ်တွေက မနိုင်မနင်းမို့ အဆောင်မှူးပင် ဝိုင်းဆွဲပေးရသေး၏။

နေရမည့်အခန်းရောက်တော့

"ကဲ ဒီအခန်းတွေပဲ၊ အခန်းရှင်းထားပြီးသား ပစ္စည်းတွေနေရာချပါဦး၊ အန်တီသွားမယ်"

ဆိုကာ ကိုယ်စီအခန်းများ နေရာချပေးပြီး အဆောင်မှူး ပြန်တွက်သွားသည်။ သူသွားပြီး သိပ်မကြာ။ ကြားရသောအသံက

"ဟင်း အခန်းကလဲ ကျဉ်းလိုက်တာ"

ကာရံ၏ညည်းသံ။ ကဗျာက ထရယ်ပြီး

"ဟားဟားဟား၊ ငါ့အခန်းက အကျယ်ကြီးဟ၊ အကျယ်ကြီး၊ ဟီးဟီး တစ်သက်လိုမ့်လို့တောင် တစ်ဖက်မရောက်နိုင်ဘူး"

ဒါကိုသိသော ကာရံက

"ဟဲ့ ကောင်မ၊ ဘာမှပိုမပြောနဲ့၊ အခန်းတွေအားလုံး အတူတူပဲ၊ တစ်တိုင်းတည်းပဲ"

သူ့စကားကို ကာရံကလဲ အားကျမခံ။

"တစ်တိုင်းတည်းဆိုပေမယ့် ငါ့အခန်းက လက်သမားဆရာ အချိန်အဆမှားပြီး ပေပိုသွားတာ၊ ဟဲဟဲ ငါ ပိုကျယ် အဲ"

သူ့စကားက မဆုံးလိုက်။ တစ်ပိုင်းတစ်စတွင် ရပ်သွားသည်။ နောက် အလန့်တကြားဖြင့်

"ဟယ် ကြမ်းပိုးတွေ၊ ခုတင်ပေါ်မှာ ကြမ်းပိုးတွေ၊ တစ် နှစ် သုံး လေး၊ လေးကောင်တောင်"

"ဟားဟားဟား"

သူ့စကားဆုံးသည်နှင့် တစ်ဖက်မှ ကဗျာ အားရပါးရရယ်သံ ကြားရ၏။ ပြီးနောက် ထွက်ပေါ်လာသည့်အသံက





"ဟားဟား ဒီတစ်ခါ ကဗျာတို့ အပြတ်အသတ် သာသွားပြီ၊ ဟဲ့ ငါ့အခန်းမှာ ကြမ်းပိုးခြောက်ကောင်တောင်ဟဲ့၊ ခြောက်ကောင်တောင်၊ ဟားဟား၊ နှစ်ကောင် အပြတ်အသတ်သာသွားပြီ၊ အပြတ်အသတ် သာသွားပြီ၊ ဟားဟား"

ထိုစကားကို ကာရံက ရှုံ့မဲ့ပြီး

"ဟွန်း ကိုယ့်သွေးစုပ်မယ့်ကောင်နှစ်ကောင် ပိုတာများ ဝမ်းသာနေသေး"

ကဗျာက ထရယ်ပြန်သည်။ ပြီးနောက် အားရဝမ်းသာအသံဖြင့်

"ဟင် ဒါဆို နင့်ထက် ငါ နှစ်ကောင်စာ သွေးပိုလှူနိုင်ပြီပေါ့၊ ကုသိုလ်တွေ ငါပိုရပြီပေါ့၊ ဟားဟား ဒီတစ်ခါ ကဗျာတို့အပြတ်အသတ် ထက်ကို အပြတ်အသတ်အနိုင်ပိုရပြီပေါ့၊ ဟားဟားဟား ဟားဟားဟား"

ဤသို့ပင်

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## မိုး–စ၁၆ပ

ကဗျာနှင့်ကာရံ အဆောင်ရောက်ပြီး သိပ်မကြာခင် ကားအကောင်းစားနှစ်စီး သမီးချောအဆောင်ရှေ့ ရှေ့ဆင့်နောက်ဆင့် ဝုန်းခနဲ ထိုးဆိုက်လာပြန်သည်။ ကားပေါ်မှ မိန်းမလှလေးနှစ်ယောက် ခုန်ချလာပြန်ပြီ။

"အဆောင်ငှားမယ်၊ အဆောင်ငှားမယ်၊ ပြီးရင် ထမင်းစားမယ်၊ ထမင်းစားမယ်"

"အဆောင်ငှားမယ်ဗျို့"

ထိုသို့အသံကျယ်ကျယ်ကြားတော့ အဆောင်မှူး ပြေးထွက်လာပြန်သည်။

"ဘာ ဘာကိစ္စများ ရှိလို့ပါလဲရှင်"





အဆောင်မှူးစကားကို လွန်စွာခေတ်ရှေ့ပြေးပြီး ယောကျ်ားဆန်ဆန်ဝတ်ထားသော တစ်ယောက်က

"အဆောင်ငှားမယ်၊ အဆောင်ငှားမယ်၊ ဟိုမိန်းမတွေ လေးယောက်ခန်းငှားတယ်ပြောတယ်၊ မေသံစဉ်တို့ ခြောက်ယောက်ခန်းငှားမယ်၊ ခြောက်ယောက်ခန်း၊ ပြီးရင် ထမင်းစားမယ်၊ ထမင်းစားမယ်"

"သူ့ ခြောက်ယောက်ခန်းဆို ကလောင်က ရှစ်ယောက်ခန်း၊ ရေချိုးခန်း အိမ်သာ နှစ်တွဲပါပလေ့စေ"

အဆောင်မှူးက သူတို့နှစ်ဦးကို အံ့ဩတကြီးကြည့်သည်။ ပြီးမှ

"အဆောင်က အဲသည်လိုမျိုး၊ ခြောက်ယောက်ခန်းတွေ၊ ရှစ်ယောက်ခန်းတွေ ငှားလို့မရဘူး၊ အလွန်ဆုံး နှစ်ယောက်ခန်းပဲ ငှားလို့ရတာ၊ နောက်ပြီး ရေချိုးခန်းအိမ်သာကလဲ အများနဲ့ပဲ တွဲသုံးရမှာ"

"ဟင့်အင်း နှစ်ယောက်ခန်းတော့ မလုပ်နဲ့၊ သုံးယောက်ခန်းတော့လုပ်၊ ပြီးရင် ထမင်းစားမယ်၊ ထမင်းစားမယ်"

"သူ့ သုံးယောက်ဆို ကလောင်တို့ လေးယောက်ခန်း၊ ရေချိုးခန်း အိမ်သာ သီးသန့်ဆောက်ပေး၊ ကုန်ကျစရိတ်ပေးမယ်"

အဆောင်မှူး စိတ်ညစ်သွားသည်။ ထို့ကြောင့်

"ကဲ နောက်ဆုံးအနေနဲ့ ပြောမယ်၊ အဆောင်မှာ အခန်းက နှစ်ယောက်တွဲအခန်းနှစ်ခန်းပဲ ကျန်တော့တယ်၊ အဲဒါကို ယူချင်ယူ၊ မယူရင် တိုက်ခန်းတွေမှာ သွားငှားနေ"

အဆောင်မှူးရဲ့ ပြတ်သားသောစကားကြားတော့ နှစ်ယောက်သား ကြောင်ပြီးရပ်သွားသည်။ နောက် သံစဉ်က သက်ပြင်းချပြီး

"မရတော့လဲ ရတာယူရမှာပေါ့၊ ဒါဆို နှစ်ယောက်ခန်းပေး ပြီးရင် ထမင်းစားမယ်၊ ထမင်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှူးက ခေါင်းကုတ်ရင်း

“ဟိုလေ၊ ဒီအချိန်က မနက်အစောကြီးရှိသေးတော့ ထမင်းက မကျက်သေးဘူး”

ဒါကို မေသံစဉ်က အဆောင်မှူးလက်ကို အတင်းဆွဲရင်း

“ဒါဆို ဟင်းစားမယ်၊ ဟင်းစားမယ်၊ ဘာဟင်းရှိလဲ၊ ကြက်အသည်းအမြစ်စားမယ်၊ ပုစွန်စားမယ်၊ ငါးဖယ်သုပ်စားမယ်၊ ဟင်းစားမယ်၊ ဟင်းစားမယ်”

သူ့စကားကို အဆောင်မှူးက

“ဟင်းလဲ မချက်ရသေးဘူး၊ အဲ ဈေးတောင် မဝယ်ရသေးဘူး”

သံစဉ် မျက်မှောင်ကြုတ်သွား၏။ အတန်ကြာ ငြိမ်သက်သွား၏။ နောက်မှ သူ့အထုပ်များ သူဆွဲပြီး

“ဒါဆို အိပ်မယ်၊ အိပ်မယ်၊ အခန်းလိုက်ပြ၊ အိပ်မယ်”

ဆိုကာ အဆောင်ထဲ စွတ်ဝင်သွား၏။ သူ့နောက်ကမှ အထုပ်အပိုးများ ဆွဲ၍ ကလောင်လိုက်သည်။

အဆောင်မှူးက သူတို့ထက်ဦးအောင် ပြေးတက်ပြီး

“သမီးတို့ ဒီအခန်းတွေပဲ၊ တစ်ယောက်တစ်ခန်းစီနေကြ”

အဆောင်မှူးစကားကို အနည်းငယ်သွက်သော သံစဉ်က

“ဒီအခန်းနေမယ်၊ အိပ်မယ်၊ နေဖင်ထိုးရင်နိုးမယ်၊ ထမင်းစားမယ်၊ ထမင်းစားမယ်”

ကလောင်က အခန်းကိုကြည့်ပြီး

“အဟင့် အခန်းက ကျဉ်းကျဉ်းလေး အဲယားကွန်းလဲ မပါဘူး”

သူတို့စကားသံကြားတော့ ကြမ်းပိုးများကို သွေးလှူနေသော မိန်းကလေးနှစ်ယောက် ခေါင်းထောင်၍





“ဟင် ဒီအသံ ဒီအသံ ကြားဖူးတယ်၊ ကြားဖူးတယ်”

“ဟုတ်တယ်၊ ကြားဖူးတယ်”

ဆိုကာ ထွက်ကြည့်တော့

“ဟင်”

လေးယောက်သား မျက်နှာချင်းဆိုင်ဆုံပြီး အံ့အားသင့်သွားကြသည်။ နောက်

“တောက်”

မိန်းမလေးယောက်လုံးဆီမှ တူညီစွာ တောက်ခတ်သံကြားတော့ အဆောင်မှူးပင် တွန့်ဝင်သွား၏။

ကဗျာ၊ ကာရံ၊ သံစဉ်၊ ကလောင်

မျက်နှာချင်းဆိုင် ဆုံမိကြပြီ။ တစ်ယောက်ကိုတစ်ယောက် စားမတတ် ဝါးမတတ် စိုက်ကြည့်နေကြသည်။ အတန်ကြာမှ ကိုယ်စီအခန်းထဲဝင်ကာ တံခါးကို ဂျိမ်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်ကြသည်။

အဆောင်မှူးကတော့ ခေတ်ကာလသားသမီးများကို နားမလည်နိုင်စွာ ကြောင်ကြည့်ရင်း ကျန်ခဲ့ရလေသည်။

ဤသို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေနှင်းရယ်မှ တဖြန်းဖြန်း။
တစ်သုန်းတလန်းလန်း၊ လေညှင်းတသန်းသန်း
လွမ်းလွမ်းသာဝိုင်၊ ပြေလဲပြေပါနိုင်
ခွေယိုင်၊ မွေယိုင်၊ ခွေလဲခွေကာယိုင်
ခွေလဲခွေကာယိုင် . .





ယနေ့နံနက်စောစီးစွာ ကာရံနိုးလာသည်။ ခါတိုင်းဆိုလျှင် နေမြင့်မှ အိပ်ရာထလေ့ရှိသော်လည်း ယနေ့မှာတော့ အိပ်ရာက မထ၍မဖြစ်တော့။ အဘယ်ကြောင့်ဆိုသော် သူမအနေနှင့် အပြင်စာတွေ သိပ်မစားဘူးပဲ ယခုမှ အပြင်စာတွေ စားမိ၍ ဝမ်းရစ်နေခြင်း ကြောင့်ဖြစ်သည်။

ထို့ကြောင့် ခြေနှစ်ချောင်းကို လိမ်ကျစ်၍ အိမ်သာဆီသို့ ပြေးရရှာလေသည်။ သူ့ခမျာ အိပ်ရာက ရုတ်တရက်ထဖြစ်တာဆိုတော့ ပြေးတာက ရှိုးရှိုးပင်မပြေးနိုင်။

"အောင်မလေး လုပ် လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ကယ်ပါဦး၊ ထွက်တော့မှာ ထွက် ထွက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



မြည်သံပေး၍ ပြေးနေရလေသည်။ ဤမျှဆိုလျှင် သူမ၏ အခြေအနေ အဆိုးအကောင်းကို ခွဲခြား၍ရပေမည်။

"ဟာ"

အိမ်သာဆီရောက်တော့ သူမ၏မျှော်လင့်ချက်များ လျော့ကျသွားရလေသည်။

သူမထက်ဦးသူတစ်ဦးက အိမ်သာထဲ၌ ရှိနေပြီ။ မတတ်သာသည့်အဆုံး ခုန်ဆွခုန်ဆွနှင့် အိမ်သာတံခါးကို တဒုန်းဒုန်းထုရင်း

"ဒုန်း ဒုန်း"

"ဟဲ့ အိမ်သာထဲမှာ ဘယ်သူလဲ၊ ခဏထွက်ပေးပါလား၊ အရေးကြီးလို့၊ ခဏထွက်ပေးပါနော်"

အထဲမှ တုံ့ပြန်သံမကြား။ ထို့ကြောင့် အိမ်သာတံခါးကို ခပ်ကြမ်းကြမ်းထုပြီး

"ဒုန်း ဒုန်း ဒုန်း"

"ဟဲ့ အထဲက တစ်ယောက်၊ ပြောနေတာ မကြားဘူးလား၊ အိမ်သာထဲမှာ ဘယ်သူလဲ ခဏထွက်ပေးပါ"

"ဒုန်း ဒုန်း ဒုန်း"

အိမ်သာထဲမှ တုံ့ပြန်သံမကြား။ ထို့ကြောင့် ငယ်ထိပ်ဆောင့်ပြီး

"ဒုန်း ဒုန်း ဒုန်း"

"ဟဲ့ ဘယ်သူလဲလို့ မေးနေတယ်လေ၊ မကြားဘူးလား"

အသံခေတ္တ တိတ်သွားသည်။ နောက်မှ ကြားလိုက်ရသော အသံက

"သံစဉ်"

"ဟင်"

ကာရံ ခေါင်းနပန်းကြီးသွားသည်။ သံစဉ်သာမှန်လျှင် သူ





ကို တမင်ညစ်၍ အိမ်သာထဲ ဝင်ထိုင်နေခြင်းသာဖြစ်မည်။

"ဟာ သွား၊ သွားပြီ သွားပြီ"

သို့သော် မတတ်နိုင်။ သူ့ဒုက္ခနှင့်သူမို့ အသံကိုဖျော့ပြီး

"သံ သံစဉ်၊ ခဏ ခဏလေး ထွက်ပေးပါလား၊ ငါ ငါထွက် ထွက်"

"ဟင်း ဟင်း ဟင်း"

အတွင်းမှ လှယုတ်မာရယ်သလိုရယ်သံ။ ပြီးမှ

"မရဘူးလေ၊ ဒါမျိုးတွေသိလို့ ငါ ဒီလို အိမ်သာထဲညအိပ်ပြီး ဦးထားတာ။ ဟင်းဟင်း၊ တခြားနေရာသာသွားပါ၊ ဟင်းဟင်း၊ တို့ကတော့ ခွင့်ပြုတယ်၊ ခွင့်လွှတ်တယ်၊ ဟင်းဟင်း"

ကာရံ နဖူးမှချွေးပြိုက်ပြိုက်ကျလာသည်။ ဟိုက ဒါမျိုးဖြစ်နိုင်ခြေကိုသိ၍ ညကတည်းက အပင်ပန်းခံ၍ အိမ်သာထဲဝင်ထိုင်နေခြင်းဖြစ်သည်။

အကြံက ကြီးပြီ။ သူလဲ ခြေကလိမ်ကွပ်နေရပြီကိုး။

စိတ်လျှော့လိုက်သည်နှင့် ဝိတ်လျှော့နိုင်သည့် အနေအထား။ ထို့ကြောင့်

"ဟဲ့ တခြားနေရာသွားဖို့မပြောနဲ့၊ လိမ်ထားတဲ့ ခြေထောက်တောင် ဖြေမရလို့ပါဟယ်၊ တောင်းပန်ပါတယ်၊ အဟင့် အဟင့်၊ ရှိခိုးဆိုလဲ ရှိခိုးပါ့မယ်၊ ဒါပေမယ့် အခု ကန်တော့ဖို့အတွက်ကို ကုန်းတောင် မကုန်းနိုင်သေးလို့ပါ၊ အဟင့် ကုန်းလိုက်တာနဲ့ ပွင့်သွားမှာမို့ပါနော်၊ အဟင့် အဟင့်"

ကာရံ မျက်ရည်များပင် ဝိုင်းနေသည်။ ခြေနှစ်ဖက်ကိုလဲ အမှန်အကန် လိမ်ကျစ်ထားရသည်။

"တောင်း တောင်းပန်ပါတယ်၊ ဒီဒုက္ခကို နင်လဲသိ အဲ"

ကာရံ စကားပင်မဆက်နိုင်တော့။ ဗိုက်နှိပ်ပြီး ထခုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းထဲမှ ခေတ္တငြိမ်နေပြီးမှ

"ဒီလိုလုပ်လေ၊ ကျပ်ပြားလေး ရှာမြို့လိုက်ပါလား၊ သွားပြီးပိတ်ရအောင်၊ လမ်းကြောင်းမှာ သွားပိတ်ရအောင်"

"မမိ မမိတော့လို့ပါ၊ နောက်မဟုတ်ရင် ရှာမြို့ပါတယ်၊ တကယ်ကို မမိတော့လို့ပါ၊ အား အောင်မလေး"

ကာရုံအော်သံ။ အသံခေတ္တ တိတ်သွားသည်။ ပြီးမှ

"ခဏစောင့်"

"ကျေး ကျေးဇူးတင်ပါတယ်ဟယ်၊ ငါဖြစ်နိုင်ရင် နင့်ကို ထိုင်ကန်တော့ချင်ပါတယ်၊ အခုတော့ ဆောင့်ကြောင့်ထိုင်ဖို့ မပြောနဲ့၊ ခြေထောက်တောင် မဖြည်နိုင်လို့ပါ၊ အဟင့် အဟင့်"

ထိုစကားတစ်ခွန်းကပင် ကျေးဇူးရှင် ဖြစ်သွားစေသည်။ သို့သော် အထဲမှာ ကြားနေရသောအသံက

"ရက်စက်တတ်တဲ့မင်းကို တို့ဘယ်လိုမှ နားမလည်၊ ကြင်နာတတ်သော အညိုရောင်မျက်ဝန်းများ ခါးသက်လေရဲ့၊ နှလုံးသားအိမ်ကို ဓားနဲ့မွှန်းသလိုနှယ်၊ မင်း. . ပြောတဲ့စကားတွေ"

ထူးအိမ်သင်ရဲ့ စိမ်းရက်လေအားသီချင်းကို တိုးတိုးဖွဖွလေး ညည်းနေသည်။





ကာရုံလဲ မနေနိုင်တော့။ ခြေထောက်ကို လိမ်ကျစ် အိမ်သာနံရံကို လက်ဖနောင့်နဲ့ပွတ်ကာ

"စိမ်းရက်လေအား စိမ်းရက်လေအားလှချည်လားနော်၊ သံစဉ်ရယ်၊ တကယ်ကို စိမ်းရက်လေ အား အား အား"

သူ့အသံများက တုန်ယင်နေပေပြီ။ အခြေအနေလဲ သိပ်ကောင်းတော့ပုံမပေါ်။ အထဲက သံစဉ်ကတော့ အေးဆေးစွာပင်။ ရေလေး ပလပ်ပလပ်လုပ်ပြီး

"ဘယ်ဆီကို ရောက်နေပြီလဲ၊ အိုး ဟိုး အိုး ဟိုး စိမ်းရက်လေ

သူက အာခေါင်ခြစ်အော်လေ ကာရုံမခံနိုင်ဖြစ်လေ ဖြစ်နေသည်။ ဟုတ်တယ်လေ။ အားဆိုတာကြီးက အားပေးအားမြှောက်မှုအောင် ညစ်အော်သလိုကြီးကို။ ထို့ကြောင့် အိမ်သာနံရံ လက်ဖနောင့်နဲ့ပွတ်ပြီး

"စိမ်းရက်လေအားလှချည်လားနော်၊ စိမ်းရက်လေအားလှချည်လား၊ အားဟားဟား၊ မပြီးသေးဘူးလား၊ စိမ်းရက်လေအားရဲ့ အီး"

ညစ်ထုတ်လိုက်သလို မျက်ရည်များပင် အတောင့်လိုက်ထွက်လာ၏။ အထဲမှ သံစဉ်က အေးဆေးစွာပင်

"လာမယ်၊ ခဏစောင့်၊ ပြီးရင် လာမယ်၊ စိမ်းရက်လေအားအား"

သူကတော့ ဘာအဓိပ္ပာယ်နှင့် ပြောမှန်းမသိ။ တကယ်လာပါသည်။

"ဟဲ့ ဟဲ့၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ အိမ်သာထဲမှာ ဘယ်သူလဲ"

"ဖယ် ဖယ်ပါ၊ ငါ့အလှည့် ငါ့အလှည့် ငါအရင်"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ကလောင်နှင့်ကဗျာ။ သူတို့လဲ မစားဖူးတာတွေ စားမိခဲ့၍ အရေးကြီးနေပုံ။

"ဟင် ဟင်၊ ဒါတော့ ဘယ်ရမလဲ၊ ဘယ်ရမလဲ"

သူတို့ကိုလဲမြင်ရော ကာရံက သူများဦးသွားမည်စိုး၍ အိမ်သာတံခါးကို ဖက်ထားလိုက်သည်။

"ဟဲ့ ဟိုကောင်မ အိမ်သာကြီးခွပြီး ဘာလုပ်နေတာလဲ"

"ဖယ်စမ်းပါ၊ အိမ်သာထဲက ဘယ်သူလဲ၊ ဖယ်စမ်း အိမ်သာထဲက ဘယ်သူလဲ"

"ဟင့်အင်း ဖယ်ဘူး ဖယ်ဘူး၊ ငါအရင်"

အိမ်သာတံခါးဝတွင် သုံးယောက်သား ရှုပ်ယှက်ခတ်ကုန်၏။ အတွင်းထဲကအသံကတော့

"နှလုံးသားအိမ်ကို ဓားနဲ့မွှန်းနေတဲ့၊ မင်းပြောတဲ့စကားတွေ၊ ကိုယ့်ရင်ထဲမှာ ပဲ့တင်ထပ်နေပြီ၊ အမြဲပဲ"

ထိုအသံကြားတော့ နောက်ရောက်လာသည့်နှစ်ယောက် ကြောင်ပြီး

"ဟင် ဟင်၊ အထဲမှာ"

"သံစဉ်"

"အောင်မလေး အမေရဲ့၊ သေပါပြီ"

"ကယ် ကယ်ကြပါဦး အရပ်ကတို့ရဲ့"

နှစ်ယောက်သား အခြေအနေရိပ်မိပြီး အသံပြဲကြီးနှင့် ထအော်ကြသည်။ အထဲက သံစဉ်ကတော့ အေးဆေးစွာပင်။

"ကဲ လူစုံပြီလား"

အပြင်မှာရှိသူသုံးယောက်က အိမ်သာနံရံ လက်ဖနောင့်နှင့် ပွတ်နေရသည်။ ဘာမှမတတ်နိုင်တော့တာကိုး။ အခြေအနေက အိမ်သာဂျက်ကို အတွင်းကချထားသော သံစဉ်ပြုသမျှ နုရမည့်အနေအထား။





"စုံပါပြီ၊ စုံပါပြီ၊ အဟင့်"

"မြန်မြန်လုပ်ပါဟယ်၊ မရတော့လို့ပါ"

"စိတ်ကူးယဉ်ပြီး ထိပ်ဖူးပြွင်နေပြီဆိုမှ အဟင့်အဟင့်"

သူတို့စကားတွေကြားတော့ သံစဉ်က

"အဲဒါပဲလေ၊ ဝီရိယက အကျိုးပေးတယ်ဆိုတာ အဲဒါပဲ"

မှန်ပေသည်။ ညဦးတည်းက ဒီအကွက်ကိုသိလို့ အိမ်သာထဲဝင်ထိုင်နေသော ဝီရိယက တကယ်အကျိုးပေးပြီ။

"နင်တို့ ငါ့ကို စိမ်းတယ်လို့ မထင်ဘူးလား"

သူ့အမေးကို သုံးယောက်လုံးက

"ထင်တာပေါ့ ကောင်မရဲ့၊ နင်အထဲကနေ ဂျက်ထိုးပြီး စိမ်းကားနေတာ"

"ဖွင့်ပေးပါဆို၊ သူပဲ စိမ်းပြီးတော့"

"တစ် နှစ် သုံး ဆိုတာနဲ့ ဝိတ်လျှော့လိုက်တော့မှာနော်"

အားလုံးစကားကို သံစဉ်က

"ကဲ ဒါဖြင့် ငါ့ကို ဂုဏ်ပြုသောအားဖြင့် အမြင့်သံလေးနဲ့ စိမ်းရက်လေအားကို သုံးခါအော်၊ ပြီးရင် အိမ်သာထဲဝင်ဖို့ လေလံဆွဲမယ်"

"ဟင် ဘယ်လို ဘယ်လို"

အားလုံး အံ့အားသင့်သွားကြသည်။ သံစဉ်က

"အိမ်သာထဲ ဘယ်သူဝင်ရမယ်ဆိုတာ ဈေးပြိုင်စနစ်နဲ့ လေလံဆွဲမယ်၊ အခုတော့ ကဲ တစ် နှစ် သုံး စဆို"

ဟုဆိုလိုက်သည်နှင့် ရောဂါသည်သုံးဦးမှာ

"စိမ်းရက်လေအား၊ စိမ်းရက်လေအား၊ စိမ်းရက်လေအား"

ဟု သုံးကြိမ်ရွတ်ဆိုပြီး သကာလမှ

"ကဲ အိမ်သာထဲဝင်ရန် လေလံဈေး စဖွင့်မယ်၊ ကြမ်းခင်း



www.burmeseclassic.com

www.burmeseclassic.com



ဈေး တစ်ထောင်”

“ငါ ထောင့်ငါးရာ”

“ငါ နှစ်ထောင်”

“ငါက သုံးထောင်”

စသည်ဖြင့် အပြိုင်လေလံဆွဲပြီး ငွေခြောက်ထောင်အရောက်ကျမှ သံစဉ်က

“အားလုံးကတော့ လေလံဆွဲနိုင်ပြီ၊ ဒါပေမယ့် ဦးရာလူစနစ်အဖြစ် ကာရံ”

ဟုဆိုကာ တံခါးကို ချောက်ခနဲ ဖွင့်လိုက်သည်နှင့် အိမ်သာတံခါးဖက်ထားသော ကာရံက

“ငါ့အလှည့်၊ ငါ့အလှည့်”ဆိုကာ တရကြမ်း ပြေးဝင်သွားသည်။ အသံပေါင်းမြောက်မြားစွာ မြည်ပြီးသကာလ အတန်ငယ်ကြာမှ

“ရင်မှာခံစား သူမမြင်နိုင်တယ် အသည်းထဲက အတွင်းကြေ၊ အတွင်းကြေ”

ထိုအသံကြီးကြားမှ အပြင်မှ အတွင်းကြေသူနှစ်ယောက်ကတော့ အိမ်သာနံရံ လက်ဖနောင့်နှင့် ပွတ်နေကြကာ

“အေးပါ ကောင်မရယ်၊ အတွင်းကြေနေပါပြီ”

“အင်းပါ၊ အတွင်းလေတောင် မထုတ်ရဲတဲ့ဘဝ အဟင့်”

ခြေကလိမ်ကွပ်၍ နံရံလက်ဖနောင့်နှင့် ပွတ်နေကြတုန်း။ သူတို့အလှည့်က ဘယ်ဆီမှန်း မသိသေး။





သံစဉ် အလှုပြင်၍ အပြင်ထွက်ရန်ပြင်သည်။ သူ့တွင်ပါလာသော နောက်ဆုံးပေါ် အဝတ်အစားများကို ဖွလိုက်သည်။ ထိုတော့မှ သူမ,သိရသည်က သူလဲ ဟိုမိန်းကလေးများကို မီချင်၍ အဝတ်အစားများကို လက်လှမ်းမီရာ ကမန်းကတန်းထည့်၍ ယူလာမိတာ။ အသစ်ထွက် brand ထဲက တစ်ထည်မှ ပါမလာပေ။ ထိုဝတ်စုံများဝတ်၍ ထွက်သည်ကို ဟိုကောင်မများမြင်ပါက ဟားကြပေလိမ့်မည်။ မတတ်နိုင်တော့။ ထိုထဲကမှ အကောင်းဆုံးဖြစ်သော အဝတ်အစားကိုဝတ်၍ အသာအယာ ခြေဖော့ထွက်လိုက်သည်။

“ကျွီ”

“ဟားဟားဟား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ဒီဝတ်စုံနဲ့ ဟင်းဟင်း"

ထိုမိန်းမများမှာ အိမ်သာကို အလှည့်စောင့်ရင်း အိမ်သာတံခါးဝ ဖက်ထားရတာတောင် သူ့ကို လှမ်းရယ်ကြသည်။

"ဟားဟား ပြီးခဲ့တဲ့ နှစ်လလောက်ကပေါ်တဲ့ အင်္ကျီကြီးနဲ့ ဟီးဟီး၊ အတွင်းကြေ ဟေးဟေး"

"ဒါမျိုးနဲ့ အိမ်မှာ လက်နှီးလုပ်၊ ဟီးဟီး"

သံစဉ်မှာ ထွက်သွားရမှာလား ပြန်ဝင်ရမလား မသိ။ ထိုအသံများကြားတော့ အိမ်သာတံခါး ချောက်ခနဲပွင့်လာပြီး

"ဘယ်မှာလဲ ဘယ်မှာလဲ ဟင် ဒါကြီး ဟားဟားဟား ဒိတ်လွှန်တွေဝတ်၊ ဒိတ်လွှန်တွေ အဟွတ် အဟွတ်"

အိမ်သာထဲက စိတ်အေးလက်အေး ထွက်လာသောကာရံက ထွက်ရယ်သည်။ ခုနကတော့ သူ့မျက်နှာမှာ ဤသို့မဟုတ်။ ယခုတော့ သူ့မမျက်နှာက ကြည်စင်ဝင်းပ၍ သူများကို အချိန်မရွေး သရော်နိုင်သည့်ရုပ်။

သံစဉ် ရှက်ကိုးရှက်ကန်းနှင့် အခန်းထဲ ပြန်ဝင်လိုက်မိသည်။

"ဟားဟား ခေတ်နောက်ကျန်အဝတ်တွေ ဝတ်ထားတာ၊ သူ့ဌေးသမီးလား ဟားဟား"

လှောင်ရယ်သံများ ကြားနေရတုန်း။ နောက် သူ့အခန်းရှေ့ ခြေလှမ်းကြမ်းကြမ်းနှင့် လှမ်းလာပြီး

"ဟားဟား တို့ကတော့ ဒီတစ်ပတ်ထွက်တဲ့ အဝတ်အစားမျိုးပဲ တို့ဝတ်တယ်၊ ဝတ်တာတောင် အမေရိကန်ဒီဇိုင်နာ မိုက်ကယ်ကော့(စ်)ရဲ့ အသစ်ချုပ်ထားတဲ့ brand(ဘရမ်း)မှဝတ်တာနော် ဟဲဟဲ"

အခန်းရှေ့လာပြီး ရိသဲ့သဲ့လုပ်နေသည်။ သံစဉ် သည်းမခံနိုင်တော့။ ထို့ကြောင့် ခေါင်းထွက်ပြီး





"ခုနက အိမ်သာလေလံခ ခြောက်ထောင်ပေး"

ဆိုကာ ညစ်လုံးလုံးသည်။ ကာရံက ခပ်တည်တည်ပင်

"ရမယ်၊ ရမယ်၊ ဟဲဟဲ ခြောက်ထောင်ဆိုတာ ဘောထုတ်ထဲက အင်္ကျီတစ်ထည်တောင် ဝယ်မရပါဘူး၊ ဟဲဟဲ"

ဆိုကာ အခန်းထဲဝင်ကာ ငွေခြောက်ထောင်ယူလိုက်သည်။ ပြီးနောက်

"ဒီမှာဟေ့ ငွေခြောက်ထောင်လိုချင် လာထွက်ယူလိုက်"

ဆိုကာ သံစဉ်အခန်းရှေ့မှ ထွက်အော်သည်။ သံစဉ်က သူ့အင်္ကျီဒိတ်အောက်နေသည်မို့ အပြင်မထွက်ရဲ။ ထို့ကြောင့် တံခါးကို အသာအယာဖွင့်၍ လက်ကလေးတစ်ဖက်သာ ထွက်လာ၏။

"ပေး"

သူ့စကားကို အပြင်က ကာရံက ငွေခြောက်ထောင်ကို ယပ်တောင်လိုယပ်ပြီး

"ဟဲဟဲ ဒီလိုတော့ ဘယ်ရမလဲ၊ လာပါ၊ လူပါလာထွက်ပြီး ယူပါ"

"ဟင် လက်ထဲထည့်ပေးလိုက်လို့ မရဘူးလား"

"မရဘူး၊ ဒီလက်က ဘယ်သူ့လက်မှန်းမသိဘဲ အရမ်းတော့ ထည့်မပေးနိုင်ဘူး၊ လူကိုယ်တိုင်တွေ့မှ"

သံစဉ် ဘာမှမတတ်နိုင်တော့။ တစ်လလျှင် မုန့်ဖိုးတစ်သိန်းနှင့်သာ ခြစ်ကုပ်သုံးရမည်မို့ ယခုရထားသော ငွေခြောက်ထောင်ကိုလဲ လိုချင်မိသည်။ ထို့ကြောင့် တံခါးကိုဟ၍ အပြင်ထွက်လာတော့

"ဟားဟားဟား ဟားဟားဟား"

ကာရံက သူ့ကိုကြည့်၍ အူနှိပ်ရယ်သည်။

"ဟားဟား ဘိုးတော်ဘုရားလက်ထက်က ဝတ်စုံကြီးနဲ့ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကာရံက ဆောင့်ကြောင့်ပင်ထိုင်၍ရယ်သည်။ သံစဉ်က ရှက်ကိုးရှက်ကန်း။ ကာရံကသာ

"တန်တယ်၊ တန်တယ်၊ ငွေခြောက်ထောင်တန်တယ်၊ ရော့ယူသွား"

ဆိုကာ ငွေခြောက်ထောင်ကို ကမ်းပေးသည်။ သံစဉ်ကတော့

"နေနှင့်ဦးပေါ့ကွာ"

ဟူသောအကြည့်နှင့်ကြည့်ကာ အခန်းထဲဝင်၍ တံခါးကို ဂျိမ်းခနဲပိတ်လိုက်သည်။ သိပ်မကြာပါ။





နောက်ဆုံးပေါ်ဆိုတာထက် နောက်ဆုံးပေါ်သော အဝတ်အစားများကိုဝတ်၍ ကာရံထွက်လာသည်။

သံစဉ်၏အခန်းရှေ့ ခြေသံကြွမ်းကြွမ်းနှင့် ဖြတ်လျှောက်ရင်း

"ဟင်းဟင်း အဝတ်အစားကို ဘယ်လိုအဝတ်အစားတွေဝတ်ရတယ်ဆိုတာ ထွက်ကြည့်လိုက်ပါဦး၊ ဟင်းဟင်း ဥပမာလေးဘာလေးပေးရအောင်ပါ ဟင်းဟင်း"

ကာရံကျော်သွားမှ သံစဉ်က ထွက်ချောင်းသည်။

မှန်ပေသည်။ တကယ့်နောက်ဆုံးပေါ်သော အဝတ်အစားများနှင့် ကျော့ကော့ကာ ထွက်သွားသော ကာရံကိုကြည့်၍ သံစဉ်ငြိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင်လဲ

"တောက် နေနှင့်ဦးပေါ့။ ခုနက အိမ်သာဦးသလို အခွင့်သာလို့ကတော့ အရှက်ကို ခွဲပစ်ဦးမယ်"

ဟူ၍ တေးထားလိုက်လေသည်။





ကာရံတစ်ယောက်တည်း လက်ဖက်ရည်ဆိုင်တွင် အူလည်လည်နှင့် ထိုင်နေလေသည်။

သူ၏စိတ်ထဲတွင်လဲ

ခါတိုင်း တစ်ရက်နှစ်ရက်စာကို တစ်လသုံးရမည်ဆိုတော့ ဘယ်လိုစေ့စပ်အောင် သုံးရမှန်းမသိ။

ငွေကိုလဲ ထိုသို့ စည်းစနစ်နှင့် မသုံးဖူးတော့ အခက်တွေ့နေသည်။

"အစ်မလေး ဘာမှာမှာလဲ ခင်ဗျာ"

နံဘေးနားကမေးသော ညစ်ထေးထေးစားပွဲထိုးလေးကိုကြည့်ပြီး ကာရံပို၍ စိတ်ညစ်သွားသည်။ အိမ်မှာနေစဉ်ကတော့ နံနက်စာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် အိမ်ကလူများအား တစ်ခုခုလုပ်ခိုင်းပြီး စားလျှင်စား။ ဒါမှ မဟုတ် အကောင်းဆုံးဆိုင်တစ်ဆိုင်ဆိုင်မှ လိုအပ်တာ မှာယူစားသောက်နေကျမို့ ယခုတော့ အခက်တွေ့နေရသည်။

သို့သော် မတတ်နိုင်။ ကိုယ့်ရှိသမျှငွေနှင့် လောက်ငအောင်တော့ သုံးရပေတော့မည်။ ထို့ကြောင့်

"ဘာတွေရလဲဟင်"

"လက်ဖက်ရည်၊ ကော်ဖီ၊ အီကြာကွေး၊ ဆမူဆာ၊ ထမင်းကြော်၊ မုန့်ဟင်းခါး၊ နန်းကြီးသုပ်"

စားပွဲထိုးလေးက သူတို့ဆိုင်မှာ ရသမျှကို ကဗျာတစ်ပုဒ်စာမျှ ဂုဏ်ယူဝံ့ကြွားစွာ ရွတ်ပြသည်။

ကာရံက ခေါင်းနောက်လောက်အောင် နားထောင်ပြီးမှ

"လက်ဖက်ရည်တစ်ခွက်၊ နောက် အီကြာကွေးဆိုလား"

သူ့စကားကို စားပွဲထိုးလေးက နှုတ်ခမ်းကိုမဲ့ပြီး

"ဒါလေးများ ဟော့ လက်ဖက်ရည်တစ်ခွက်၊ အီကြာကွေးချမယ်ဟော့"

ဆိုကာ ထွက်သွား၏။

သိပ်မကြာပါ။ အငွေ့ထောင်းထောင်းထနေသော လက်ဖက်ရည်တစ်ခွက်နှင့် အီကြာကွေးတစ်ပွဲ လာချသည်။

ကာရံက လာချပေးသည်များကိုကြည့်ပြီး

"ဒါက ဘယ်လောက်လဲ"

လက်ဖက်ရည်ခွက်ကို လက်ညှိုးထိုးပြသည်။ သူလဲ လမ်းဘေးဆိုင်မထိုင်ဖူး၍ ဈေးမှ မသိတာကိုး။ တော်ကြာ ရန်ကုန်မြို့က တချို့ဆိုင်တွေလို ဘာမဟုတ်တာနှင့် သောင်းချီကျနေမှဖြင့်ကို။

"နှစ်ရာ့ငါးဆယ်"

"ဒါကရော"





အီကြာကွေးကို လက်ညှိုးထိုးပြရင်း မေးပြန်သည်။

"နှစ်ရာအစ်မ၊ ဘာလဲ ဈေးများလို့လား"

စားပွဲထိုးလေးက ရွဲ့တဲ့တဲ့မေးသည်။ ကာရံက သက်ပြင်းချ၏။

နှစ်ခုပေါင်း လေးရာ့ငါးဆယ်ဆိုတော့ သိပ်တော့မဆိုး။ သို့သော် နံနက်စောစောစီးစီးက အိမ်သာကို ဈေးကြီးပေးတက်ခဲ့ရသည်မို့ ငွေကို သိပ်အကုန်မခံချင်တော့။ ထို့ကြောင့်

"ဟိုလေ၊ ဒီအီကြာကွေးကို တစ်ခြမ်းပဲစားမယ်၊ အဲဒါ တစ်ရာပဲပေးလို့ မရဘူးလား"

သူ့စကားကို စားပွဲထိုးလေးက ဟက်ခနဲ တစ်ချက်ရယ်ပြီး

"ဟာဗျာ အစ်မလေးကလဲ၊ အီကြာကွေးတစ်ချောင်းမှ နှစ်ရာတို့ ဈေးတစ်ခြမ်းလာဆစ်နေသေးတယ်၊ ကိုယ်ဝတ်ထားတဲ့ အဝတ်အစားလဲ ပြန်ကြည့်ပါဦးဗျ၊ ဝတ်ထားတဲ့ အဝတ်အစား အားနာဖို့ကောင်းတယ်၊ ဒီအီကြာကွေးလောက်ကို ကျွန်တော်တို့စားပွဲထိုးတောင်ဝယ်စားနိုင်တယ်၊ တကတည်း"

"အေး ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ စကားအဖြစ် မေးကြည့်တာပါ၊ ရပါပြီ"

ဆိုကာ စကားကို အလျင်အမြန်ဖြတ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူနှင့်ပြိုင်ဖော်ပြိုင်ဖက် ကဗျာမှာ နောက်ဆုံးပေါ် အဝတ်အစားများနှင့် ယောင်ပေပေယောင်ပေ ရောက်လာပြီကို။ သူ ဈေးဆစ်နေတာကို ကဗျာသိသွားပါက အရှုံလို့မှအောင်ဟားခြင်းခံရပေမည်။ ထို့ကြောင့် မသိချင်ယောင်ဆောင်၍ အီကြာကွေးတစ်ချောင်းကို လက်ဖက်ရည်နှင့် တို့စားရင်း မြိန်ချင်ယောင်ဆောင်နေရလေသည်။

ကဗျာခမျာလဲ စိမ်းလွန်းသောပတ်ဝန်းကျင်မို့ ဟိုကြည့်ဒီကြည့်နှင့် ဆိုင်ထဲဝင်လာရသည်။ အဆောင်နှင့်အနီးဆုံးကလဲ ဒီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတာကို။

သူခများလဲ ကာရံနှင့် ထိုင်ချင်ပုံ မပေါ်။ သို့သော် တခြားဝိုင်းများတွင် ကလေးတိုးလိုးတွဲလောင်းနှင့် ထိုင်နေသော မိသားစုများ၊ အင်္ကျီဗလာကျင်းနှင့် ထိုင်နေသော အလုပ်သမားလူတန်းစားများ၊ အများစုက လက်လုပ်လက်စားများမို့ အတူတွဲ မထိုင်ချင်။ ထို့ကြောင့် မတတ်သာသည့် အဆုံး ကာရံထိုင်ရာစားပွဲသို့သာ သွား၍ အသံတိုးတိုးဖြင့်

"ထိုင်မယ်နော်"

ကာရံက သူ့ကိုမော့ကြည့်၍

"ဖင်ပါတယ် မဟုတ်လား"

ကဗျာက ခေါင်းညိတ်၍

"ပါတယ်"

"ပါရင်ထိုင်၊ သိပါဘူး၊ ငါက အိမ်သာထဲထားခဲ့ရလို့ မထိုင်ရဲ ဖြစ်နေတယ်မှတ်တယ်၊ ပါရင်ထိုင်"

ကဗျာ တစ်ချက်ခွပ်ထိသွားသည်။ သူဦးသူခွပ်နေကျမို့ သိပ်တော့မဆန်း။ သို့သော် အောင့်သက်သက်နိုင်လှသည်။ ကပ်ပါလာသောဖင်ဖြင့် သူပြောသလို ထိုင်ရသည်။

စားပွဲထိုးလေး ပြေးလာပြန်သည်။

"ဘာစားမလဲ၊ ဘာသောက်မလဲ၊ ဘာမှာမလဲ အစ်မ"

ကဗျာကလဲ ကာရံ့အတိုင်း အူလည်လည်နှင့်

"ဘာရလဲဟင်"

စားပွဲထိုးလေးက ထုံးစံအတိုင်း ကဗျာတစ်ပုဒ် ရွတ်ပြပြန်သည်။

"လက်ဖက်ရည်၊ ကော်ဖီ၊ အီကြာကွေး၊ ဆမူဆာ၊ ထမင်းကြော်၊ မုန့်ဟင်းခါး၊ နန်းကြီးသုပ်"

ကဗျာက သေချာစွာ နားစိုက်ထောင်ရင်း ကာရံကို မခို့တရို့ ကြည့်ကာ

"မုန့်ဟင်းခါးက တစ်ပွဲဘယ်လောက်လဲဟင်"

သူ့အမေးကို စားပွဲထိုးလေးက

"အလွတ်နှစ်ရာ၊ အကြော်နဲ့သုံးရာ၊ ဘဲဥပါရင် ငါးရာ၊ ငါး ဖယ်ပါရင် ခုနစ်ရာ၊ နောက်ပြီး"

စားပွဲထိုးစကားမဆုံးမီ ကဗျာက

"အလွတ်၊ အလွတ်ပဲပေးပါ၊ လက်ဖက်ရည်က ဘယ်လောက်"

"နှစ်ရာ့ငါးဆယ်"

"အင်း အဲဒါတစ်ခွက်"

စားပွဲထိုးလေး ခေါင်းကုတ်ရင်း

"ဒါများ ဝတ်ထားတဲ့အဝတ်အစားမှ အားမနာ မေးနေရသေးတယ်၊ ဟော့ လက်ဖက်ရည်တစ်ခွက်၊ မုန့်ဟင်းခါး ဘာမှမပါတာ တစ်ပွဲ"

"ခစ်ခစ်ခစ်"

ဘဝတူချင်းကို ဦးနေသောကာရံမှ ခိုးရယ်သည်။ သိပ်မကြာပါ။ မုန့်ဟင်းခါးတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် လာချသည်။ ကဗျာက မနက်ကကတိစွဲကြောင့် ဝမ်းဟာနေပြီမို့ မုန့်ဟင်းခါးအလွတ်ကိုသာ





www.burmeseclassic.com

www.burmeseclassic.com



အငမ်းမရ စားရရှာသည်။

"ဟင်း အရသာကလည်း ညှံ့လိုက်တာ၊ အိမ်မှာဆို ဒီလိုအရသာမျိုး ခွေးတောင်မကျွေးဘူး၊ ခွေးပါးစပ်ပျက်မှာစိုးလို့"

မရှိလို့စားရတာတောင် အိမ်ကိုမှန်း၍ လွမ်းနေသေးသည်။ ဒါကို အခွင့်သာသော ကာရံက

"အင်းပါ၊ အခု ခွေးမစားတာတောင် နင်စားနေရပြီ မဟုတ်လား၊ သိပ်လဲနှိုင်းမနေနဲ့၊ ခွေးသိက္ခာကျတယ်"

"အဟု"

သူက ကြွားပြောတာကို ဟိုက အခွင့်ကောင်းယူပြီး ခွပ်ထည့်လိုက်တော့ စားနေသောမုန့်ဟင်းခါးပင် နင်သွားသည်။

နှစ်ယောက်သား အရသာမရှိသည်များကိုစားရင်း ပေစောင်းပေစောင်းကြည့်သည်။ အကွက်ရလျှင် ထခွပ်ဖို့ ချောင်းနေခြင်းပင်။

သိပ်မကြာ။ အဆောင်ထဲမှ ကလောင် နောက်ဆုံးပေါ်အဝတ်အစားများနှင့် ယောင်ပေယောင်ပေ ထွက်လာပြန်သည်။ မနီးမဝေး လက်ဖက်ရည်ဆိုင်၌ ကဗျာနှင့်ကာရံကိုမြင်တော့ သူမ ဝမ်းသာသွားသည်။ နောက်ဆို ဘယ်သွားလို့ သွားရမှန်း မသိတာကို၊ ထို့ကြောင့် ကဗျာနှင့်ကာရံရှိရာ ခပ်သွက်သွက်လှမ်းသွားပြီး

"ထိုင်မယ်နော်"

မခို့တရို့ မေးရှာသည်။ ဟိုနှစ်ယောက်ကလဲ ခပ်တည်တည်ပင်။

"ဖင်ပါလား"

ကလောင် ပြန်ဝေ့ကြည့်ရင်း

"ပါတယ်"

"ပါရင်ထိုင်"

"မသိရင် သူ့မှာမပါလို့၊ သူထိုင်ဖို့ ငှားပေးရမှာ ကျနေတာ





ပဲ"

ကလောင် အောင့်သက်သက်နှင့် ဝင်ထိုင်ရပြန်သည်။ သူထိုင်တာမြင်တော့ စားပွဲထိုးလေးက ပြေးလာပြန်ကာ

"ဘာစားမလဲအစ်မ၊ ဘာမှာမလဲ"

"ဘာရလဲဟင်"

ကလောင်က ပခုံးလေးကျုံ့ရင်းမေးသည်။ ဒါကို စားပွဲထိုးလေးက စိတ်ညစ်ဟန်နှင့် ခေါင်းကုတ်ပြီး

"အာ တစ်ယောက်လာ တစ်ခါရှင်းပြနေရတယ်၊ အရင်ရောက်တဲ့ အစ်မတို့ပဲ ရှင်းပြလိုက်လေ"

ဆိုတော့ ဝတ်ကောင်းစားလှနှင့် ဟိုနှစ်ယောက်ကလဲ စားပွဲထိုးကို ဆရာဟုသတ်မှတ်ကာ ပြောသမျှရွတ်ပြရရှာလေသည်။

"လက်ဖက်ရည်၊ ကော်ဖီ၊ အီကြာကွေး၊ ဆမူဆာ၊ ထမင်းကြော်၊ မုန့်ဟင်းခါး၊ နန်းကြီးသုပ်၊ နန်းပြားသုပ်၊ ရှမ်းခေါက်ဆွဲ၊ ပဲအီကြာ၊ ပဲပလာတာ၊ သကြားပလာတာ၊ ပေါင်မုန့်ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်၊ ပေါင်မုန့်ထောပတ်သုတ်၊ ပေါင်မုန့်ယိုသုတ်၊ မြီးရှည်၊ ကြာဆံပြုတ်၊ ခေါက်ဆွဲပြုတ်၊ ခေါက်ဆွဲသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ နံပြားယိုသုတ်၊ ပဲနံပြား၊ ပဲပြုတ်နံပြား၊ တိုရှည်၊ ဆိတ်စွတ်နံပြား၊ ပေါက်စီ၊ အာလူးပူရီ၊ ကြက်သားပူရီ၊ ဘဲသားမုန့်"

"ဟိုးထားအစ်မ၊ ဟိုးထား၊ ကျွန်တော်တို့ဆိုင်မှာရကြောင်း ကျွန်တော် မကြားဖူးတာတွေပါ ပါနေပြီ"

စားပွဲထိုးဝင်တားမှ ရပ်ရရှာသည်။ ဒါတောင် ဟိုနှစ်ယောက်က ဒီလောက်လေးရွတ်ရတာကို အမောဖောက်နေချင်သေးသည်။

အားလုံးကြားပြီးမှ ကလောင်က

"ထမင်းကြော်"

"ကြက်ဥနဲ့လုပ်မလား အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက ဖြတ်မေးသည်။ ကာရံက ပခုံးလေးကျုံ့ပြီး

"ဘယ်လောက်လဲဟင်"

"လေးရာ"

"အလွှတ်ပဲဆိုရင်ရော"

"နှစ်ရာ"

"ဒါဆို အလွှတ်ပဲပေး"

စားပွဲထိုးလေးက ခါးထောက်ကြည့်သည်။

"လက်ဖက်ရည်လဲတစ်ခွက် မဟုတ်လား"

"ဟုတ် ဟုတ်"

စားပွဲထိုးလေးမေးသမျှ ပေကလပ်ပေကလပ်နှင့် ပြန်ဖြေရလေသည်။

"ဒါပဲ၊ ဘေထုတ်တွေဝတ်၊ ဈေးအပေါ်ဆုံးတွေစား၊ ပြီးရင် လူရှေ့ရောက်ရင် ကြွားချင်သေး၊ ဟော့ ဒီမှာ ထမင်းကြော်အလွှတ်တစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်ဟော့"

"ခွိ ခွိ ခွိ"

"ခစ် ခစ် ခစ်"

အရင်ဦးသူနှစ်ယောက်က ခိုးရယ်ကြပြန်သည်။ ကလောင်မှာ ရှက်ကိုးရှက်ကန်း။ သိပ်မကြာပါ။ လက်ဖက်ရည်တစ်ခွက်နှင့် ထမင်းကြော်အလွှတ်တစ်ပွဲ လာချသည်။





ကလောင်က ထမင်းကြော်ကို တစ်ဇွန်းနှစ်ဇွန်း ခပ်စားကာ မျက်နှာကို ရှုံ့မဲ့ပြီး

"ဟွန်း ဒါမျိုးတွေ အိမ်မှာဆို အမှိုက်ပုံးထဲတောင် မထည့်ဘူး၊ အမှိုက်ပုံးနံလို့"

သူကတော့ ကြွားတာပါ။ ဒါပေမယ့် သူ့စကားလဲကြားရော အခွင့်စောင့်နေသူနှစ်ယောက်မှ

"အေးပါ၊ အခု နင်စားတာ အမှိုက်ပုံးထဲက ပြန်ထုတ်လာတာလို့ သဘောထားပါ"

"အဟု"

"အမှိုက်ပုံးကမှ အောက်ခြေရောက်နေတဲ့အထုပ်က ပြန်ဆွဲထုတ်လာတာ၊ ဒါကြောင့် အနံ့အသက်က ဒီလိုဖြစ်နေတာ"

"ဝေါ"

သူတို့စကားများကြောင့် ကလောင် ပြန်အန်ထွက်မလိုပါဖြစ်ကုန်၏။ ပြီးနောက် သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် စောင်းငန်းစောင်းငန်း ကြည့်နေကြသည်။ သိပ်ပင်မလှုပ်ရဲကြ။ အလှုပ်များပါက အသားလွတ်အတွယ်ခံရကိန်းက ရှိနိုင်သည်ကိုး။ ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက်သာ မျက်ခြည်မပြတ်တမ်း စောင့်ကြည့်နေကြသည်။

သူတို့နည်းတူ သူတို့ကို စောင့်ကြည့်နေသူတစ်ဦးလဲရှိသည်။

သံစဉ်။

သူလဲ အိမ်သာကိစ္စတွင် တစ်ခါအသာရပြီး အဝတ်အစားနှင့်ပတ်သက်၍ တစ်ကြိမ်အပြောခံထားရပြီမို့ အခွင့်သာချိန်ကို ပြန်စောင့်နေခြင်းဖြစ်သည်။

ယခု လက်ဖက်ရည်ဆိုင်တွင် သုံးယောက်ပူးကြီး ငူငိုင်ငိုင်စူစူပုပ်ပုပ်ကြီးမြင်ရ၍ သူ့အတွက်အခွင့်သာမှန်း သူသိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတို့သုံးယောက်ထိုင်ရာ လက်ဖက်ရည်ဆိုင်သို့ အမိပြေး သွားလိုက်သည်။

သံစဉ်ပြေးလာတာမြင်တော့ နဂိုထိုင်နေသောသုံးယောက် မျက်နှာပျက်သွားကြ၏။ သံစဉ်ကတော့ ရှင်းသည်။ မည်သူ့ကိုမှ ခွင့်မတောင်းဘဲ ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်သည်။

စားပွဲထိုးလေးက ပြေးလာပြန်၏။

"ဘာလဲ အစ်မ၊ ဒီအစ်မတွေလို နှစ်ရာတန်ပဲလား"

စားပွဲထိုးလေး၏အမေးကြောင့် ဟိုသုံးယောက် မျက်နှာပျက်သွား၏။ သံစဉ်က ရင်ကိုကော့ပြီး

"ရာရာစစ သူများတွေလို နောက်ဆုံးပေါ်ဝတ်ပြီး မစားနိုင်မသောက်နိုင်ဖြစ်နေတဲ့သူ မှတ်နေလား၊ ဒီဆိုင်မှာ အကောင်းဆုံးဘာရှိလဲ ချပေးစမ်း၊ စားမယ်၊ စားမယ်၊ အကုန်စားမယ်"

သူက ကာရံဆီက ခြောက်ထောင်ရထားတော့ တစ်နေ့စာ ဖောဖောသီသီ စားနိုင်ပြီပေါ့။

သူ့ကိုကြည့်၍ စားပွဲထိုးလေး အားရပြီး

"ထမင်းကြော်၊ ကြက်အသည်းအမြစ်နဲ့ ရှိတယ်အစ်မ"

"လုပ်လေ ချပေါ့"

"နောက်ပြီး အာလူးပူရီ"

"စားမယ်လေ၊ စားပေးမယ်"

"ဆိတ်စွတ်နံပြား"

"နှစ်ပွဲစာလုပ်လိုက်၊ နှစ်ပွဲစာ"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ခါတည်းပြင်လိုက်မယ်"

"ဆမူဆာမမေ့နဲ့ဟေ့"

စားပွဲထိုးလေးက အားရဝမ်းသာ ပြေးသွားသည်။ သံစဉ်က သုံးယောက်လုံးကို ဝေ့ကြည့်ရင်း ရင်ကိုကော့ကာ





"ဒီလိုပဲ အိမ်မှာလဲ ကိုယ်က ဖောဖောသီသီ စားနေကျ၊ အကျင့်ပါနေပြီလေ အကျင့်၊ အဟင့် အဟင့်"

တက်တော့မယောင် ခိုးရယ်၏။ သိပ်မကြာ။ စားပွဲထိုးလေးက မှာထားသမျှကို အလျှင်အမြန်လာချပေးသည်။

ထမင်းကြော်က အသည်းအမြစ်ကြော်နှင့် အငွေ့တထောင်းထောင်း။ ဆိတ်စွပ်ကလဲ ကျက်ကျက်ပူနေသည်။ ပူရီကလဲ စားချင်စရာ။ ဆမူဆာကလဲ ဆီရွှဲလို့။

"ရပြီ၊ အစ်မလိုတာပြောပါ"

စားပွဲထိုးလေး၏ ဖော်ရွေသောစကား။ သံစဉ်က ခပ်တည်တည်ပင်။

"ဒါပေါ့ ပြောမှာပေါ့"

ဆိုကာ စားပွဲပေါ်မှ တူတစ်ချောင်းလှမ်းယူကာ ဘာမှမစားသေးဘဲ ဘယ်ဟာအရင်စားရနိုး တစ်ပန်းကန်ပြီးတစ်ပန်းကန် တူနှင့်လိုက်ခေါက်နေသည်။ ဘေးနားက ပြိုင်ဖက်သုံးယောက်က သူ့ကိုငေးလျက်။

ပြီးမှ ထမင်းကြော်ကို ပူရီရည်ဆမ်း၍ တစ်ဇွန်းခပ်စားပြီး ဆိတ်စွပ်ကို ရှုးခနဲ ခပ်သောက်ကာ

"အင်း ကောင်းတယ်၊ ဒီလိုဖောဖောသီသီ စားရမှ အားရတာ"

ဆိုကာ ဆမူဆာကို လှမ်းယူ၍ ငွပ်ခနဲ တစ်ကိုက်ကိုက်ချလိုက်သေးသည်။ အားလုံးက သူ့ကိုငေး၍ ဘာမှမစားနိုင်ရှာတော့။

သူ့ကိုကြည့်ကာ စားပွဲထိုးလေးပင် အားရပြီး

"အစ်မစားတာ အားရတယ်ဗျာ၊ ကျွန်တော် အခုမှ သဘောပေါက်တယ်၊ တကယ် သူဌေးတွေက အဝတ်အစား မလိုပါဘူး"

စားပွဲထိုးစကားကြောင့် ဟိုသုံးယောက် ကျုံ့ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပင် လျှာရှည်သောကောင်လေးက

"ငွေသုံးနိုင်ဖို့သာ အဓိကပဲမဟုတ်လား"

စားသောက်နေရင်း သံစဉ် ဘဝင်မြင့်ကာ ခါးမတ်သွား၏။

"ငွေသုံးနိုင်ဖို့ဆိုတာကလဲ ဝီရိယလိုတယ်လေ"

သူကတော့ သူ့လုပ်ရပ်ဂုဏ်ယူပြီး ပြောတာပါ။ ဒါကို စေ့စေ့ကြည့်ပြီး အကွက်ချောင်းနေသော ကာရံက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ သူက ဝီရိယကောင်းတယ်၊ ဝီရိယကောင်းဆို သူက အိမ်သာစောင့်လေ"

"အဟု အဟု"

မထင်မှတ်ထားသော စကားကြား၍ သံစဉ်စဉ်းစားနေရင်း နင်သွား၏။ စားပွဲထိုးလေးပင် လန့်ပြီး သံစဉ်ကို လက်ညှိုးထိုးကာ

"ဟင် ဟင် ဒီအစ်မကြီးက အိမ်သာစောင့်"

သူ့အမေးကို ဘေးနားက ခွပ်ရန်ချောင်းနေသော ကဗျာနှင့် ကလောင်က

"ဟုတ်ပ၊ မနက်အစောကြီးကတည်းက အိမ်သာထဲမှာနေ၊ ဒီအချိန်ဆို ငွေလေးငါးခြောက်ထောင်ရပြီ၊ ဒါဆို မီးမီးစားချင်တာ စားလို့ရပြီ"

"ဟုတ်ပ၊ အိမ်သာကောင်းမှုအကြောင်းပြုပြီး ကောင်းမှုတွေ ဝေနေတာ၊ သူများ အလွမ်းမမ ပန်းမဖြစ်ရင် သူငွေရှင်ပြီ"

သံစဉ် မျက်နှာကြီးရဲတက်လာ၏။ သူတို့ပြောနေတာ မှန်နေတော့ ပြန်စရာ စကားမရှိ။ သို့သော် မခံချင်စိတ်နှင့် အောက်ကလိ အာပြီး

"ဘာဖြစ်လဲ၊ ကိုယ့်ဉာဏ်အမြော်အမြင်နဲ့ ကိုယ်ပဲလေ၊ အခု မနက်အစောကြီး ငါ ငွေခြောက်ထောင်ဝင်ပြီ၊ အဲဒီတော့ ဘာဖြစ်လဲ"

သူ့စကားကြားပြီး စားပွဲထိုး မျက်လုံးပြူးသွားသည်။





"ဟင် ဟင် ဒါဆို အစ်မကြီးက အိမ်သာစောင့်အစစ်ကြီး ပေါ့နော်"

သံစဉ်က ပျာပျာသလဲနှင့် လက်ကာပြပြီး

"ဟင့်အင်း ဟင့်အင်း အဲသည်လိုမဟုတ်ဘူး၊ အစ်မက တစ်လုံးတည်းစောင့်တာ၊ တစ်လုံးတည်းစောင့်တာပါ"

သူ့စကားကို စားပွဲထိုးလေးက ဘယ်လိုသဘောပေါက်သွားသည်မသိ။ အနောက်ဖက်လှည့်၍ တစ်ဆိုင်လုံးကြားလောက်သော အသံဖြင့်

"အဖျော်ဆရာ အဖျော်ဆရာ"

"ဟေ ဘာတုန်း မောင်တိုး၊ ပေါ့ဆိမ့်လား ကျဆိမ့်လား"

"အဲဒါမဟုတ်ဘူး"

"ဒါဖြင့် ဘာတုန်း၊ ပလိန်းလား လက်ဖျော်လား"

"ဟုတ်ပါဘူးဆို"

"ရှင်းရှင်းပြောကွာ၊ ဘာလဲ"

"ဟောဒီအစ်မကြီးက အိမ်သာစောင့်တဲ့"

"ဟင်"

အဖျော်ဆရာ လာထွက်ကြည့်သည်။ ကျန်သည့်သုံးယောက် က သူတို့ကိုပါ ထင်မည်စိုး၍ လက်ညှိုးသုံးချောင်းဖြင့် သံစဉ်ကို ရှင်းအောင်ပြသည်။

"ဟင် ဒါက အိမ်သာစောင့်"

အဖျော်ဆရာက အသံပိုကျယ်၍ တစ်ဆိုင်လုံး လှည့်ကြည့် ကြသည်။ ပြီးနောက် တိုးတိုးတဖုံ ကျယ်ကျယ်တဖုံနှင့်

"ဟယ် ရုပ်ရည်လေး သနားကမားနဲ့ အိမ်သာစောင့်တဲ့"

"အလိုတော် ဟုတ်မှဟုတ်ရဲ့လား"

"မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါက တစ်မျိုး။ နောက်ထပ် ကာလသားတစ်မျိုးက

"ဟင် ဒါအိမ်သာစောင့်၊ ဘယ်အိမ်သာစောင့်တာလဲ မေးစမ်း၊ ဒီရုပ်ဒီရည်နဲ့ အိမ်သာစောင့်လို့ကတော့ တစ်နေ့ကုန် ဝင်ပါပစ်မယ်"

"ကိုယ်တိုင်ပါမဟော့"

သံစဉ်ခမျာ ပြန်လုံးမရှိတော့။ သူလုပ်ထားတာ သူပြန်ခံရသည်မို့ ခေါင်းသာငုံ့ထားရလေတော့သည်။ အရှေ့မှာ အငွေ့တထောင်းထောင်း။

(ဒါဟာ ဝတ္ထုသဘောအနေနဲ့သာ ရေးပြတာပါ။ Toilet စောင့်တွေကိုလဲ ဂုဏ်ငယ်စရာလို့ မထင်ပါဘူး။ တော်ကြာ သူတို့ကို နှိမ့်ချတယ်ထင်ပြီး ကျွန်တော့်ကို အပြစ်တင်နေလိမ့်မယ်။ ဒါလဲ အလုပ်ပဲလေ။ ကျွန်တော်လဲ စာမရေးဖြစ်ရင် လုပ်ချင်လုပ်နေရမှာ။

တစ်ခါကလဲ PCO ကဖုန်းစောင့်တဲ့ ကောင်မလေးအကြောင်းဟာသဖြစ်အောင်ရေးတော့ သူတို့က ကျွန်တော့်ကို ရယ်ရလို့ မုန်းကြတယ်။ အပျိုကြီးတွေအကြောင်းရေးတော့လဲ မှန်လို့ အပျိုကြီးများ မုန်းပြန်တယ်။ ဒါကြောင့် ကြိုတောင်းပန်တာပါ။)

❀ ❀ ❀





"ဟင် ဘာနံ့ကြီးလဲ မွှန်ထွန်နေတာ"

ကဗျာ၏အော်သံ။ အခန်းချင်းကပ်လျက် ကလောင်က

"ရေမွှေးနံ့ဟော့၊ ရေမွှေးနံ့၊ ရေမွှေးနံ့ကိုများ မွှန်ထွန်နေတာတဲ့၊ အံ့အားသင့်စရာ"

သူ့စကားကို တစ်ဖက်ခန်းမှ

"ရေမွှေးဆိုလဲ အကောင်းစားသုံးပါလားဟဲ့၊ အခုဟာက"

"ဟဲ့ အကောင်းစားပဲဟဲ့၊ ကာမယ်(kamal)ရေမွှေးတစ်ဘူးကို တစ်သိန်းကျော်တယ်၊ မှတ်ထား"

"ဟားဟားဟား"

တစ်ဖက်ခန်းမှ သံစဉ်၏လှောင်ရယ်သံ။

"အဲဒီလောက် အညံ့စားတွေသုံးလို့ မွှန်ထွန်နေတာပေါ့။ လူမပြောနဲ့ ခြင်တောင်သေနိုင်တယ်၊ တို့ကတော့Black Rose ကိုသုံး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သိတယ်မဟုတ်လား၊ ပြင်သစ်သမ္မတကတော်သုံးတဲ့ ရေမွှေးလေ၊ ရှူကြည့်မလား"

ဆိုကာ ရှူ ရှူလုပ်ပြသည်။ မှန်သည်။ အကောင်းစားရေမွှေးနံ့။ ထို့ကြောင့် ကလောင် ရှုံးတိုးရှုန့်တန့်ဖြစ်ကာ

"အို အို ဒါက ငါလဲ ခြင်သေအောင် ခြင်ဆေးအဖြစ်သုံးတာပါ။ လူတော့ မဆွတ် မဆွတ်ပါဘူး"

သူ့စကားကြားတော့ တစ်ဖက်ခန်းမှ သံစဉ်က တရှူရှူလုပ်ပြီး

"ဒါဖြင့် အနံ့ရနေတဲ့ ခြင်ဆေးနံ့က"

"အဲ အဲဒါ ငါဆွတ်တာ၊ ငါဆွတ်တာ အဲ"

"ဟားဟားဟား ဟားဟားဟား"

ကလောင် စကားမှားသွား၍ ကဗျာ ခွက်ထိုးခွက်လှန် ထရယ်သည်။ ပြီးနောက် အသံကျယ်ကျယ်နှင့်

"ဟေ့ အနံ့မွှေးအောင် ခြင်ဆေး ချိုင်းမှာဆွတ်တဲ့သူ ဒီမှာရှိတယ်ဟေ့၊ တွေ့ချင်လာကြည့်ကြ၊ ဟားဟားဟား"

"ဟားဟားဟား"

"ဟားဟားဟား"

သူ့အော်သံလဲကြားရော ဟိုအခန်းနှစ်ခန်းကပါ ထရယ်ကြလေသည်။

ဤသို့ပင်။ လောကကြီးကိုက အပြိုင်အဆိုင် များနေပါတယ်ဆိုမှ။ ပြိုင်ချင်သူတွေကပါ အမျိုးမျိုးလှည့်ပတ်၍ ပြိုင်နေကြတုန်း။ ပြိုင်ဖို့အတွက် အကြောင်းရှာနေတုန်း။

ယခုလဲ ကြည့်လေ။ သူတို့ပြိုင်ပုံ။





အဆောင်မှူးဆီ ကာရံ ဒေါ်သတကြီး ရောက်လာ၏။

"အဆောင်မှူး အဆောင်မှူး သမီးတော့ လုံးဝသည်းမခံနိုင်တော့ဘူး"

သူ့စကားကြောင့် အဆောင်မှူး မျက်လုံးပြူးသွား၏။

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ သမီးရယ်"

"သမီးခြေရင်းအခန်းက ကောင်မပေါ့"

"သံစဉ်လား"

"ဟုတ်တယ် သူပဲ"

"သူက ဘာဖြစ်လို့လဲ သမီးရယ်၊ သူ့အခန်းနဲ့သူ နေတာပဲ"

ကာရံက ဒေါ်သတကြီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"သူ့အခန်းနဲ့သူ နေပေမယ့် အနေအထိုင်ကလဲ ပက်စက်လိုက်တာ ပြောမနေနဲ့၊ အဝတ်ွေကလဲ အမှိုက်ပုံလို၊ ညအိပ်တော့လဲ ဒူးထောင်ပေါင်ကားနဲ့"

သူ့စကားကြောင့် အဆောင်မှူးမျက်လုံးပြူးသွားသည်။ နောက် သူ့ရင်သူဖိပြီး

"ဟင် သမီးအခန်းက မြင်လို့လား"

"မြင်လို့ပြောတာပေါ့ အဆောင်မှူးရဲ့ နေ့တိုင်းကို မြင်နေရတယ်"

အဆောင်မှူး မျက်မှောင်ကြုတ်သွားသည်။ နောက် ဇဝေဇဝါဖြင့်

"ဟုတ်ရဲ့လား၊ တစ်ယောက်တစ်ခန်းနေတာ၊ ဘယ်လိုလုပ်မြင်မှာလဲ၊ အလယ်မှာက သုံးထပ်သားကာထားတာ"

အဆောင်မှူးစကားကို ကာရံက ဒေါ်နှင့်မောနှင့်

"အဆောင်မှူး မယုံဘူးလား၊ မယုံရင်လာကြည့်"

ဆိုကာ ဦးဆောင်သွားသည်။ အဆောင်မှူးလဲ ဘုမသိ ဘမသိနှင့်

"အေး အေး ကြည့်ပါ့မယ်"

ဆိုကာ လိုက်ရရှာသည်။

ကာရံက သူ့အခန်းတံခါးကိုဖွင့်၍ အဆောင်မှူးကို ဝင်စေကာ

"ကဲ အဲဒီမှာကြည့်"

အဆောင်မှူးကြည့်တော့လဲ သုံးထပ်သားများ ကာရံထားသော နံရံကြီးသာ။ သူ့ပစ္စည်းတွေ ရှုပ်နေတာသာ တွေ့ရ၏။ အဆောင်မှူး အားလုံးကို ဝေ့ကြည့်ကာ အသံတိုးတိုးဖြင့်

"ဘာမှလဲ မမြင်ပါလား၊ ဘယ်မှာလဲ"





ကာရံက ခါးထောက်ပြီး

"ဩော် ဒီလိုကြည့်တော့လဲ ဘယ်မြင်ပါ့မလဲ၊ ဟောဒီအပေါက်ကနေ ချောင်းကြည့်"

ခြေရင်းနားက လက်သည်းခွံလောက် အပေါက်ကလေးကို ပြသည်။ ရှူးကြောင်မူးကြောင်နှင့် အဆောင်မှူးက ထိုအပေါက်မှ ငုတ်တုတ်ထိုင်ချောင်းရသည်။ ဒါတောင် တစ်ဖက်အခန်းကို သဲကွဲစွာ မမြင်ရ။

"အေး ဒါလဲ ရှင်းရှင်းလင်းလင်း မမြင်ရပါဘူး"

ကာရံက သူ့နားကပ်လာပြီး

"မမြင်ရသေးဘူး ဟုတ်လား၊ ကဲ ဟောဒါနဲ့ကြည့်"

သူ့လက်ထဲ တစ်ခုထိုးထည့်ပေးသည်။ ကြည့်လိုက်တော့

"မှန်ပြောင်းကြီး"

ဟုတ်ပါသည်။ မှန်ပြောင်းကမှ စစ်သုံးမှန်ပြောင်း အကောင်းစားကြီး။

ကာရံက မေးဆတ်ပြပြီး

"အဲဒီအပေါက်ကို မှန်ပြောင်းနဲ့ကြည့်"

အဆောင်မှူး သဘောပေါက်သွားသည်။ ခေါင်းကိုညိတ်ရင်း

"ဩော် ဒီလိုလား"

ဆိုကာ သူပြောသည့်အတိုင်း ချောင်းကြည့်လိုက်တော့

"ဟယ်"

မှန်ဘီလူးထဲက အဆောင်မှူးမျက်လုံးမှာ မှန်ဘီလူးထက်ပင် ပြူးသွား၏။ ဟုတ်ပါသည်။ တော်ရုံတန်ရုံ အမှိုက်ပုံပင် ဒီလောက်ရှုပ်မည်မဟုတ်။ ခုတင်ခြေရင်းတွင် အတွင်းခံတွေရော၊ ဘယာစီရာတွေပါ ထပ်တင်ထားတာ ပုရွက်ဆိတ်ပင် တက်မတတ်။

နောက် ကြိုးတန်းပေါ်တွင် ထဘီတွေ အင်္ကျီတွေပါအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် တင်ထားသည်။ ခေါင်းရင်းတွင်လဲ ပေါင်မုန့်နှင့်ဂွမ်းထုပ် တွဲထားလိုထား၊ ဓာတ်ဘူးကြီးက လဲလိုလဲနှင့် ကြည့်မကောင်း ရှုမကောင်းတွေ ဖြစ်နေသည်။ ကြည့်ရင်းကြည့်ရင်း အဆောင်မှူးပင် ပျို့ချင်သလိုဖြစ်လာသည်မို့ မှန်ဘီလူးက ပြန်ခွာရသည်။ နောက် ကတုန်ကယင်ဖြင့်

"ဟယ် ဟုတ်ပါရဲ့၊ ညစ်ပတ်လိုက်တာ"

အဆောင်မှူး၏ရေရွတ်သံ။ ကာရံ အားတက်သွားပြီး

"အဲဒါကြောင့်ပြောတာပေါ့။ ဒီအတိုင်းနေရင် မကြာခင် သူ့အခန်းခြစားသွားလိမ့်မယ်၊ ဒါကြောင့် အဆောင်မှူးကို ကြိုတင်သတိလာပေးတာ"

"အေး အေး ကျေးဇူးပါပဲကွယ်၊ အန်တီပြောလိုက်ပါ့မယ်"

"ဟင်း ဟင်း ဒီလိုပဲ ဖြစ်ရမှာပေါ့"

ကာရံ၏ ဝမ်းသာအားရလေသံ။ အတန်ကြာမှ အဆောင်မှူးက ခေါင်းတညိတ်ညိတ်လုပ်ရင်း မျက်မှောင်ကြုတ်ကာ လက်ထဲက မှန်ဘီလူးကြီး ထောင်ပြပြီး

"ဒါနဲ့ ဒီမှန်ဘီလူးက"

ကာရံက သူ့ရင်ဘတ်သူပုတ်ပြီး

"သမီး ယူလာတာလေ"

အဆောင်မှူးက အပေါက်ကို လက်ညှိုးထိုးရင်း

"ဒီအပေါက်ကရော"

"သမီးဖောက်ထားတာလေ၊ သူ့ကိုချောင်းဖို့"

အဆောင်မှူးက မှန်ဘီလူးကို ထောင်ပြပြီး

"ဒါနဲ့"

ကာရံက ရင်ကော့ပြီး

"ဟုတ်တယ်လေ၊ အပေါက်ကနေချောင်းရင် သိပ်မသဲကွဲ





ဘူး၊ ဒါကြောင့် အိမ်ပြန်ပြီး ဒါကြီးပြန်ယူလာတာ၊ ဒါနဲ့မှရှင်းတာ၊ အဆောင်မှူးတောင် ဒါကြီးပါမှရှင်းတာ မဟုတ်လား၊ ဟီဟိ"

အူရှင်ပြနေသေး၏။ အဆောင်မှူးယောင်၍ ခေါင်းညိတ်ပြီး

"အေး ဟုတ်တယ်"

ဝန်ခံပြီးမှ သတိရကာ

"ဟင် ဒီအပေါက်ကို နင်ဖောက်တယ်"

"ဖောက်တယ်"

"မရှင်းလို့ ဒါကြီးပြန်ယူပြီးချောင်းတယ်"

"ဒါမှရှင်းတာကိုး အဟိ"

ကာရံကိုကြည့်၍ အဆောင်မှူး ဒေါသထွက်သွားပြီး

"ဟင် ကိုယ့်ဘာကိုယ် အခန်းထဲမှာ မနေဘဲ သူများအခန်းကို ဖောက်၊ မှန်ဘီလူးနဲ့ သွားချောင်းပြီး ငါ့ကိုလာတိုင်တယ်ပေါ့လေ ဟုတ်လား"

"ဟုတ်တယ်လေ၊ စေတနာနဲ့ချောင်းပေးတာ အဟိ"

"ဟဲ့ နင်က ဆတ်ဆော့ပြီး မချောင်းရင် ဘာမြင်ရမှာလဲ သေနာမရဲ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ နင်တို့လေးယောက်လုံး လာခဲ့စမ်း၊ ဂုဏ်တုဂုဏ်ပြိုင်မတွေ ငါနဲ့ရှင်းမှဖြစ်မယ်၊ အားလုံး ငါ့အခန်းထဲ လာခဲ့ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှူး၏အခန်းထဲ ကဗျာ၊ ကာရံ၊ သံစဉ်၊ ကလောင် လေးဦးလုံး ငြိမ်နေကြသည်။ အဆောင်မှူးကသာ လမ်းလျှောက်ရင်း

"မင်းတို့ဖြစ်နေတာ ပြန်စဉ်းစားကြည့်ဦး"

လေးယောက်လုံး အသံမထွက်။ အဆောင်မှူးကသာ

"ဟင် ကိုယ့်အစွမ်းအစလဲ ဘာမှမပါဘဲ မိဘရဲ့ဂုဏ်ဒြပ်နဲ့ မိဘရဲ့ပစ္စည်းဥစ္စာကို အခွင့်ကောင်းယူပြီး ပြိုင်ဆိုင်နေကြတာပဲ"

အားလုံးဟုတ်နေသည်မို့ ဘာသံမှမထွက်။

"ဘယ်မှာလဲ မင်းတို့အရည်အချင်း"

ဆယ်တန်းကိုပင် ဖောက်ထိုးမိုးမျှော် အောင်လာကြသူများမို့ ဘာမှမငြင်းသာ။

"အမှန်ဆိုရင် မင်းတို့အရွယ်၊ မင်းတို့အသက်နဲ့ဆိုရင် ပြိုင်





ချင်းပြိုင်ရင် မိဘတွေရဲ့ ဂုဏ်ဒြပ်နဲ့ ပစ္စည်းဥစ္စာကို ဘေးဖယ်ထားတော့၊ ကိုယ်ပိုင်အရည်အချင်းနဲ့ ကိုယ်ပိုင်အစွမ်းအစကို ပြိုင်ရမှာ"

လေးယောက်လုံး ခေါင်းထောင်ပြီး တစ်ယောက်ကိုတစ်ယောက် စွေစောင်းကြည့်ကြသည်။

"ကိုယ့်ရဲ့အစွမ်းအစနဲ့ကိုယ် သူများထက် ဘယ်လိုသာအောင် လုပ်ရမယ်ဆိုတာ ပြိုင်ရမယ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

လေးယောက်လုံးက ဝန်ခံကြသည်။ အဆောင်မှူး သက်ပြင်းချသည်။ သူ့ခမျာလဲ သည်လေးယောက် သည်မျှလောက် ဆုံးမရလွယ်လိမ့်မည်ဟု ထင်မထားခဲ့။ ယခု လွယ်လွယ်ကူကူနှင့် သဘောပေါက်လွယ်၍ စိတ်ကိုလျှော့ပြီး

"ကဲ ဒါဖြင့် နောက်တစ်ခါ သမီးတို့ပြိုင်ရင် မိဘတွေရဲ့ အရှိန်အဝါ မပါဘဲ ကိုယ်စွမ်းကိုယ်စနဲ့ သက်ဆိုင်တဲ့ ယှဉ်ပြိုင်တဲ့ ပြိုင်ဆိုင်မှုမျိုးပဲ ဖြစ်ပါစေ၊ အဆောင်မှူးလဲ စောင့်ကြည့်မယ်၊ ကဲ သွားကြတော့"

လေးယောက်သား အခန်းထဲက ထွက်လာသည်။

အပြင်ရောက်သည်နှင့် လေနုအေးကိုခံစားရင်း လမ်းမဖက်ကိုမျှော်ကြည့်ကာ

"အဆောင်မှူးပြောတာ ကြားတယ်နော်"

ကဗျာစကား။ အားလုံးခေါင်းညိတ်ကြသည်။ ကာရံက

"ဟုတ်တယ်၊ မိဘဆီက လက်ဖြန့်တောင်းပြီး ယှဉ်ပြိုင်နေရတာ ပျင်းဖို့ကောင်းပါပြီ"

သံစဉ်က ဝင်၍

"ကိုယ်စွမ်းကိုယ်စကြောင့်ရတဲ့ အောင်နိုင်မှုကမှ စိတ်လှုပ်ရှားစရာကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကလောင်က အားလုံးကို ဝေ့ကြည့်ရင်း

"ကိုယ်စွမ်းကိုယ်စနဲ့ဆိုတော့ ဘယ်လိုပြိုင်ကြမလဲ၊ ဒီအရွယ်ကြီးကျမှ အပြေးပြိုင်လို့ကမဖြစ်၊ ဆယ်တန်းကလဲ အောင်ပြီးပြီ"

အားလုံးငြိမ်သက်သွားကြသည်။ ကဗျာမှ စတင်၍

"ကောင်းပြီလေ၊ ကိုယ်စွမ်းကိုယ်စနဲ့ ပြိုင်စရာတစ်ခုရှိတယ်"

"ဘာလဲ၊ ဘယ်လိုပြိုင်မှာလဲ"

"မိဘကျေးဇူးမပါဘဲ ဘယ်လိုပြိုင်မှာလဲ"

"ကိုယ်စွမ်းကိုယ်စနဲ့"

"ဘာအကူအညီမှမပါဘဲလား၊ ဘယ်လိုပြိုင်ရမှာလဲ"

အားလုံး စိတ်ဝင်စားသွားကြသည်။ ကဗျာက အလေးအနက်ဟန်ဖြင့်

"ရည်းစားထားကြမယ်"

"ဟင်"

အားလုံး အံ့အားသင့်သွားကြသည်။ သူတို့ တစ်ခါမှ မပြိုင်ဖူးသည့်အလုပ်ကို။

ဒါကို ကာရံက မျက်မှောင်တွေကြုတ်ရင်း

"ရည်းစားထားတာ လွယ်ပါတယ်၊ ဘယ်သူ့ဖြစ်ဖြစ် တွေ့တဲ့တစ်ယောက်ယောက်ကို မုန့်ပေးကြိုက်လိုက်ရင် ပြီးတာပဲ"

"အေးလေ ဒါလေးများ"

"လွယ်လိုက်တာ၊ ခုလိုချင်ခုရ"

"ဖုန်းဆက်လိုက်ရုံနဲ့ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည်ဖြစ်ကုန်မယ်"

သူ့စကားကို အားလုံးထောက်ခံကြသည်။ ကဗျာက ခေါင်းခါပြီး

"ဟင့်အင်း အဲဒီလိုမရဘူး"





"ဘယ်လို"

"ဘာကြီးလဲ"

"ဘယ်လိုမှ ရမှာလဲ"

အားလုံးက မေးကြပြန်သည်။ ဒါကို ကဗျာက

"တစ်ယောက်တည်းကိုပဲ ပစ်မှတ်ထားမယ်၊ ဒီတော့မှ ဒီလေးယောက်ထဲက ဘယ်သူကပိုပြီး ကိုယ်စွမ်းကိုယ်စ သာမယ်ဆိုတာ သိသာမယ်"

အားလုံးစိတ်ဝင်စားသွားကြသည်။ သံစဉ်က လမ်းမပေါ် ဝေ့ကြည့်သည်။ အားလုံးလဲ လမ်းမပေါ် လိုက်ကြည့်သည်။

"ပြိုင်ရဲလား"

တစ်ယောက်၏အမေး။ အားလုံးကလဲ တက်လူချည်းပဲမို့

"မပြိုင်ရဲစရာမရှိ"

မည်သူမှ အရှုံးမပေးဘူးသူများမို့ ပြတ်သား၏။

"အကယ်၍ ဒီပြိုင်ပွဲမှာ အနိုင်ရသူကို ကျန်သူအားလုံးက တစ်သက်လုံး ဆရာတင်ရမယ်"

"စိမ်လိုက်လေ၊ ဘယ်သူ့စွမ်းမလဲလို့"

အားလုံး တက်ကြွနေကြသည်။

"ဒါနဲ့ ပစ်မှတ်က"

တစ်ယောက်က မေးသည်။

အားလုံး မျက်လုံးတွေ ရွှေ့လာ၏။

လမ်းမပေါ် ကုပ်ချိကုပ်ချိနှင့် သွားနေသော သူတစ်ဦး။ အားလုံးနှုတ်မှ

"အဲဒီလူ"

ကံစမ်းမဲပေါက်ပြီ။

ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အဆောင်ပေါ် ပြေးတက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အလှပြင်သူပြင်၊ အကျီလဲသူလဲ၊ နှုတ်ခမ်းနီဆိုးသူဆိုးနှင့် ရှုပ်ယှက်ခတ်ကုန်၏။

အမှန်တော့ အဆောင်မှူးပြောသော ကိုယ်စွမ်းကိုယ်စဆိုသည်မှာ ကိုယ့်ဆီမှာရှိသော ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ပညာစွမ်းများနှင့် ယှဉ်ပြိုင်ရန်ကိုသာ ဆိုလိုခြင်းဖြစ်သည်။

ဒါကို ချက်ဆို ဗိုက်ကပ်နေတာလောက်သိသော မဒီလေးဦးမှာ ခပ်တည်တည်နဲ့ ကိုယ့်ကောက်ချက်ကိုယ်ဆွဲကာ ယှဉ်ပြိုင်မှုတစ်ခုကို ဦးတည်သွားကြခြင်းဖြစ်သည်။ လမ်းပေါ်က ဖြတ်သွားဖြတ်လာ ဘယ်ကမှန်းမသိသူကို လက်ညှိုးထိုးပြီး "သူပဲ"ဟူ၍ ပြိုင်ရဲသော သတ္တိမှာ ပေါ့ခေခေတော့ ဟုတ်မည်မထင်။

မှန်ပေသည်။ ဒါကလဲ ကိုယ်စွမ်းကိုယ်စနှင့် ယှဉ်ပြိုင်ခြင်းဟု ယူဆလဲရပေလိမ့်မည်။ ယခုလဲကြည့်လေ

"ဟားဟား ဒီပွဲမှာတော့ သံစဉ်တို့ အပြတ်အသတ်နိုင်လိမ့်မယ်ဆိုတာ သေချာသွားပြီ၊ သံစဉ်တို့က နဂိုနန့်လေ၊ ဟေးဟေး"

"ပြိုင်ဖက်ကို အထင်မသေးပါနဲ့၊ ကဗျာတို့ကလဲ ဆတ်ဆလူးမျိုးရိုးပါ၊ ထုတ်ပြစရာမရှိလို့ ငြိမ်နေတာ၊ မရှိဘူးလို့ မထင်ပါနဲ့ ဟင်းဟင်း"

"အိုး ကာရံတို့က ထည့်ရင်ထည့်သလောက် ဝင်တယ်နော်၊ မလိုအပ်လို့ မထည့်ထားတာ ဟဲဟဲ၊ အမေဆို ကျန်းမာရေးမကောင်းလို့ တစ်ချိန်လုံး အိပ်ရာထဲပက်လက်"

"ကလောင့်အဘွားအကြောင်းပဲ ပြောပြမယ်၊ အဘွားက သိပ်ရိုးတာ၊ အားနာပြီးယူတာတောင် လင်ကိုးယောက်၊ ဟီးဟီး"

ဤသို့ဖြင့်

❀ ❀ ❀





သောက်တော်ဘူးရယ်တဲ့ အိုမကွာ၊ အိုမကွာ
မင်းကျော်စွာရယ်တဲ့ မကျော်လား . .
ဝေးရာကရှား . .

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကိုက မင်းကျော်စွာ။ ခင်မင်သူတော်တော်များ များကတော့ ဦးမင်းကျော်ဟုသာ ခေါ်ကြသည်။

မှန်ပေသည်။ ပညတ်သွားရာ ဓာတ်သက်များပါလေသလား မသိ။ သူ အရက်ကို ကြိုက်တတ်ပေသည်။

အရက်ကိုကြိုက်သည်ဆိုသည်ထက် ချစ်သည်ဟုဆိုလျှင် ပို မှန်ပေလိမ့်မည်။

တစ်နေ့မမြင်ရလျှင် မနေနိုင်သော ချစ်သူကိုချစ်သလိုမျိုး သူ အရက်ကိုချစ်သည်။ ထို့ကြောင့် နေ့တိုင်းတော့သွားတွေ့သည်။ သို့သော် အလွန်အကျွံမဟုတ်။ ချစ်သည်ဆိုရုံလေး ချစ်သလိုမျိုး။

အများကြီးလဲ မချစ်နိုင်။ သူက နယ်ကတက်လာပြီး ကိုယ့် အားကိုယ်ကိုးနေရသူ။





ရထားသောဘွဲ့နှင့် ရုံးတစ်ရုံးတွင် စာရင်းကိုင်ရာထူးလေး ပြုပြီး တစ်ကိုယ်ရည် ရပ်တည်နေရသူ။

အပူအပင်လဲမရှိ။ အလုပ်အကိုင်ကလဲ တည်တည်ငြိမ်ငြိမ်မို့ သူ့ဘဝကိုသူ ရိုးရိုးသားသား ရပ်တည်နိုင်သည်။

ချစ်ရေးချစ်ရာနှင့် ပတ်သက်၍ ယမကာနှင့်သာ နီးနွယ်မှု ရှိပြီး လူသားမိန်းကလေးများနှင့်ကျတော့ သူလဲ မိန်းမတွေကို ရှိတယ် လို့မထင်။ မိန်းမတွေကလဲ သူ့ကိုမမြင်မို့ ဘဝကို ဒီအတိုင်း စင်းစင်း ကြီးသာ ဖြတ်သန်းနေရရှာသည်။

အမှန်ဆိုလျှင် သူ့အရွယ်က ချစ်သူရည်းစားထားဖို့ထက် အိမ် ထောင်ပြုဖို့ပင် အရွယ်တော် တဆိတ်ဟိုင်းနေပြီ။ သူသာ ဂျာမနီသား ဖြစ်ပါက

"ဟိုင်း ဦးမင်းကျော်"

ဟုပင် နှုတ်ဆက်ရမည်။

သူသည် ဒီအရွယ် ဒီအထိ ချစ်သူရည်းစားထားရန် စိတ် မဝင်စား။ ယုတ်စွအဆုံး အပေါင်းအသင်းပင်မမင်။

အလုပ်သွားလိုက်။ လုပ်စရာရှိတာလုပ်လိုက်။ အလုပ်က ပြန်လာလိုက်၊ တစ်ကိုယ်တော်ငှားနေသော အခန်းကျဉ်းလေးထဲတွင် အထီးကျန်လိုက်နှင့် သူ့ဘဝက ရိုးရိုးရှင်းရှင်းပင် ဖြတ်သန်းနေရလေ သည်။

သူ မည်မျှရိုးသားနိုင်မည်နည်း။ ယခု သူ့ကို ဒုက္ခပေးမည့် အဖွဲ့အစည်းတစ်ခု ရှိနေပေပြီ။ ထိုအဖွဲ့အစည်း ကောင်းမှုကြောင့် အချစ်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရပေတော့မည်။

သူ မည်မျှခံနိုင်ရည်ရှိသည်ကို စောင့်ကြည့်ပါ အဆွေ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ဝေလီဝေလင်းထဲက ကလောင် ဝီရိယကောင်းနေသည်။

မျက်နှာကို အလှဆုံးခြယ်။ နောက်ဆုံးပေါ် အဝတ်အစား များဝတ်၍ မနေ့ကတွေ့ခဲ့သော သူကြီးကို စောင့်နေသည်။

သူ့ပုံစံက ကြွေကျခါနီးအသီးလို မှည့်ဝင်းနေသည်။ နံနက် စောစီးသော နေရောင်နှင့်အတူ တောက်တောက်ပပ။

ဟိုလူ ဘယ်နည်းနှင့်မဆို သူ့ကို သတိထားမိမှာ သေချာ သည်။

"အို နတ်သမီးနဲ့တောင် မှားချင်မှားဦးမှာ"

သူ့အတွေးနှင့်သူ ဘဝင်တွေမြင့်နေသည်။

မြင့်လဲမြင့်ချင်စရာ။





တကယ်လဲ လှပါသည်။

နောက်ပြီး သူ့တွင် အကြံလဲ လှနေသည်။

ပထမအကြံက ငွေမကုန်ဘဲ အလုပ်ဖြစ်မည့်နည်း။

နောက်တစ်နည်းက ငွေကုန်ပြီး ပိုထိရောက်မည့်နည်း။

"လူရယ်လို့ ဖြစ်လာခဲ့ရင် အလှူအတန်းတော့ ပြုကြရမှာပဲ မဟုတ်လား၊ ဒါကြောင့် လှူတတ်ရင် မြတ်တယ်ဆိုတဲ့"

သူ့ထက် ဝီရိယကောင်းသော ရပ်ကွက်ထိပ် အလှူခံမဏ္ဍပ် က နှိုးဆော်နေပြီ။

သူပြုံးလိုက်သည်။

သူ လမ်းမဖက် မျှော်ကြည့်သည်။

"ဟော လာပြီ၊ ဟိုလူကြီး"

မနေ့က သူတို့ပစ်မှတ်ထားသောလူ ငိုက်စိုက်ငိုက်စိုက်လမ်း လျှောက်လာတာကိုမြင်တော့ ကလောင်ဝမ်းသာသွားသည်။ သို့သော် မသိချင်ယောင်ဆောင်၍ သူက ရှေ့ကဦးဆောင်လျှောက်လိုက်သည်။ ဟိုလူက သူ့ကို သတိပင်မထားမိသေးဘဲ ငိုက်စိုက်ငိုက်စိုက်လိုက်လာ တုန်း။

သူ့ကိုလဲမကြည့်တော့ ဘာလုပ်ရမှန်းမသိ။ နောက်မှ သတိ ရကာ မိန်းမညာဏ်သုံးပြီး

"အမေ့"

လက်ထဲပိုက်လာသော စာအုပ်သုံးလေးအုပ်ကို လွှတ်ချလိုက် သည်။ သဘောကတော့ ဒီအဖြစ်အပျက်ကိုမြင်ပြီး ဟိုလူ စာအုပ် လာဝိုင်းကောက်ချိန် ညို့မည်။

သို့သော် သူထင်သလိုဖြစ်မလာ။ ဟိုလူက ငိုက်စိုက်ငိုက်စိုက် နှင့် သူ့ကို သတိမထားမိသည့်အပြင် လျှောက်သည့်လမ်းချင်းတူပါက သူ့ကိုပါ ခွကျော်သွားမည့် အနေအထား။



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည် မအောင်မြင်၍ ကလောင်စိတ်ပျက်သွားသည်။ သို့သော် ရရှိထားသော အခွင့်အရေးကိုလဲ လက်လွှတ်မခံချင်။ ထို့ကြောင့် စာအုပ်တွေ ကမန်းကတန်းကောက်၊ အိတ်ထဲက ငါးထောင်တန်တစ်ရွက်ကို အလျင်အမြန်ထုတ်၍ ဟိုလူ့နောက်ပြေးလိုက်ကာ

"ဒီမှာ ဒီမှာ"





သူမ၏ခေါ်သံကြောင့် အရှေ့ကလူ ခြေလှမ်းရပ်တန့်သွားသည်။ နောက် တဖြည်းဖြည်းချင်း လှည့်လာသည်။

"ဟင်"

ပြုံး၍ကြည့်နေသော ကလောင်ကိုမြင်တော့ ကျော်စွာ အံ့အားသင့်သွားပုံရ၏။ ကလောင်က လက်ထဲက ငါးထောင်တန်ထောင်ပြပြီး

"သူ ပိုက်ဆံများ ကျသွားသလားလို့"

ကလောင်၏အမေးကို ကျော်စွာက ဘေးဘီဝေ့ကြည့်သည်။ နောက် သူ့အိတ်များကို သူပြန်စမ်းရင်း ခေါင်းခါကာ

"ဟင့်အင်း မကျပါဘူး၊ ဘာမှမကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကလောင်က ခပ်ဖွဖွလေး ရယ်လိုက်ပြီး

"အသေအချာပြန်ကြည့်ပါဦး၊ ဒီလမ်းမှာ ဒီအချိန် လမ်းလျှောက်နေတာ သူနဲ့တို့ပဲရှိတာ၊ သူကျခဲ့တာပဲဖြစ်မယ်"

ကျော်စွာက ကလောင်လက်မှ ငါးထောင်တန်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။ ကလောင်ရင်ထဲ ထိတ်ခနဲ။ တကယ်ယူသွားလျှင် ငါးထောင်ဆုံးပြီ။

ကျော်စွာက ငါးထောင်တန်ကို ဟိုကြည့်ဒီကြည့်လုပ်ပြီး ပြန်ထိုးပေးရင်း

"အစစ်တော့အစစ်ပဲ၊ ဒါပေမယ့် ဒီဂဏန်းနဲ့ပိုက်ဆံ ကျွန်တော့်မှာ မရှိဘူး၊ နောက်ပြီး ကျွန်တော့်မှာ ငါးထောင်တန်လဲ မရှိဘူး"

ကလောင်ရယ်လိုက်သည်။ အကွက်ထဲဝင်ပြီကိုး။

"ဒါဖြင့်ရင် ဒီငါးထောင်တန်က ဒီမနက်မှာ ရှင်နဲ့ကျွန်မ ထိုက်လို့ရတာပဲ၊ ဒါကြောင့် ကျွန်မတစ်ယောက်တည်းလဲ မသုံးချင်ဘူး၊ လက်ဖက်ရည် အတူသွားသောက်ကြရအောင်"

ကျော်စွာ တွေဝေသွားသည်။

"ဒါဆို ဒါက ငွေယားပေါ့"

"အင်း"





ကျော်စွာငြိမ်သွားပြန်သည်။ စဉ်းစားနေပုံ။ ကလောင်က ဆက်၍

"လက်ဖက်ရည်လေ"

"မူးလား"

ကျော်စွာက ဖြတ်မေးသည်။ ကလောင်က ခေါင်းခါပြီး

"မမူးဘူး"

"ဒါဖြင့် BE သွားချရအောင်"

"ဟင်"

ကလောင် သူမကြားဖူးသောစကားမို့ ကြောင်သွားသည်။ နောက် မျက်မှောင်ကြုတ်ပြီး

"ဘာလဲ BE"

ကျော်စွာက ရယ်ဖြဲဖြဲလုပ်ပြီး

"အဟဲ BE ဆိုတာ လစ်ကွာလေ"

"လစ်ကွာ၊ ဘာလဲ လစ်ကွာ"

ကလောင် ကျော်စွာပြောတာ မရှင်းသေး။

"လစ်ကွာဆိုတာ ယမကာလေ"

"ယမကာ ယမကာဆိုတာ ဘာလဲ"

အူကြောင်ကြောင်နှင့် ထပ်မေးသည်။ ကျော်စွာက

"ယမကာဆိုတာ သူရာလေ သူရာ"

ကလောင် ခေါင်းကုတ်ပြီး

"သူရာ၊ ကြားဖူးဘူး၊ သူရတော့သိတယ်၊ သူရာဆိုတာ"

"အရက်ဟေ့ အရက်၊ ရှင်းပြီလား"

ထိုတော့မှ ကလောင်သဘောပေါက်သွားသည်။

"ဩော် အရက်ဆိုတာ သောက်ရင်မူးတဲ့အရက်ကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟင်း ပါဠိလိုပြောမှပဲ ရှင်းတော့တယ်၊ တကတည်း"

"ဟာ အဲဒါမကောင်းပါဘူး၊ ကြိုက်လို့ရှိရင် အဖေတို့သောက်တဲ့ Hennessy XO တို့ ဘာတို့ယူခဲ့ပေးမယ်၊ လာ အခုတော့ လက်ဖက်ရည်ပဲသောက်"

ဆိုကာ လက်ဖက်ရည်ဆိုင်သို့ ကျော်စွာအား ဆွဲခေါ်လာလေတော့သည်။





နေခြည်က အနည်းငယ်ပွင့်ပေပြီ။

လှတပတဝတ်စားထားသော ကောင်မလေးနှင့်၊ စုတ်ချာချာလူတစ်ဦးတို့ တွဲထိုင်နေခြင်းက လက်ဖက်ရည်ဆိုင်ထိုင်နေသောလူများအဖို့ အစားအသောက် ပျက်စေသည်။

"တောက် ဒီရုပ်နဲ့ဒီအဆင်ကွာ"

"အေးလေ ငနဲက ငါ့လောက်တောင် မသားနားဘူး"

"ကောင်မလေးကလဲဟယ်၊ တွဲစရာရှားလို့"

အားလုံး ပွစိပွစိ ဖြစ်နေကြသည်။ သူတို့ကတော့ သတိထားမိပုံမပေါ်။ သူတို့အာရုံနှင့် သူတို့။

"ဒါနဲ့ သူနာမည်က"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျော်စွာ"

ကလောင်ပျော်နေမိသည်။ ဒီလူမျိုးကို လွယ်လွယ်ဖမ်းမိပြီး သူအားလုံးကို အနိုင်ရတော့မည်ကိုး။

"ဒါနဲ့ နာမည်က"

ကျော်စွာက ပြန်မေးသည်။ ကလောင် ဝမ်းသာသွား၏။ သူ့ကို စိတ်ဝင်စားပြီကိုး။ ထို့ကြောင့် အားတတ်သရောဖြင့်

"ကလောင်"

"မက်ကလောင်၊ ထွီ ဖင်မှာပေါက်တဲ့အနာနာမည်ကြီး"

"မက်ကလောင် မဟုတ်ပါဘူး၊ ကလောင်ပါပဲ"

ကျော်စွာ မျက်မှောင်ကြုတ်သွားသည်။

"သူငယ်ချင်းတွေက ဘယ်လိုခေါ်လဲ"

"ကလောင်ပဲလေ၊ ဘာဖြစ်လို့လဲ"

ကျော်စွာ မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဆရာမနာမည်ခေါ်တော့"

"ကလောင်ပဲလေ"

"တော်သေးတာပေါ့၊ မ,မထည့်လို့၊ မ,ထည့်ခေါ်လို့ကတော့ မက်ကလောင်ကိုဖြစ်ပြီ၊ မက်ကလောင်ဆိုတာ ဖင်မှာဖြစ်တာလေ၊ အဲသည်လိုဖြစ်ရင် ကုတဲ့မြန်မာဆရာက လူနာကို ပြောင်းဖူးတွေထိုင်စားပြနေတာ၊ ပြောင်းဖူးစေ့တွေကုန်မှ ပြောင်းဖူးရိုးနဲ့"

"ဝေါ့"

ကလောင် အစားအသောက်ပါ ပျက်ကုန်၏။ သူ့မှာလဲ မကြားဖူးတာတွေချည်းပဲ ကြားနေရသည်ကို။

ဘေးနားက လူတွေကလဲ ကောင်မလေးချောချောလေးနှင့် စုတ်ချာချာကောင်လေးတို့ မည်ကဲ့သို့ ချစ်ရည်လူးစကားများ ကြားရမည်နည်းဟူသောအထင်နှင့် ခိုးနားထောင်နေကြတာ။ အားလုံး တပို့ တအန့်အန့် ဖြစ်ကုန်ကြသည်။

လူနှစ်ဆယ်စာခန့် အစားအသောက်ပျက်ပြီးမှ

"ကဲ ကျွန်တော်လဲ အလုပ်မမီလို့ သွားရတော့မယ်"

ကလောင်က အကြံနှင့်မို့ ကျော်စွာကို လှမ်းတားရင်း

"ဟိုလေ ကိုကျော်စွာ ထိုင်ပါဦး"

ကျော်စွာက ထမည်ပြင်ပြီးမှ ကုန်းကုန်းကွကွနှင့် ဖြစ်နေသည်။

"ဒီမှာလေ၊ ကောက်ရတဲ့ပိုက်ဆံငါးထောင် မဟုတ်လား၊ အဲဒါ လက်ဖက်ရည်ဖိုးရှင်းရတာမှ သုံးထောင်ထဲ"

"အင်းလေ ဘာဖြစ်လို့လဲ"

"အဲဒါလေ၊ ငွေက နှစ်ထောင်ပိုနေတော့ ဘာလုပ်ရမှန်းမသိဖြစ်နေတယ်၊ အဟဲ"

ကျော်စွာက မျက်မှောင်ကြုတ်ပြီး

"အဲဒါ မက်ကလောင်၊ အဲ ကလောင်ယူလိုက်လေ"

"ဩော် အဲလိုလဲ ကလောင်က မယူချင်ဘူး"

"ဒါဆို ကျွန်တော်ယူမယ်လေ ပေး"

ကျော်စွာက အတင်းဆွဲသည်။ ကလောင်က ရှောင်ရင်း

"အဲ အဲလိုလဲ မဟုတ်ဘူး"

ကျော်စွာက ခေါင်းကုတ်ပြီး

"ဒါဆို ဘယ်လိုလဲ"

သူ့အမေးကို ကလောင်က ကြာမှုပါပါပြုံးရင်း

"အဲဒါ ဒီပိုနေတဲ့ပိုက်ဆံကို ကိုကျော်စွာနဲ့ကလောင် ရေစက်ဆုံရအောင် လမ်းထိပ်အလှူခံမဏ္ဍပ်မှာ နှစ်ယောက်လုံးနာမည်နဲ့ လှူပေးပါလားဟင်"

ကျော်စွာ မျက်မှောင်ကြုတ်သွားသည်။ ဘာသဘောလဲတို





စိုး၊ မိုး၊ စာ၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေပုံရသည်။ နောက်မှ အလုပ်နောက်ကျနေမည်စိုး၍ ခပ်လွယ်လွယ်ခေါင်းညိတ်ပြီး

"ရတယ်လေ၊ ကျွန်တော်လှူပေးပါ့မယ်"

ဆိုကာ တစ်ထောင်တန်နှစ်ရွက်ကို ဆွဲယူကာ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်ချသွားသည်။ လမ်းတစ်ဝက်ရောက်မှ ကလောင်က

"ကိုမင်းကျော်စွာ"

"ဗျာ"

မင်းကျော်စွာ ပြန်လှည့်ကြည့်သည်။ ကလောင်က ခေါင်းငုံ့ရင်း

"ဟိုလေ တနင်္ဂနွေနေ့ ဘယ်သွားစရာရှိလဲ"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားသည်။ ပြီးမှ

"ကြက်တိုက်ဖို့ချိန်းထားတာတော့ ရှိတယ်"

"ဟင် ဘာ"

မကြားဘူးသောစကားကြား၍ ကလောင် အံ့အားသင့်သွားသည်။ မင်းကျော်စွာက

"ကြက်တိုက်ဖို့လေ ကြက် ကြက်"

"ဘယ်လို"

"ဪ ကြက်နှစ်ကောင်ခွပ်တာလေ၊ မမြင်ဖူးဘူးလား"

"ဟင့်အင်း"

ကလောင်အဖြေကြောင့် မင်းကျော်စွာ ဝမ်းသာသွားပုံရသည်။ ထို့ကြောင့်

"ဒါဖြင့် တနင်္ဂနွေနေ့ လိုက်ခဲ့လေ၊ ချိန်းဝိုင်းရှိတယ်၊ ဝိုင်းကြီး"

ကလောင်က ခေါင်းကုတ်ရင်း

"အဲ အဲဒီကြက်ပွဲတော့ မလိုက်တော့ပါဘူး၊ တနင်္ဂနွေနေ့အားရင်သာ ကန်တော်ကြီးစောင်းက စောင့်နေပါ"





မင်းကျော်စွာ မျက်မှောင်ကြုတ်သွားသည်။

"ကန်တော်ကြီးစောင်း"

"အင်း"

"အဲဒီမှာရော ကြက်ဝိုင်းရှိလို့လား"

"ကြက်ဝိုင်းတော့ မရှိပါဘူး၊ ဒါပေမယ့်"

ကလောင်က ခေါင်းငုံ့ရင်း

"လာခဲ့လေ"

ကျော်စွာ ကလောင်ကို အသေအချာ ပြန်စိုက်ကြည့်သည်။ ပြီးမှ

"အင်းလေ ပြီးရင်တော့ လာခဲ့ပါ့မယ်"

ကလောင်က ရှင်လန်းစွာရယ်သည်။

သူထွက်သွားသည်နှင့် ကလောင်က ဝမ်းသာအားရနှင့် အဆောင်ပြန်ပြေး၏။ သူ့အကြံအောင်ပြီကိုး။

သိပ်မကြာပါ။ လမ်းထိပ်လော်စပီကာက

"မင်းကျော်စွာနဲ့ မကလောင်တို့က စေတနာပြတ်သားစွာဖြင့် အလှူငွေနှစ်ထောင်ကျပ်ကို စေတနာပေါက်၍ လာရောက်လှူဒါန်းသွားပါတယ်ခင်ဗျား"

⊛ ⊛ ⊛



www.burmeseclassic.com

www.burmeseclassic.com



“မင်းကျော်စွာနဲ့ မကလောင်တို့ စေတနာပြတ်သားစွာဖြင့် အလှူငွေနှစ်ထောင်ကျပ်ကို စေတနာပေါက်၍ လာရောက်လှူဒါန်း သွားပါတယ်ခင်ဗျား”

“ဟင်”

လမ်းထိပ်အလှူခံမဏ္ဍပ် လော်စပီကာမှ ထိုအသံကြီးကြား သည်နှင့် နေဖင်ထိုးအောင်အိပ်နေသော ဟိုသုံးယောက် ခုန်ထလာ ကြလေသည်။

“ဟာ ဟာ သွားပြီ၊ သွားပြီ”

“ဟင် နောက်ကျသွားပြီ”

“ဟယ် လုပ်ပါဦး၊ လုပ်ကြပါဦး”





ကမန်းကတန်း အခန်းတံခါးဝကို တွန်းဖွင့်လိုက်တော့

“ဟင်”

“ဟယ်”

“ဟယ်”

အခန်းဝမှာ အံ့အားသင့်မျက်နှာနှင့် ခေါင်းသုံးလုံး။ သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ အံ့အားသင့်ဆဲမှာပင် စလင်း ဘက်(ခ်)ကလေး တယမ်းယမ်းနှင့် သီချင်းညည်းဝင်လာသော ကလောင်။

“မောင် အရင်လို မဟုတ်တော့ဘူး၊ မဟုတ်တော့ပါဘူးကွယ်၊ တနင်္ဂနွေလို ကျောင်းအားရက်တွေမှာဖြင့် အိမ်ကို လာလည်တုန်း စကားမဆုံးခင်ကွယ်”

အားလုံး ပါးစပ်အဟောင်းသားနှင့် ကလောင်ကိုကြည့်ကြ သည်။

ကလောင်က အားလုံးကို အပေါ်စီးဆန်ဆန် ဝေ့ကြည့်လိုက် ပြီး

“ကဲ အားလုံးလဲ ကြားတယ်နော်၊ အလှူငွေတောင် အတူ ထည့်ပြီးပြီဆိုတော့ တို့နှစ်ယောက်အခြေအနေကို ရိပ်မိကြပြီပေါ့၊ အဲဒီ တော့ အားလုံးက ယနေ့မှစ၍ ဆရာမကလောင်၊ ဒါမှမဟုတ်ရင် သူဌေးကလောင်လို့ ခေါ်ကြပေါ့၊ ဟုတ်ပြီလား၊ ဟင်းဟင်း”

ကလောင်စကားကြောင့် အားလုံး မျက်နှာရှုံ့မဲ့ကုန်၏။ ကလောင် က ပြန်ဝေ့ကြည့်ရင်း

“အဲ အစ်မကြီးရှေ့မှာ ဂုဏ်တုဂုဏ်ပြိုင်တွေ ဆက်မလုပ်နဲ့ နော်၊ အစ်မကြီးမကြိုက်ဘူး၊ ပြောမရရင်တော့ လက်ပါရမှာပဲ၊ ဟဲဟဲ”

အားလုံး အသားတွေတုန်ကုန်၏။ နောက်မှ ကဗျာထွက်လာ ပြီး

“နေပါဦး၊ လော်စပီကာက ဒီလိုအော်ရုံနဲ့ နင်တို့ညီးစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီဆိုတာ ယုံရမှာလား"

သူ့စကားကို သံစဉ်ကလဲ ထောက်ခံပြီး

"အေးလေ၊ ဒါမျိုး တို့လဲ ငွေနှစ်ထောင်သုံးထောင်လှူပြီး အော်ခိုင်းလို့ရတာပဲ"

တစ်ခါ ကာရံကပါဝင်ပြီး

"ဟုတ်ပ၊ ဒါမျိုးတွေ ရှေးရိုးရှေးနည်းတွေပါ၊ ရိုးနေပြီ"

သူတို့စကားများကြောင့် ကလောင်မျက်နှာပျက်သွား၏။ နောက်မှ

"ဟဲ့ ဒီလောက်လော်စပီကာက အသံပြဲကြီးနဲ့ ဒီလောက်အော်တာတောင် နင်တို့မယုံသေးဘူးလား၊ ငါဘယ်လို သက်သေပြရမလဲ"

အားလုံး မျက်နှာတွေရှုံ့၍ လက်ခါကြကာ

"ယုံစရာမှ မရှိတာ"

"လုံးဝမယုံ၊ ဒါ လုပ်ဇာတ်"

"မှန်ပ၊ ဒါမျိုးတွေရိုးနေပြီ"

အားလုံး ပြတ်ပြတ်သားသားငြင်းနေတော့ ကလောင်တင်းသွားသည်။

နောက် ဘေးဘီဝေ့ကြည့်ရင်း အဆောင်သူ ထွေးထွေးကို တွေ့တော့ ပျော်သွားသည်။ ခုန သူနှင့်မင်းကျော်စွာ





လက်ဖက်ရည်ဆိုင်မှာ သူထိုင်နေတုန်း တခြားဝိုင်းတွင် ထွေးထွေး ထိုင်နေသည်ကို။ ထို့ကြောင့် အားတက်ပြီး

"ဩော် နင်တို့က မယုံသေးဘူး ဟုတ်လား၊ ဒါဆို ကဲ ထွေးထွေး ခုနတုန်းက ငါနဲ့ကိုမင်းကျော်စွာတို့ လက်ဖက်ရည်ဆိုင်မှာ ဘယ်လိုကြည်နူးပြီး ဖျတ်ဖျတ်လူးခဲ့တယ်ဆိုတာ ပြောပြလိုက်စမ်း"

အားလုံး ရင်တထိတ်ထိတ် ဖြစ်သွားသည်။ သူပြောတာ မှန်နေလျှင်သွားပြီကို။

ဒါကို ထွေးထွေးကလဲ ခြေသံမ်းရပ်ပြီး

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူနဲ့ ဟိုလူကြီးတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ မက်ကလောင်ကို ပြောင်းဖူးရိုးနဲ့ခြစ်တဲ့အကြောင်းတွေ ပြောနေတာကြားတယ်"

"ဟားဟားဟား ဒါလား ရည်းစား"

"ဟားဟား ဖင်မှာဖြစ်တဲ့ မက်ကလောင်ကို ပြောင်းဖူးနဲ့ ခြစ်ခြစ် ခစ်ခစ်"

"ဟယ် ဝဲစိုဝဲစေ့ကိုမှဟယ် ဟဲဟဲ"

ထွေးထွေးစကားကို အားလုံးဝိုင်းဟားနေကြတော့သည်၊ ကလောင် မျက်နှာပျက်သွားသည်။

နောက် ရှက်ကိုးရှက်ကန်းနှင့်

"မ,ကလောင်ကို ချစ်တယ်လို့ ပြောတာပါဟယ်"

ဆိုရှာသည်။ ဒါကို အခွင့်စောင့်နေသော သံစဉ်က

"ဟင် ဒါဖြင့် ဟိုပြောင်းဖူးရိုးကြီးက ဘာလုပ်တာလဲ၊ ဟဲဟဲ"

ကလောင် မျက်နှာပျက်သွားပြန်သည်။

"နင်တို့မယုံလဲနေ၊ ဒီနေ့တော့နေဦး၊ နောက်နေ့များကျမှ ဟင်း"

ဆိုကာ ကလောင် အခန်းထဲဝင်ကာ တံခါးကို ကျင်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ပိတ်ချလိုက်သည်။

ထိုတော့မှ အားလုံးရင်ထဲ ထိတ်ခနဲ။ နောက်တစ်ကြိမ် ကလောင်ဦး၍မဖြစ်။ ကလောင်သာ ဦးသွားပါက သူတို့ဘဝက သေပြီ။ ထို့ကြောင့်။





## [illegible]

ရပ်ကွက်ထိပ်ရပ်မည့်ကားဂိတ်တွင် ကာရံခြေချိတ်ရပ်နေသည်။ သူမှာလဲ အကြံအစည် အကြီးကြီးရှိတာမို့ ဤကဲ့သို့ မှင်ကောင်းနေရခြင်းဖြစ်သည်။

သည်တစ်ပွဲကလဲ သူတို့လေးယောက်လုံးအတွက် အဆုံးအဖြတ်ပွဲမို့ ညံ့၍မဖြစ်။ ညံ့နေပါက တစ်သက်လုံး အတိုင်းအတာအရ ခံသွားရနိုင်သည်ပဲ။

ထို့ကြောင့် သူများထက်နှာတစ်ဖျားသာအောင် ဤသို့အပင်ပန်းခံ စောင့်နေရခြင်းဖြစ်သည်။ သည့်အတွက်လဲ သူတွင် အကြံအစည်ကောင်းရှိသည်။ သူက စိတ်မြန်လက်မြန်သမားမို့ ရဲရဲဝင့်ဝင့်ရိုက် စနစ်သာသုံးရန် ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော လာပြီ"

သူအပင်ပန်းခံစောင့်ရကျိုးနပ်ပေပြီ။ လိုင်းကားတစ်စီးပေါ်မှနေ၍ တခြားသူများနှင့်အတူ မင်းကျော်စွာ ဆင်းလာတာ လှမ်းမြင်လိုက်၍ဖြစ်သည်။

သူ့ရင်ထဲ ကုလားဘုရားလှည့်သလောက်ကို ဝမ်းသာသွားသည်။

မင်းကျော်စွာ သူ့ရှေ့ရောက်သည်နှင့် သူ ကိုရီးယားမင်းသမီးများလုပ်သလို

"ဟား(ရှ်)"ခနဲလုပ်ပြသည်။ သူ့စိတ်ထဲတွင်တော့ ကိုရီးယားဇာတ်ကားများမှာလို သူ့ကို Slow motion နှင့် လှလှပပ မြင်လိုက်ရပြီး ချက်ချင်း မျက်လုံးအရောင်တွေလဲ့ပြီး မြင်မြင်ချင်း ချစ်မိသွားမည်ဟုထင်သည်။ တစ်ချက်ပစ် တစ်တောင့်ထိနည်း။

သို့သော် ဟိုကမမြင်ဘဲ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားတော့၊ သူပဲ ခွေးအိုကြီး အမဲရိုးနင်သလို ဟစိဟစိနှင့် ဟား(ရှ်) ဟား(ရှ်) လုပ်ရင်း ကျန်ခဲ့ရလေသည်။ သို့သော် သူစိတ်မလျှော့။ သူ့တွင် ကျန်သေးသည်။

"Plan (b)"

သူ့တွင် ဤကိစ္စအတွက် Plan(Z) အထိ ဆွဲထားပြီးသား။ ထို့ကြောင့် Plan (b) ကိုပြောင်းသုံးရန်အတွက် မင်းကျော်စွာနောက် ပြေးလိုက်သွားသည်။ နောက် အသံကျယ်ကျယ်နှင့်

"ကိုမင်းကျော်စွာ ကိုမင်းကျော်စွာ"





"ကိုမင်းကျော်စွာ ကိုမင်းကျော်စွာ"

သူ့နာမည်ခေါ်သံကြားတော့ မင်းကျော်စွာခြေလှမ်းများ ရပ်သွားသည်။ မနက်ကကောင်မလေးများလားဟု ထင်မိသေးသည်။

"ဟင်"

မနက်က မက်ကလောင်ဆိုသော ကောင်မလေးမဟုတ်။ ဒါကလဲ လှတပတလေး။ ကောင်မလေးက ပြုံးရွှင်စွာပြေးလာသည်။ သူ့နားရောက်သည်နှင့်

"ကိုမင်းကျော်စွာ၊ ကိုမင်းကျော်စွာ မဟုတ်လား"

မင်းကျော်စွာက ကြောင်တောင်တောင်နှင့် ခေါင်းညိတ်သည်။ ကောင်မလေးက ဝမ်းသာအားရ ထခုန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ မှတ်မိလား ကာရံလေ၊ ကာရံ"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွား၏။ သူ့အသိထဲတွင် ကာရံဆိုသည့်နာမည်နှင့်မိန်းကလေး ဘယ်တုန်းကမှ မရှိခဲ့။ ဒါကို ကောင်မလေးက

"ကိုမင်းကျော်စွာ မမှတ်မိဘူးလား၊ ကိုမင်းကျော်စွာနဲ့ ကာရံက နို့စို့ဖက်လေ၊ နို့စို့ဖက်"

မင်းကျော်စွာမျက်မှောင် ပိုကြုတ်သွားသည်။ ဒီအရွယ်နှင့် ဒီအရွယ် နို့စို့ဖက်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ ဖြစ်နိုင်တာ တစ်နည်းပဲရှိသည်။ ထို့ကြောင့်

"တစ်ယောက်နို့တစ်ယောက် စို့ခဲ့တာလားဟင်"

ကောင်မလေးက မျက်နှာပျက်သွားသည်။ သို့သော် ခဏသာ။ ခုန်ဆွခုန်ဆွပြန်လုပ်ပြီး

"ဟယ် ကိုမင်းကျော်စွာက နောက်ပြီ၊ ငယ်ငယ်တုန်းကအတိုင်းပဲ၊ ဘာမှမပြောင်းလဲဘူးနော်"

"ကြီးလာတယ်နော်၊ မမြင်ဘူးလား"

"အဲဒါပြောတာ မဟုတ်ဘူး၊ စတတ်နောက်တတ်တဲ့အကျင့်ကို ပြောတာ၊ ငယ်တုန်းကအတိုင်းပဲလို့"

မင်းကျော်စွာ မျက်လုံးပြူးသွားသည်။

"ဟင် ငယ်တုန်းကမြင်ဖူးတယ်"

"မြင်ဖူးတာပေါ့၊ အိမ်နီးချင်းတွေပဲ"

ထိုစကားကို မင်းကျော်စွာက ရှက်ကိုးရှက်ကန်းနှင့်

"ဟင် ဒါဆို ကျွန်တော်ငယ်တုန်းက ပုံမြင်ဖူးမှာပေါ့နော်၊ အဟိ ရှက်စရာကြီး"

အရေးထဲ ယောကျ်ားရင့်မာကြီးဖြစ်ပါလျက် ရှာကြံရှက်နေ

သေး၏။

"မြင်ဖူးတာ အသာထားလိုက်ပါ၊ ဆိုင်တစ်ဆိုင်သွားပြီး တစ် ခုခုစားရင်း စကားပြောရအောင်"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားသည်။

"ဆိုင်တစ်ဆိုင်"

"အင်းလေ၊ တစ်ခုခုသောက်၊ တစ်ခုခုစားရင်း"

မင်းကျော်စွာ အားတတ်သွားသည်။

"ဒါ ဒါဆို BE သွားချရအောင် BE"

"ဟမ်"

ကာရံကြောင်သွားသည်။ နောက်မှ သဘောပေါက်ပြီး

"ဟာ ဒီအချိန်ကြီး အရက်မသောက်ပါနဲ့၊ သောက်ချင်ရင် နောက်မှ ဖေဖေ သောက်တဲ့ Blue Label ခိုးခဲ့၊ အဲ ယူခဲ့ပေးမယ်၊ အခုတော့ လက်ဖက်ရည်"

"ဟာဗျာ၊ ယောကျ်ားရင့်မာကြီးဖြစ်ပါလျက်နဲ့ ဆယ့်နှစ်နာရီ ကျော်လို့ အချိုရည်ဆိုင်သောက်နေတာ သူများမြင်သွားရင် ရှက်စရာကြီးဗျာ၊ ကျုပ်က ဆယ့်နှစ်နာရီကျော်ရင် အရက်ကလွဲလို့ ရေတောင် သောက်







www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ ရှက်လို့”

လာပြီ။ ဦးမင်းကျော်ဇာတိက ပြပြီ။ ဒါကို ကာရံက

“အဲ အဲဒါက ခါတိုင်းမနေ့လေ၊ ဒီနေ့တော့ ငယ်ပေါင်းတွေနဲ့ ပြန်ဆုံတဲ့အနေနဲ့ သံပရာရည်လောက်ပဲသွားချ၊ အဲ သွားသောက်ရအောင်”

သံပုရာရည်ဆိုတော့ မင်းကျော်စွာခြေလှမ်းက မရွေ့ချင်။ ကာရံက သူ့လက်ကို အတင်းဆွဲရင်း

“ကဲပါ၊ တစ်ခါတလေ ငယ်ပေါင်းတွေနဲ့ ပြန်ဆုံရတာ တခြားဟာတွေထက် ပျော်စရာကောင်းပါတယ်၊ လာပါ”

အတင်းဆွဲခေါ်မှ ယက်ကန်ယက်ကန်နှင့် ပါလာရလေသည်။ ဆိုင်ရောက်သည်နှင့် ကာရံက

“ကဲ ကိုမင်းကျော်စွာ ဘာသောက်မှာလဲဟင်”

“BE လေ BE ”

“ဟော့ BE နှစ်ပက်၊ အဲ အဲလေ သံပရာရည်နှစ်ခွက်”

ကာရံ သူ့စိတ်ကြိုက်သာ သူမှာလိုက်ရသည်။ မင်းကျော်စွာကိုမေးပါက BE ကတက်မည်မဟုတ်။

“ဒါနဲ့ ကိုမင်းကျော်စွာ နယ်ကိုရော ပြန်ဖြစ်သေးလား”

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားသည်။

“နယ်၊ ဘယ်နယ်လဲ”

ကာရံက စကားရောဖောရောနှင့်

“ဟိုလေ၊ အရင်နေတဲ့နေရာလေ၊ ဘယ်လဲ”

“သာကေတလား”

ကာရံက အားရဝမ်းသာ စားပွဲကို လက်နှင့်ပုတ်ရင်း

“အေး အဲဒီနယ်ကိုပြောတာ၊ သာကေတ၊ သာကေတ အင်း”

မင်းကျော်စွာက သူ့ခေါင်းသူကုတ်ပြီး





“သာကေတက နယ်မှမဟုတ်တာ ရန်ကုန်မြို့ထဲမှာပဲဟာ”

ကာရံက ခေါင်းတညိတ်ညိတ်လုပ်ရင်း

“အဲဒါပြောတာပေါ့၊ သာကေတဆိုတာ အရင်တုန်းက တောကြီးလေ၊ ဒါကြောင့် နယ်လို့ပြောတာပေါ့၊ အဲ ဒါနဲ့ မိဘတွေရော နေကောင်းကြတယ် မဟုတ်လား၊ ကောင်းမှာပါ၊ သူတို့က ကျန်းမာရေးလိုက်စားတဲ့သူတွေပဲ၊ ကာရံနဲ့တောင် မတွေ့တာကြာပြီ”

မင်းကျော်စွာ ခေါင်းကုတ်ပြန်သည်။ ပြီးမှ

“မိဘတွေက ဆုံးတာကြာပြီလေ၊ ကျွန်တော့်ကိုယ်ဝန်ရတော့ အဖေဆုံးတယ်၊ ကျွန်တော် မီးတွင်းထဲမှာ အမေဆုံးတယ်၊ ဒါနဲ့ ညီမနဲ့က ဘယ်တုန်းက ဆုံဖူးတာလဲဟင်၊ သူတို့က ဘာကျန်းမာရေးမှ လိုက်စားလို့လဲ”

ပြောသမျှလွဲနေ၍ ကာရံ မျက်နှာပျက်သွားသည်။ သို့သော် မြို့ကြီးသားလူလည်မို့ ချက်ချင်းအမူအယာပြင်လိုက်ပြီး

“ဩော် ဟုတ်လား၊ ငယ်ငယ်တုန်းက ကိုမင်းကျော်စွာကို လက်တွဲတွဲလာတဲ့ အဒေါ်ကြီးကို ကာရံက အမေမှတ်နေတာ”

“ဘယ့်နှယ် အဒေါ်ရမှာလဲ၊ ဦးလေးပါ၊ ခေါင်းတုံးကြီးနဲ့”

ကာရံ ရောယောင်ရယ်လိုက်သည်။ ပြီးမှ

“ဩော် ဟုတ်လား၊ ခေါင်းတုံးကြီး ဖားလျားချထားတော့ ကာရံက အဒေါ်ကြီးမှတ်နေတာ၊ ခစ်ခစ်ခစ်၊ တစ်ခါတလေ ကြက်တောင်စည်းကြီးနဲ့လေ ခစ်ခစ်ခစ်”

ထုံးစံအတိုင်း မင်းကျော်စွာ မျက်မှောင်ကြုတ်သွားပြန်သည်။

“ဘယ့်နှယ် ခေါင်းတုံးဖားလျားချရမှာလဲ၊ ခေါင်းတုံးပါဆိုမှ ဘယ်ကအမွေးနဲ့ ဖားလျားချရမှာလဲ၊ နောက် ခေါင်းတုံးပါဆိုမှ ကြက်တောင်စည်း ဘယ်လိုစည်းမှာလဲ၊ ရွှေခေါင်းပြောင်ကာတွန်းနဲ့ မှားပြီထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်းဟင်း၊ ကိုမင်းကျော်စွာက သိပ်ရယ်ရတာပဲ ဟင်း ဟင်းဟင်း"

ကာရံက လုပ်သမျှတလွဲမို့ ခိုးရယ်သည်။ ပြီးမှ

"ထားပါ၊ ဒါတွေထားပါ၊ အခု ငယ်ပေါင်းတွေ ပြန်တွေ့တဲ့အနေနဲ့ အမှတ်တရဖြစ်အောင် လုပ်ရမယ်"

"ဘယ်လို"

ဘယ်ကနေဘယ်လို ငယ်ပေါင်းဖြစ်မှန်း မသိပေမယ့် မင်းကျော်စွာ စိတ်ဝင်စားသွားသည်။

"ဘယ်လိုလုပ်မှာလဲဟင်"

မင်းကျော်စွာက အားတက်သရောမေးသည်။ ဒါကို ကာရံက

"ကိုမင်းကျော်စွာမှာ ဓာတ်ပုံလေးဘာလေး မပါဘူးလားဟင်"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားပြန်သည်။

"ဓာတ်ပုံ"

သူထင်သလို မဟုတ်၍ စဉ်းစားနေပုံရသည်။ အတန်ကြာမှ

"ဓာတ်ပုံ၊ ဓာတ်ပုံ၊ အဲ အလုပ်လျှောက်တုန်းက ရိုက်ထားတဲ့ လိုင်စင်ဓာတ်ပုံတော့ရှိတယ်"

"အခုပါလားဟင်၊ အခု အခု"





"ပါတယ်လေ၊ ဒီအိတ်ထဲမှာ ပိုင်ဆိုင်သမျှအကုန်ပဲ ဟီဟိ"

"ဒါ ဒါဖြင့် အဲဒီဓာတ်ပုံလေး ထုတ်လိုက်လေ"

မင်းကျော်စွာက အရှုံးတစ်ယောက်၏ အမှိုက်ပုံးသဖွယ် တင့်တယ်နေသော သူ့အိတ်ကိုသူ မွှေနှောက်ရှာသည်။

"တွေ့ပြီ၊ တွေ့ပြီ၊ ဒီမှာဓာတ်ပုံတွေ့ပြီ"

ဟုတ်ပါသည်။ လိုင်စင်ပုံ သေးသေးလေးပါ။ ကာရံက ယူကြည့်ပြီး

"ဟုတ်ပြီ၊ အဲဒီဓာတ်ပုံနောက်မှာ ပြန်ဆုံရခြင်း အမှတ်တရအဖြစ်၊ ငယ်စဉ်ကတည်းက ချစ်ခင်ခဲ့ရသော ကာရံအတွက်လို့ ရေးပေး"

"ဗျာ"

မင်းကျော်စွာ ကြောင်သွားသည်။ ဘယ်တုန်းကမှလဲ မချစ်ခင်ခဲ့ဖူး။ ယခုမှတွေ့၍ "ငယ်စဉ်ကတည်းက ချစ်ခင်ရသော" ဖြစ်ရသည်ကို သူ ဇဝေဇဝါ ဖြစ်ပုံရသည်။ ထို့ကြောင့်

"ဘယ်လို ဘယ်လို"

သူ့အမေးကို ကာရံက ခပ်တည်တည်နှင့်

"ပြောတဲ့အတိုင်းရေး၊ မရေးရင် သံပရာရည်ဖိုးမရှင်းဘဲ ထပြန်သွားမယ်"

"ဟင်"

မင်းကျော်စွာ လန့်သွားသည်။ သူ့မှာက ငွေပိုငွေလျှံက သိပ်ရှိလှတာမဟုတ်။ ထို့ကြောင့် ခေါင်းအမြန်ညိတ်ပြီး

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆိုကာ ကာရံပြောသည့်အတိုင်း သူ့ဓာတ်ပုံနောက်မှာ ရေးပေးလိုက်ရသည်။ ကာရံက သူ့ဓာတ်ပုံလေးယူပြီး

"ကျေးဇူးတင်တယ်၊ ဟော့ သံပရာရည်ဖိုးရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



သံပရာရည်ဖိုး လာရှင်းသည်။ ဒါကို မင်းကျော်စွာက

"ဟိုလေ ခေတ်ပုံဖိုးလေး၊ အဟဲ"

"ဘယ်လောက်လဲ"

"နှစ်ရာ"

ကာရံက နှစ်ရာတန်တစ်ရွက်ကို ရှမ်းခနဲထုတ်ပေးကာ မင်းကျော်စွာနားကပ်၍

"ဒီကိစ္စကို ဘယ်သူမှ မပေါက်ကြားစေနဲ့၊ ပေါက်ကြားလို့ကတော့ နာပြီသာမှတ်"

မင်းကျော်စွာက ခေါင်းညိတ်ရင်း

"ဟုတ်၊ ဟုတ်၊ နှုတ်လုံပါ့မယ်"

"ကဲ ဒါဆိုသွားပြီ"

ဆိုကာ နောက်ပြန်လှည့်၍

"အဲ ဒါနဲ့ တနင်္ဂနွေနေ့အားလား"

မင်းကျော်စွာ ခေါင်းကို မြန်မြန်ညိတ်ပြီး

"ဟုတ်၊ အလုပ်ပိတ်လို့ အားပါတယ်၊ ဒါပေမယ့် သူငယ်ချင်းတွေနဲ့ ချိန်းထားတာရှိတယ်"

ကာရံက မျက်ခုံးလေးချီပြီး

"ဘာလုပ်ဖို့လဲ"

"ကြက်တိုက်ဖို့လေ၊ ကြက်တိုက်ဖို့ ဟိုဘက်ရပ်ကွက်က ကြက်နီနဲ့ ကျွန်တော့်ကြက်ကြားတိုက်ဖို့"

"ဟင်"

မကြားဘူးသောစကား ကြားရ၍ ကာရံကြောင်သွားသည်။ နောက်မှ

"အဲဒါဆိုလဲ အဲဒီပွဲကိုဖျက်လိုက်"

"ဗျာ"





"တနင်္ဂနွေနေ့ ကန်တော်ကြီးကစောင့်"

"ဗျာ"

"ဒါပဲ၊ သွားချင်သွားလို့ရပြီ"

မင်းကျော်စွာ ဘာမှပြန်မပြောနိုင်မီ ကာရံ ခေတ်ပုံယူ၍ သမင်မလေးလို ပြေးထွက်သွားလေတော့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အဆောင်တွင်းသို့ ကာရံ သမင်မလေးလို ခုန်ပေါက်ဝင်လာသည်။

"ဟယ်လို ဒါလင်၊ မတွေ့ရတာ ကြာပေမယ့် အရင်လို ကြည့်ကောင်းနေတုန်းပဲ အချစ်ရေ၊ ပြန်ဆုံတွေ့ရတာ တို့ဝမ်းသာ"

အသံပြဲကြီးနှင့် သီချင်းအော်ဆိုလာသော ကာရံကိုကြည့်၍ အားလုံး၏စိတ်ထဲ တစ်ခုခုထူးပြီကို ကြိုတင်သိသည်။ ထို့ကြောင့် အခန်းကိုယ်စီက ခေါင်းပြူ၍ ကိုယ်စီထွက်ကြည့်ကြသည်။

ကာရံကတော့ ခပ်တည်တည်ပင် ဘဝင်မြင့်နေသောပုံစံဖြင့်

"ဟင်းဟင်း ဘယ်သူတွေ ဘယ်လောက်ပဲ ကြိုးစားကြိုးစားပါ၊ ကာရံတို့က နှာတစ်ဖျားသာပြီးသား ဟင်းဟင်း၊ ဖြစ်ချင်တော့လဲ





ကိုမင်းကျော်စွာဆိုတာ ငယ်ပေါင်းနို့စို့ဖက်တွေ ဖြစ်နေတာကိုး၊ ဟင်းဟင်း"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ နောက်မှ

"နွားနို့အတူစို့ခဲ့တာဖြစ်မယ်"

"အေး ဟိုကစို့ပြီး ဆယ်နှစ်လောက်ကြာမှ ကျန်ခဲ့တဲ့နို့တွေ သူဆက်စို့တာ ဖြစ်မှာပေါ့"

"နို့စို့ဖက်တဲ့၊ ပြောလိုက်ရင် မကောင်းရှိမယ်"

အမှန်တော့ သူတို့လေးဦးသာ ငယ်ပေါင်း နို့စို့ဖက်မို့ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်းသိကြသည်။ ကာရံကသာ ခပ်တည်တည်နှင့်

"အဲဒီတော့ ဘယ်သူမှ ရှေ့ဆက်တိုးဖို့ မကြိုးစားနဲ့၊ ဒီပစ္စည်းက ကာရံ့ပစ္စည်း၊ ကာရံအပိုင် ဖြစ်သွားပြီ ဟဲဟဲ၊ ငယ်ပေါင်းလေ ငယ်ပေါင်း"

သူ့စကားကြောင့် အားလုံး မျက်နှာရှုံ့မဲ့ကုန်၏။ နောက်တစ်ယောက်တစ်ပေါက်နှင့်

"ဟွန်း ငယ်ပေါင်းတဲ့၊ ဒီအရွယ်နဲ့ဒီအရွယ် ငယ်ပေါင်းလား"

"ငယ်ပေါင်းကြီးစွာလဲ ဖြစ်နိုင်တာပေါ့"

"အင်ကြီးမှန်း သိသာပါတယ်ဟယ်"

သူတို့စကားများကြားတော့ ကာရံတင်းသွားသည်။ ထို့ကြောင့်

"ဩော် နင်တို့က မယုံဘူးလား"

မယုံတာမှ ပါးစပ်နှင့်ပင် ပြန်မဖြေကြ။ တစ်ယောက်က လက်ခါပြသည်။ နှစ်ယောက်က ခေါင်းခါ၏။ သူတို့အပြုအမူများကြည့်၍ ကာရံက

"မယုံရင် ဟောဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ခုနအတင်းယူထားသော မင်းကျော်စွာဓာတ်ပုံ ထုတ် ပြသည်။

"ဟွန်း ဓာတ်ပုံလေးများ"

"ဟောဒီမှာကြည့်"

ဟိုက အထွန့်အတက်မီ ကာရံက ဓာတ်ပုံနောက်လှန်ပြလိုက် သည်။

"ဟောဒီမှာ ဘာလဲကြည့်စမ်း"

ခေါင်းတွေအားလုံး ပူးကပ်ကုန်ကြ၏။

"ငယ်စဉ်ကတည်းက ချစ်ခင်ခဲ့ရသော ကာရံအတွက်"

"ဟင်"

"ဟယ်"

"ဘယ်လို"

သုံးယောက်လုံး အံ့အားသင့်စွာ ငြိမ်ကျသွားသည်။ ကာရံက မရှိသော အကျီကော်လံထောင်၍

"ဟင်းဟင်း ဒီလောက်ဆို ဘယ်သူက ဘာလဲဆိုတာ အဖြစ်မှန်သိလောက်ပြီ ထင်တယ် ဟင်းဟင်း၊ ဒီတော့ ဂုဏ်တု ဂုဏ်ပြိုင်တွေ နောင်ဆို ဟောဒီအစ်မလေး ကာရံရဲ့အနားတောင် မသီကြနဲ့၊ တော်ရာ က ခစားကြ၊ ဟင်းဟင်း ပြောရတာ မောလိုက်တာ၊ သံစဉ် ရေတစ်ခွက်ခပ်စမ်း"

"ဟုတ်၊ ဟုတ်၊ အာ"





ကာရံစကားဦးဖြောပြီး သံစဉ်ပါ ရေပြေးခပ်မိမလို ဖြစ်သွားသည်။ နောက်မှ သတိရကာ

"အောင်မာ၊ ဘာလို့ ခပ်ပေးရမှာလဲ၊ နင့်ဟာ ဓာတ်ပုံပေါ် ဘာရေးလိုက်ရုံနဲ့ ဒါဟာ နင့်ချစ်သူလို့ ယုံရမှာလား"

ထိုတော့မှ အားလုံးလဲ ခေါင်းပြန်ထောင်ကာ

"အေးလေ ဟုတ်သား၊ ဒါမျိုးက သူများဓာတ်ပုံခိုးပြီး ကိုယ့်ဘာသာကိုယ်ရေးလို့တောင်ရတယ်"

"မှန်တယ်၊ ဒါဟာ ဂျူရီလူကြီးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရဆိုရင် လုပ်ကြံဇာတ်ကြီးပဲ"

အားလုံးက သူ့ကို မထောက်ခံ၍ ကာရံမျက်နှာပျက်သွားသည်။

"ဒါ ဒါဆို နင်တို့ကို ငါက ဘယ်လိုသက်သေပြရမှာလဲ"

ကဗျာက ခါးထောက်၍

"လူတိုင်းရှေ့မှာ လက်ချိတ်ပြီး လမ်းလျှောက်ပြရမယ်၊ ပြီးရင် ချစ်သူဖြစ်နေကြောင်း ဝန်ခံခိုင်းရမယ်၊ ဒါမှယုံမယ်"

သူ့စကားကို အားလုံးက

"ဟုတ်တယ်"

"မှန်တယ်၊ ဒါအမှန်ပဲ၊ ဒီလိုမှယုံမယ်"

"မှန်ပ၊ ယုံကြည်လောက်စရာ သက်သေရှိရမယ်"

ကာရံက အားလုံးကို ခါးထောက်ကာ ဝေ့ကြည့်ရင်း

"ဒါဖြင့် ပြီးရောလေ၊ ကာရံဘယ်လောက်စွမ်းလဲဆိုတာ မကြာခင် သိရစေ့မယ်"

ဆိုကာ ဘောက်ဆတ်ဘောက်ဆတ်နှင့် အခန်းထဲဝင်သွားလေသည်။ ကျန်ခဲ့သည့်မိန်းကလေးများက ဝမ်းသာအားရအသံပြဲကြီး သံပြိုင်ရွှတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ဒါလင်၊ မတွေ့ရတာ ကြာပေမယ့် အရင်လို ကြည့်ကောင်းနေတုန်းပဲ အချစ်ရေ၊ ပြန်ဆုံတွေ့ရတာ တို့ဝမ်းသာ"

အသံတွေကသာ ဝမ်းသာဟန်ထွက်နေသော်လဲ ရင်ထဲမှာတော့ ဝမ်းမသာနိုင်။ တစ်ယောက်ယောက်ဦးသွားလျှင် တစ်သက်လုံး အပြောခံရမည့်ကိန်း ဆိုက်မည်ကိုး။ ထို့ကြောင့်။





နံနက်ဝေလီဝေလင်းမှာပင် ကဗျာတစ်ယောက် ရှေးရိုးပါတိတ်ဝမ်းဆက်ကြီးနှင့် ပန်းတွေကို ဝေနေအောင်ပန်ရင်း အဆောင်နှင့်ခပ်လှမ်းလှမ်း ပိတောက်ပင်ကြီးအောက်တွင် စောင့်နေသည်။

အဆောင်ရှေ့မှာ စောင့်လို့မဖြစ်။ အဆောင်ရှေ့မှာဆို ကလောင်နှင့် တိုးနေနိုင်သည်။ ထို့ကြောင့် အဆောင်မရောက်မီ ခပ်လှမ်းလှမ်းသို့သွားပြီး မင်းကျော်စွာအလာကို စောင့်နေရခြင်းဖြစ်သည်။ ဒါမှ အားလုံးထက် သူကဦးမှာကိုး။

နံနက်နှင်းမကွဲသေးခင် ပိတောက်ပင်ကြီးအောက်တွင် ပါတိတ်ကြောင်ကြောင်ကြားကြားကြီးနှင့်ဆိုတော့ ကြည့်ရတာတစ်မျိုးကြီး။



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိ။ သူကလဲ ဒီအကွက်ကို ဖမ်းထားခြင်းပင်။

မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို အလွယ်တကူချဉ်းကပ်ရန်မှာ လွယ်လှသည်တော့မဟုတ်။ လွန်စွာအကွက်ကောင်းမှ ဖြစ်ပေမည်။ သူလဲ ကလောင်တို့ ကာရံတို့နှင့် မတူသော နည်းစနစ်ကို စဉ်းစားပြီး ရွေးထားခြင်းဖြစ်သည်။ သူတို့နှင့် အကွက်ချင်းတူသွားလို့မဖြစ်။ ထိုသို့တူသွားပါက မင်းကျော်စွာ ရိပ်မိသွားနိုင်သည့်အပြင် သူလဲ အောင်မြင်လိမ့်မည်မဟုတ်။ ထို့ကြောင့် ဘယ်သူမှ မလုပ်သေးသော အကွက်တစ်ခုကို ရွေးချယ်ထားခြင်းဖြစ်သည်။

သူ၏နာမည်နှင့်လိုက်အောင် လွန်စွာကဗျာဆန်သည်။

သူရွေးချယ်ထားသောအကွက်က အကွက်ကြီး။

"ဟော လာပြီ"

နံနက်ဝေလီဝေလင်း၌ ခေါင်းငိုက်စိုက်ချရင်း လမ်းလျှောက်လာသော မင်းကျော်စွာကိုမြင်တော့ ကဗျာဝမ်းသာသွားသည်။ နောက်ကမန်းကတန်းပင် ပိတောက်ပင်နောက် ပြေးပုန်းလိုက်သည်။

မင်းကျော်စွာကတော့ သတိမထားမိသေးဘဲ သူ့ဘာသာသူ ငိုက်စိုက်ငိုက်စိုက်နှင့် လာနေတုန်း။

ခါတိုင်းဖြတ်နေကျ ပိတောက်ပင်ကြီးလဲအဖြတ်

"မောင်တော် မောင်တော် မောင်တော်"

ပိတောက်ပင်ခြေရင်းမှ ပြေးလာသော မိန်းမပျိုတစ်ယောက်။

"ဟင်"

မင်းကျော်စွာ အံ့အားသင့်သွားသည်။

❀ ❀ ❀





နှင်းမှုံဖြူဖွဲ့ဖွဲ့ကြားမှာမှ ပိတောက်ပင်ခြေရင်းမှ ပြေးထွက်လာသော မိန်းမပျိုတစ်ယောက်ကိုမြင်တော့ မင်းကျော်စွာ အံ့အားသင့်သွားသည်။ နောက် လန့်သွားကာ

"ဟင် ဟင် ဒါ ဒါ ဘာကြီးလဲ၊ ဘာကြီးလဲ"

မမြင်ဘူးတာမြင်ရ၍ ကြောက်လဲကြောက်သွားသည်။

"မောင်တော်၊ မောင်တော်၊ နှမတော်လေ ^မတော်"

"ပွဲကမလို့လားဟင်၊ ဒါမှဟုတ် ဇာတ်ခေါင်းကွဲလာတာလား"

ကျော်စွာ၏အမေး။

ထိုမိန်းကလေးက သူ့လက်ကို အတင်းလာပြေးဆွဲကာ

"မောင်တော်၊ မောင်တော်၊ ကျွန်မတို့ဇာတ်ခေါင်းကွဲ အဲ၊



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိဘူးလား၊ နှမတော် ကဗျာ၊ ကဗျာ”

“ကဗျာ”

မင်းကျော်စွာ ကြောင်သွားသည်။ သူ တစ်ခါမှ မကြားဘူးသောနာမည်ဟာကိုး။ နောက်ပြီး ဝတ်ထားသောအဝတ်အစားက ကကျိုးကကြောင်နှင့်မို့ သိပ်မယုံရဲ။ ဒါကိုသိသော ကဗျာက

“မောင်တော် မမှတ်မိဘူးထင်တယ်၊ မောင်တော်နဲ့နှမတော်တို့က ဟိုးအတီအတေဘဝကတည်းက ချစ်သူတွေလေ မောင်တော်ရဲ့”

“ဟမ်”

ဒီဘဝမှာတောင် ချစ်သူရည်းစား မရသော မင်းကျော်စွာ၊ ရှေးဘဝများစွာက ချစ်သူတွေဆိုတော့ အံ့အားသင့်ရရှာသည်။ ဒါကို ကဗျာကသာ မင်းကျော်စွာလက်ဆွဲပြီး

“မောင်တော်မမှတ်မိဘူးထင်တယ်၊ ဒါဆို မောင်တော်မှတ်မိအောင် တစ်ခုပြောပြမယ်၊ သိပ်မကြာသေးတဲ့ ဟိုးရက္ခဘဝကဆိုရင်”

“ယခင်ဘဝလုပ်ပါ”

စကားမှားသွား၍ ကဗျာ မျက်နှာပျက်သွားသေးသည်။ ဒါကို ကဗျာက ချက်ချင်းမျက်နှာပြောင်းလိုက်ပြီး

“ဪ မောင်တော်ရယ်၊ မောင်တော်တို့ နှမတော်တို့က ရခိုင်လူမျိုးဖက်ကနေ ဆင်းသက်လာတာလေ မောင်တော်ရဲ့၊ ဒါကြောင့် ရက္ခဘဝလို့ပြောတာ၊ အဲ အဲဒီဘဝမှာ မောင်တော်က ဘော်စံဖြူမင်းသား၊ နှမတော်က စန္ဒီဒေဝီမင်းသမီးလေ၊ မောင်တော်နဲ့နှမတော်ကို ခမည်းတော်က သဘောမတူလို့ ဟိမဝန္တာထဲကို ခိုးပြေးကြတာလေ”

မင်းကျော်စွာ မျက်လုံးပြူးသွားသည်။

“ဟင် ရခိုင်ကနေ ဟိမဝန္တာထိသွားတယ်”

ကဗျာက ခပ်တည်တည်ပင်





“ဟုတ်တယ်လေ မောင်တော်ရဲ့၊ အဲဒီမှာ ဖခမည်းတော်က လိုက်ဖမ်းပြီး မိတဲ့အခါ၊ နှမလေးကို မီးလောင်တိုက်သွင်းပြီး မောင်တော့်ကိုကျတော့ တံကျင်ရှိုသတ်ခဲ့တာလေ၊ အခုဘဝထိ ဒဏ်ရာတောင် ရှိချင်ရှိဦးမှာ”

မင်းကျော်စွာမျက်နှာကြီး ရှုံ့မဲ့ပြီး ဘွန့်ဝင်သွားသည်။ သူက တံကျင်အရှိုခံရတယ်ဆိုတာကိုး။ ကဗျာမှပင်ဆက်၍

“နောက်ပြီး ရှိသေးတယ် မောင်တော်ရဲ့၊ အဲဒီဘဝမှာ မောင်တော်က သမင်ဖိုကြီး၊ နှမလေးက ရွှေသမင်”

ဆိုကာ ခဏစကားဖြတ်ရင်း

“အို လမ်းမမှာ ပြောလို့မကောင်းပါဘူး၊ လာပါ၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြောရအောင်”

ဆိုကာ သူတို့အဆောင်နားကဆိုင်မဟုတ်ဘဲ ခပ်လှမ်းလှမ်းက ဆိုင်တစ်ဆိုင်ဆီ ဆွဲခေါ်သွားသည်။ ဒါမှ ဟိုမိန်းမများ စက်ကွင်းကလွတ်မှာကိုး။ လက်ဖက်ရည်ဆိုင်ရောက်တော့ လူရှင်းသည့်စားပွဲ ဝင်ထိုင်ပြီး

“မောင်တော် ဘာသောက်မလဲ၊ လက်ဖက်ရည်နဲ့ အီကြာကွေးပဲလား၊ ဟော့ လက်ဖက်ရည်နဲ့အီကြာကွေး လုပ်စမ်း”

သူ့ဘာသာသူပြောပြီး သူ့ဘာသာ

အဲ့ဒီ
သမီးမှာ
မောင်တိုးက
အီကြာကွေး
သုံးချောင်းနဲ့
စားခဲ့ရတယ်...



www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းမှာသည်။ နောက် ပြောလက်စဇာတ်ကို ဆက်၏။

“အဲဒီဘဝမှာလဲလေ၊ မောင်တော်နဲ့နှမတော် တောထဲလျှောက်သွားရင်း မုဆိုးဖိုကြီး၊ အဲ မုဆိုးအိုကြီးကတွေ့ပြီး လိုက်တာ၊ ဒါနဲ့ မောင်တော်က နှမတော်ကို စိတ်မချတာနဲ့ ဂူတစ်ဂူထဲသွင်းပြီး”

ကဗျာက ပြောရင်း မှုဒ်ဝင်လာသည်။

ထိုစဉ် စားပွဲထိုးက အီကြာကွေးလာချသည်။ မင်းကျော်စွာ ကကြည့်ပြီး

“ဟင် အီကြာကွေးသုံးချောင်းတောင်လား”

“အဲဒါ သမင်မကို မောင်ကြီးက အီကြာကွေးသုံးချောင်းနဲ့ ထားခဲ့တာ၊ အဲဒါနဲ့ သမင်မကလေ အီကြာကွေးတွေစားပြီး ချစ်သူသမင်ဖိုပြန်အလာကိုစောင့်တာ”

ပြောရင်း အရှိန်ရနေသည်မို့ အားလုံးရောကုန်၏။ ဒါကို မင်းကျော်စွာက သတိထားမိပြီး

“ဟင် သမင်မက အီကြာကွေးစားတယ်”

“ဖြည်းဖြည်းချင်းဝါး၊ အဲလေ ပြောရင်းနဲ့ရှုပ်ကုန်ပြီ၊ အဲဒါလေ နှမတော်က မောင်ကြီးသမင်ဖိုပြန်အလာကိုစောင့်ရင်းနဲ့ ရင်ကွဲနာကျသေ၊ မောင်ကြီးကလဲ မုဆိုးဖိုကြီး၊ အဲလေ မုဆိုးအိုကြီးရဲ့ မြားချက်နဲ့သေ၊ အဲဒီဘဝမှာလဲ မပေါင်းခဲ့ရပါဘူး မောင်ကြီးရယ်”

ကဗျာက မျက်နှာငယ်လေးနှင့်ပြောသည်။ မင်းကျော်စွာက လက်ဖက်ရည်ကို အီကြာကွေးနှင့်တို့စားရင်းကြည့်သည်။ ဒါကို ကဗျာက

“နောက်တစ်ဘဝကျတော့လေ”

မင်းကျော်စွာ မျက်လုံးပြူးသွားသည်။

“ဟင် နောက်တစ်ဘဝရှိသေးတယ်”

ဒါကို ကဗျာက အားတက်ပြီး





“နောက်တစ်ဘဝတင် မဟုတ်ဘူးမောင်တော်ရဲ့၊ နောက်ထပ် ဘဝတွေ ဘဝတွေ အများကြီးရှိသေးတာ”

“ဒါ ဒါဆို”

“မောင်တော်နဲ့ကဗျာနဲ့က ဘဝအဆက်ဆက်က ချစ်သူတွေလေ”

“ဟင် ဘဝအဆက်ဆက်က ချစ်သူ”

မင်းကျော်စွာက ကဗျာကို ပြန်ဝေ့ကြည့်သည်။ ဒီလောက်ရုပ်ချောချောကောင်မလေးက သူ၏ဘဝအဆက်ဆက်က ချစ်သူဆိုတော့ အံ့အားသင့်နေသည်။ ဒါကို ကဗျာက

“ဟုတ်တယ် မောင်တော်ရဲ့၊ နောက်ပြီး ဘဝဆက်တိုင်း ချစ်သူဖြစ်ရပါစေဆိုပြီး ဆုတောင်းခဲ့ကြတာ၊ ဒီဘဝမှာလဲ ချစ်သူမဖြစ်ဘဲ တစ်ယောက်ယောက် သစ္စာဖောက်ခဲ့ရင် သွေးအန်သေပါစေဆိုပြီး ကျိန်စာတိုက်ခဲ့ကြတာ”

“အဟုတ်”

မင်းကျော်စွာ အီကြာကွေးပါ နင်သွား၏။ သူ့အဖြစ်အပျက်နှင့်လဲ တိုက်ဆိုင်သွားတာကို။ တလောက သူ နေထိုင်မကောင်းသလို ဆေးခန်းသွားပြတော့ ဆရာဝန်က

“ခင်ဗျား ဒီအတိုင်းဆက်သောက်နေရင် သွေးအန်သေလိမ့်မယ်”

ဆိုပြီး ပြောခဲ့တာကိုး။ ထို့ကြောင့် ကောင်မလေးပြောတာ တကယ်များဟုတ်နေမလားဆိုပြီး လန့်ပင်လန့်နေမိသည်။ ဒါကို ရိပ်မိသောကဗျာက

“မောင်တော် အဲဒါ ဘယ်သူနဲ့မှ သစ္စာမဖောက်ရဘူးနော်၊ သစ္စာဖောက်လို့ကတော့ သွေးစိမ်းအန်ပြီး သေလိမ့်မယ်”

မင်းကျော်စွာမျက်နှာမှာ ကျုံ့ကျုံ့လေးသာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကဗျာက အားတတ်ပြီး

"အို ဒီလိုပြောလို့ မဖြစ်သေးဘူး၊ တစ်ခါတည်း မှတ်မိအောင် ပေထက်အက္ခရာတင်ထားမှ"

ဆိုကာ စာရွက်နှင့်ဘောလ်ပင် ထုတ်လိုက်သည်။ ပြီးနောက် မင်းကျော်စွာကို ထိုးပေးရင်း

"ကဲ လိုက်ရေး လိုက်ရေး၊ ကျိန်စာလေး တိုက်လိုက်ရအောင်"

မင်းကျော်စွာ မျက်လုံးပြူးသွားသည်။ ဒါကို ကဗျာက ခပ်တည်တည်နှင့်

"သွေးမအန်ချင်ရင် လိုက်ရေးနော်၊ ဒါပဲ"

"ဟုတ် ဟုတ်"

မင်းကျော်စွာမှာ ဘုမသိဘမသိနှင့် လိုက်ရေးရပြန်သည်။

"ကျွန်တော် မင်းကျော်စွာသည် ရှေးဘဝပေါင်းမြောက်မြားစွာကတည်းက ချစ်ခဲ့သော ကဗျာဆိုသော မိန်းမချော၊ မိန်းမလှ၊ မိန်းမမြတ်ကိုသာ ဒီဘဝမှာလဲ သစ္စာရှိရှိ တစ်ယောက်ဟည်းချစ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မဖြစ်ခဲ့ပါက သွေးအန်ပါစေသား၊

ပုံ မင်းကျော်စွာ"

ကဗျာက စာရွက်ကလေးဆွဲယူပြီး ဝမ်းသာစွာဖြင့်

"အိုကေ သင်သွားလိုရာ သွားနိုင်ပြီ"

"ဟင် သွားရတော့မယ်၊ ဒါလေး စား စား"

ကဗျာက ပြုံးပြီး

"စား စား ကုန်အောင်စား၊ ဒါနဲ့ တနင်္ဂနွေနေ့ အားလား"

"ဟုတ် ဟုတ်၊ အားပါတယ်၊ အဲ ဒါပေမယ့် ကြက်တိုက်ဖို့တော့ ချိန်းထားတာရှိတယ်၊ ဘာလို့လဲဟင်"

ကဗျာ အသာအယာပြုံးလိုက်သည်။

"မောင်တော်ကလဲလေ ဟိုးအရင်ဘဝကတည်းကအတိုင်း





ပဲ၊ အားနေရင် ကြက်တိုက်ဖို့နဲ့ မိန်းမလိုက်ဖို့ အဲ အရက်သောက်ဖို့ လောက်ပဲ ခေါင်းထဲမှာရှိတာ၊ ဒီဘဝမှာတော့ တနင်္ဂနွေနေ့ ဘယ်မှ မသွားနဲ့၊ ကန်တော်ကြီးကစောင့်"

"ဗျာ ဟုတ် ဟုတ်"

မင်းကျော်စွာ ယောင်တောင်တောင်နှင့် ခေါင်းညိတ်ရပြန်သည်။ ဒါကို ကဗျာက ဘယ်သူမှ မကြားစေချင်သောအသံဖြင့်

"ဒါဆို တနင်္ဂနွေနေ့ ကန်တော်ကြီးကစောင့်နေ၊ ဒါပဲ"

"ဟင်"

"ဟော့ ဒီမှာရှင်းမယ်ဟော့"

မင်းကျော်စွာ ဘာမှမပြောသာတော့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဘဝဟောင်းကချစ်သူ၊ ဘဝဟောင်းကချစ်ခဲ့တဲ့သူ၊ ဘဝ
ဟောင်းချစ်သူ"

အဆောင်ထဲ အသံကျယ်ကျယ်နှင့် သီချင်းဆိုဝင်လာသော
ကဗျာ၏အသံကြောင့် ကျန်သုံးဦး ခေါင်းထောင်သွားသည်။ သေချာ
ပြီ။ ဒီအသံကြားပြီဆိုကတည်းက ကဗျာ တစ်ခုခုအောင်မြင်ခဲ့ပြီဆို
တာ သိကြသည်။ အားလုံး မရဲတရဲနှင့် အခန်းဝမှ ချောင်းကြည့်ကြ
သည်။

ကဗျာက လမ်းကို ခန္ဓာကိုယ်လိမ်ဖယ်လျှောက်ရင်း

"ဘဝဟောင်းမှာဆုံခဲ့တဲ့ချစ်သူ၊ ဘဝဟောင်းကချစ်သူ"

အားလုံးကို ဂရုမစိုက်ဟန်နှင့် သီချင်းဆိုလာရင်း အားလုံး





ရှေ့ရောက်မှ ခြေလှမ်းကိုရပ်ကာ

"ဟူး ဘယ်လိုရေစက်မျိုးပါလိမ့်၊ ဟိုး ရှေးယခင့်ယခင်ဘဝ
ကတည်းကချစ်သူဟောင်းနဲ့မှ လာဆုံနေရပါလား၊ ဩော် ငါ့နှယ်နော်"

အားလုံး သူ၏ဆိုလိုရင်းကို သဘောမပေါက်ဘဲ ကြောင်
တောင်တောင်နှင့် ကြည့်ကြရသည်။ နောက် တစ်ယောက်ကိုတစ်
ယောက် မေးငေါ့ရင်း

"ဘယ်လိုလဲ"

ဆိုသည့်သဘောနှင့် မေးကြသည်။ တချို့က နားထင်လက်
ညှိုးနှင့်ထောက်ပြီး

"ဂေါက်သွားပြီ"

ပုံမျိုးလုပ်ပြကြသည်။ ကဗျာကတော့ ခပ်တည်တည်ပင်

"အင်း အားလုံးကိုတော့ အားနာပါရဲ့"

သူ့စကားကို အားလုံးနားစိုက်ထောင်ကြသည်။

"အခုပြိုင်ပွဲရဲ့ အဓိကပစ်မှတ်ဖြစ်တဲ့ မင်းကျော်စွာဆိုတာ
ဘယ်သူမှတ်လို့လဲ"

"ပျောက်ဆုံးနေတဲ့ သူ့ဘကြီးဖြစ်မှာပေါ့"

သံစဉ်က ဝင်ကလပ်သည်။ ဒါကို ကဗျာက

"ငါ့ဘကြီးက ငယ်စဉ်ကတည်း. . အာ. . ရှုပ်ကုန်ပြီ၊ ဘယ့်
နှယ် ဘကြီးရမှာလဲ၊ ကိုမင်းကျော်စွာဆိုတာ ငါနဲ့ယခုဘဝမှမဟုတ်၊
ရှေးယခင့်ယခင်ဘဝကတည်းက ဘဝအဆက်ဆက်က ချစ်သူတွေ
ဖြစ်နေတာကိုး ပရိသတ်ရဲ့"

"ဟင်"

"ဘဝအဆက်ဆက်ကချစ်သူ"

အားလုံးမျက်လုံးပြူးကုန်၏။ အားလုံး ထိုစကားမျိုး ကြားရ
လိမ့်မယ်ဟု ထင်မှမထင်ခဲ့တာကို။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကသာ ခပ်တည်တည်နှင့်

"အဲဒါကြောင့် ရှေးဘဝကဖြစ်ခဲ့သော အတိအတေသော သံယောဇဉ်များဟာ ဒီဘဝမှာ ပြန်ဆုံချိန်၊ ပြန်လည်ကူးစက်ပြီး မီးပွင့်ကာဖြင့် တစ်ယောက်နဲ့တစ်ယောက်ဟာ မြင်မြင်ချင်း ချစ်စိတ်ဝင်ပြီး ဟောဒီလို ကတိကဝတ်တွေ ချက်ချင်းပြုတဲ့အနေအထား ရောက်ခဲ့ပြီပေါ့"

ဆိုကာ ခုန သူယူလာသောစာရွက်ကို ချပြလိုက်သည်။ ထုံးစံအတိုင်း ခေါင်းများပူးကုန်၏။ စာတွင်ရေးထားသည်က

"ကျွန်တော် မင်းကျော်စွာသည် ရှေးဘဝပေါင်းမြောက်မြားစွာကတည်းက ချစ်ခဲ့သော ကဗျာဆိုသော မိန်းမချော၊ မိန်းမလှ၊ မိန်းမမြတ်ကိုသာ ဒီဘဝမှာလဲ သစ္စာရှိရှိ တစ်ယောက်တည်းချစ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့မဖြစ်ခဲ့ပါက သွေးအန်ပါစေသား၊

ပုံ မင်းကျော်စွာ"

စာကိုကြည့်၍ အားလုံးအံ့အားသင့်သွားကြသည်။

"ဟင် သူနဲ့က ဘဝအဆက်ဆက်က ချစ်သူတဲ့"

"ဘဝပေါင်းများစွာကတည်းကတဲ့"

"ဟယ်၊ ဘယ်ဘဝတွေမှာ ချစ်သူဖြစ်ခဲ့လို့တုန်း"

ထင်မှတ်မထားသော ဇာတ်လမ်းမို့ အားလုံး အာမေဋိတ်သံများ စီညံသွား၏။ နောက်မှ ကလောင်က သတိရပြီး

"အိုအေ ဒီလိုစာမျိုးကတော့ ဟိုအရက်သမားကို အိကြာကွေးတစ်ချောင်းကျွေးပြီး ရေးခိုင်းလို့ရပါတယ်အေ"

သူ့စကားကြောင့် ကဗျာ မျက်နှာပျက်သွား၏။ သူ့အဖြစ်အပျက်နဲ့ကလဲ တိုက်ဆိုင်သွားပြီကို။ ဒါကိုရိပ်မိသော ကာရံကလဲဝင်ပြီး

"အေးလေ၊ ဒီလိုစာလေးတစ်စောင်ပြရုံနဲ့ ရှေးဘဝအဆက်





ဆက်ကချစ်သူတဲ့ ဟားဟား၊ ရယ်တောင်ရယ်ရသေး"

ကဗျာပို၍မျက်နှာပျက်သွားရသည်။ ဒါကို သံစဉ်ကလဲ

"ဟုတ်ပ၊ ဒါမျိုးလေးရေးပေးလို့မှ ရှေးဘဝချစ်သူဖြစ်ရမယ်ဆို သံစဉ်တို့က ဆယ်စောင်၊ ဆယ်စောင်၊ ဟားဟား၊ လက်ညှိုးလေးကွေးပြီး စာရေးဖို့ကို ဆယ်စောင်၊ ဆယ်စောင်၊ ဟားဟား"

အားလုံးက ဝိုင်းဟားနေတော့ ကြာတော့ ကဗျာ နေရခက်လာသည်။ ထို့ကြောင့် မာန်တင်းပြီး

"အေး နင်တို့မယုံရင်လဲနေပေါ့၊ တော်ကြာ ငါနဲ့မင်းကျော်စွာ ရွှေလက်တွဲပြီးခါမှ၊ မမလေးရယ်၊ ကျွန်မတို့မှားပါတယ်ဆိုပြီး မျက်နှာငယ်လေးနဲ့ လာမလုပ်နဲ့၊ ဒါပဲ"

ဆိုကာ အခန်းထဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် လှမ်းဝင်သွားလေသည်။ အားလုံးကတော့ ပြောသာပြောရတာ ရင်တထိတ်ထိတ်နှင့်။

ကကယ်မဖြစ်နိုင်ဘူးဟု မည်သူကပြောနိုင်မည်နည်း။ အားလုံးက အစွမ်းအစရှိသူချည်းမဟုတ်လား။

ကိုယ်စီအခန်းထဲဝင်၍ စဉ်းစားခန်းထုတ်ကြရပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် ခြေလှမ်းဦး၍ ဖြစ်မည်မဟုတ်။ ထို့ကြောင့်

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ညနေရုံးဆင်းချိန်၌ သံစဉ်က ကားဂိတ်အုတ်ခုံပေါ် ခြေတစ်ဖက်တင်၍ ခပ်မိုက်မိုက်ထိုင်နေသည်။

ဘောင်းဘီရှည်အနက်၊ အကျီအနက်၊ ဦးထုပ်အဖြူနှင့် သူ့ပုံမှာ ဂိုဏ်းစတားလိုလို ဘာလိုလိုပါ။ ပါးစပ်ကလဲ ပီကေကို တဖောက်ဖောက်ဝါးလို့။

သူ့ကိုယ်သူကြည့်၍ သဘောကျနေသည်။ သူကိုယ်တိုင်ကထိုဂိုက်ဖမ်းထားတာကို။ သူ ဒီပုံဖမ်းထားတာက အကြောင်းရှိသည်။

သူ့အကွက်က အကွက်ဆန်း၊ အများနှင့်မတူ၊ သူကိုယ်တိုင်တီထွင်ထားသော အကွက်ဆန်း။ မည်သူမှ ထိုသို့စဉ်းစားမိမည်မဟုတ်ဟုပြုံးမိသည်။





ထိုးဆိုက်လာသောကားကို မျှော်ကြည့်သည်။ သူမျှော်လင့်သော မင်းကျော်စွာမှာ ပါမလာသေး။ သူ အနည်းငယ်ဒေါသထွက်သွားသည်။ အဲ များများဒေါသထွက်ရမည်မို့ ပို၍ဒေါသထွက်ယောင်ပြုသည်။ ဒါမှ အဆင်ပြေမှာကို။

နောက်ကားတစ်စီး ထိုးဆိုက်လာသည်။

"ဟော"

လူကြားထဲ ကုပ်ချိုကုပ်ချိုနှင့် ဆင်းလာသောမင်းကျော်စွာကိုမြင်တော့ သံစဉ်ဝမ်းသာသွားသည်။ သို့သော် ဟန်မပျက်ရုပ်ပြန်ထိန်းရင်း

"ချွတ် ချွတ် ချွတ်"

မြည်သံပေးသည်။ တချို့က လှည့်ကြည့်သည်။ မင်းကျော်စွာကတော့ သူ့ကိုခေါ်တယ်မအောင်၍ ငိုက်စိုက်စိုက်နှင့် ထွက်သွားသည်။ ထို့ကြောင့် သံစဉ်က အားမြှင့်၍

"မင်းကျော်စွာ"

သူ့နာမည်ခေါ်သံကြားတော့ မင်းကျော်စွာ တွန့်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျော်စွာ"

သူ့နာမည်ခေါ်သံကြားတော့ မင်းကျော်စွာ တွန့်ဝင်သွားသည်။

လှည့်ကြည့်လိုက်တော့ အုတ်ခုံမှာ မကိုးမကားထိုင်နေသော ကောင်မလေးတစ်ယောက်။ မင်းကျော်စွာ ဇဝေဇဝါဖြစ်သွားသည်။ ဘေးဘီဝေ့ကြည့်ကာ သူ့မျက်နှာသူ လက်ညှိုးပြန်ထိုးရင်း

"ကျွန်တော့်ကိုခေါ်တာလားဟင်"

သံစဉ်က မျက်နှာကို ခပ်တင်းတင်းလုပ်ပြီး

"မင်းကိုခေါ်တာ လာစမ်း"

"ဟုတ် ဟုတ်ကဲ့"





မင်းကျော်စွာက ကျုံ့ကျုံ့ရုံ့ရုံ့ သွားရရှာသည်။ သူ့ခမျာ ဘာမှန်းလဲမသိ။

သံစဉ်က ပီကေတဖောက်ဖောက်ဝါးရင်း၊ မင်းကျော်စွာ မျက်နှာကိုမကြည့်။ ရင်ဘတ်လောက်သာ ကြည့်ကာ

"မင်း အခု ရပ်ကွက်ထဲမှာ ခြေရှုပ်နေတယ်လို့ကြားတယ် ဟုတ်လား"

"ဗျာ"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားသည်။ ပြီးတော့ သူ့ခြေနှစ်ချောင်းကို သူပြန်ကြည့်သည်။ နောက် ခေါင်းကုတ်ပြီး

"မရှုပ်ပါဘူး၊ ဒီခြေနှစ်ချောင်းလေးရှိတာ ဘယ်လိုခြေရှုပ်"

"တိတ်စမ်း"

သံစဉ်က ထအော်သည်။ မင်းကျော်စွာ တွန့်ဝင်သွား၏။

"မင်းကိုငါပြောတာ ရပ်ကွက်ထဲက ကောင်မလေးတွေနဲ့ ရှုပ်နေတယ်ဆိုတာ ပြောတာ"

"ဗျာ"

မင်းကျော်စွာ မျက်မှောင်ကြုတ်သွားပြန်သည်။ သူ ဘယ်လို မိန်းကလေးမျိုးများနှင့် ရှုပ်နေမိသည်မသိ။ နောက်မှ စဉ်းစားမိပြီး ရယ်ဖြဲဖြဲလုပ်ကာ

"ဪ သိပြီ၊ ကျွန်တော်ရှုပ်တာ မဟုတ်ဘူး၊ သူတို့"

"တိတ်"

"အုမ်"

သံစဉ်၏အော်သံကြောင့် မင်းကျော်စွာ လန့်ပြီး ကိုယ့်အသံကိုယ် ပြန်မြိုချမိသည်။ ဘေးဘီဝေ့ကြည့်မိသည်။ ဘယ်သူမှမရှိတော့။ သူတို့နှစ်ယောက်သာ။ မင်းကျော်စွာရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ လူရှင်းတုန်း ဒီကောင်မလေး တစ်ခုခုထလုပ်ရင်ဖြင့် သူ ဒုနှင့်မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်သုတ်ရပြီ။ ထို့ကြောင့် ကြက်သီးများပင် ထသွား၏။

သံစဉ်က ထိုင်ရာကထလာပြီး မင်းကျော်စွာကို လက်ယာရစ်သုံးရစ်,ရစ်လိုက်သေးသည်။ မင်းကျော်စွာမှာ ကျုံ့လို့ရှုံ့လို့။ သံစဉ်ကသာ

"ဒီရပ်ကွက်မှာနေပြီး သံစဉ်ဆိုတာ ကြားဖူးလား"

"သံစဉ်"

မင်းကျော်စွာ ကြောင်သွားသည်။ ပြီးမှ သဘောပေါက်ဟန်ဖြင့်

"ဩော် ကြားဖူးတယ်၊ ကြားဖူးတယ်၊ သံစဉ်ပေါင်းစုံ ကြားဖူးတယ်၊ ငယ်စဉ်ကဆို ဘင်ခရာ"

"တိတ်"

"ဟုတ်"

သံစဉ်အော်တော့ မင်းကျော်စွာ တိတ်ရရှာသည်။

"လူသံစဉ်ကိုပြောတာ"

"လူသံစဉ်"

မင်းကျော်စွာ သံယောင်လိုက်သည်။ သံစဉ်က ခါးထောက်ပြီး

"အေး ဟုတ်တယ်၊ ဒီရပ်ကွက်မှာ သံစဉ်မကြိုက်တာ မလုပ်နဲ့၊ လုပ်ရင်လုပ်တဲ့လူ နားရင်းပြားမယ်၊ မှတ်ထား"





မင်းကျော်စွာ သူ့ဦးဆက်လေးသူ ပြန်စမ်းသည်။

သံစဉ်က ခပ်တည်တည်ပင် ခါးကိုထောက်၊ လက်ဝဲရစ်သုံးရစ် ပြန်ရစ်ပြီး

"အဲဒီတော့ မင်း အခု အဲဒီမိန်းကလေးတွေနဲ့ ရှုပ်နေတာ ချက်ချင်းရပ်ရင်ရပ်၊ မရပ်ရင် ကိုယ့်နားရင်းပြားတာ ကိုယ်တိုင်ပြန်မြင်ရမယ်"

မင်းကျော်စွာ တွန့်တွန့်ဝင်သွားသည်။

ဒါကို သံစဉ်က မျက်နှာချင်းဆိုင် ခပ်တည်တည်ကြည့်လိုက်ပြီး

"မရှင်းတာရှိလား"

"မရှိ"

"ဒါဆို ဆက်လုပ်"

မင်းကျော်စွာ တံတွေးမြိုချလိုက်ပြီး

"ဘာ ဘာဆက်လုပ်ရမှာလဲဟင်၊ ဘယ်သူ့ကို ဘာ ဘာလုပ်"

"တိတ်"

သံစဉ်က ထအော်ပြန်သည်။ ပြီးမှ

"ဟိုဖက်လှည့်"

"ခင်ဗျာ ဟုတ် ဟုတ်"

မင်းကျော်စွာ တစ်ဖက်လှည့်သည်။ ဒါတောင် တစ်ခုခု အလုပ်ခံရမည်ဆိုး၍ တင်ပါးရှုံ့ထားမိ၏။ ဒါကို သံစဉ်က

"ဆက်လျှောက်"

"ဟုတ်"

မင်းကျော်စွာ ဆက်လျှောက်သည်။ အနည်းငယ်ရောက်မှ သံစဉ်က

"တန်း ရပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာခြေလှမ်းများ ရပ်သွားပြန် ၏။

သံစဉ်က မင်းကျော် စွာကို လက်ယပ်ပြန်ခေါ်ပြီး

"ပြန်လာစမ်း"

"ဟုတ်"

ကျော်စွာ ခပ်သွက်သွက် ပြန်လျှောက်လာသည်။ သံစဉ်က ပီကေတဖောက်ဖောက်ဝါးကာ လက်ယာရစ် နှစ်ရစ်သုံးရစ် ပြန်ရစ်ပြီး ကျော်စွာနံဘေးနား ပခုံးချင်းယှဉ်ရပ်ကာ မျက်လုံးကို လှန်ကြည့်ပြီး

"ပိုက်ဆံရှိလား"

"ခင်ဗျာ"

ထင်မှတ်မထားသောစကားမို့ ကျော်စွာကြောင်သွားသည်။

"ပိုက်ဆံ"

နောက်မှသဘောပေါက်ပြီး သူ့အိတ်ကလေး သူပိတ်ကာ

"မရှိ၊ မရှိတော့ဘူး"

သံစဉ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး လက်ဝဲရစ်ပြန်ပတ်သည်။ ပြီးမှ အိတ်ထဲမှအိတ်ကပ်ထဲမှ တစ်ထောင်တန်နှစ်ရွက် ရှမ်းခနဲဆွဲထုတ်ကာ

"ရော့"

မင်းကျော်စွာက မရွံ့မရဲနှင့် ထောင်တန်နှစ်ရွက်ကို ဆွဲယူလိုက်သည်။

သံစဉ်က လက်ပြန်ဖြန့်ပြီး

"ငါးရာပြန်အမ်း"

"ဟမ်"

သံစဉ်အပြုအမူကြောင့် မင်းကျော်စွာကြောင်သွားသည်။ သံစဉ်က လက်ဖျောက်တီးရင်း

"ငါးရာပြန်အမ်းလေ"





ထိုတော့မှ ကျော်စွာသဘောပေါက်ပြီး

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဆိုကာ အိတ်ထဲမှ ငါးရာတန်တစ်ရွက် ဆွဲထုတ်ပေးလိုက်သည်။

သံစဉ်က မင်းကျော်စွာ ဆွဲထုတ်ပေးသော ငါးရာတန်ကို မျက်မှောင်ကြုတ်ကြည့်ကာ

"ခုနကတော့ ပိုက်ဆံမရှိဘူးဆို"

မင်းကျော်စွာ ပိုက်ဆံငါးရာတန်ကို ကမ်းပေးရနိုး၊ ပြန်ထည့်ရနိုးဖြစ်ကာ

"ဩော် ဟိုလေ၊ ဒါက ကား ကားခလေ၊ တစ်လစာ၊ အဟီး"

သံစဉ် စွေစောင်းကြည့်ပြီး ငါးရာတန်ကို ဖတ်ခနဲဆွဲယူလိုက်သည်။ ပြီးနောက် တစ်လုံးတည်းအမှာပါးလိုက်သည်။

"လစ်"

"ဟုတ်"

မင်းကျော်စွာ ခပ်ကုတ်ကုတ်၊ ခပ်သုတ်သုတ် ထွက်သွားပြန်သည်။ အတန်ငယ်လှမ်းမှ သံစဉ်က

"ရပ်"

ကျော်စွာ ရပ်ရပြန်သည်။ သူ့ခမျာလဲ ဘာလုပ်လို့လုပ်မိနေမှန်း သိပုံမပေါ်။

"တနင်္ဂနွေနေ့ အားလား"

"ကျွန်တော် ကျွန်တော် ကြက်တိုက်ဖို့ချိန်းထားတာရှိ"

"တိတ်"

"ဟုတ် တိတ်ပါပြီ"

မင်းကျော်စွာ ပါးစပ်ပိတ်၍ တိတ်ရပြန်သည်။

"တနင်္ဂနွေနေ့ အားအောင်လုပ်ထား၊ သံစဉ်အကြောင်း သိ



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား"

"ဟုတ် ဟုတ်"

"လစ်"

"ဟုတ်"

သံစဉ်ပြောသမျှ အမြန်လစ်ရပြန်ရှာ၏။ သူ့ခမျာ ဘာကို ကြောက်လို့ ကြောက်ရမှန်းမသိ။ လစ်တာမှ ဖင်ပါကျစ်၍လစ်၏။





"မြို့ပြလို့ပြောလဲပဲ အမှန်တကယ်တမ်းတော့ တောနက်ကြီး တစ်ခုလိုပါပဲ၊ ဟော့ သမင်လိုလိုဆင်လိုလို လူတွေကြားထဲ ကျားရဲဖြစ် မှရှင်နိုင်မယ် ဟော"

သံစဉ်၏အသံကျယ်ကျယ်။ သူ၏ မချိမဆန့်အသံများ နား ကြားပြင်းကပ်အောင်ကြားရလဲ တံခါးများက ချောက်ခနဲ ချောက်ခနဲ ပွင့်လာကြ၏။

"အိုးဟိုး အိုးဟိုး ဟော့ဟော့ဟော့ အမဲလိုက်အက စင်မြင့်ထက် က၊ ရှုံးတဲ့သူလဲကျပေး၊ အမဲလိုက်အက ခွန်အားရှိမှ ဆုတံဆိပ်တွေ ရလိမ့်မယ် ရေ ရေး"

ကြွရွစွာကွပြီးကလာသော သံစဉ်ကိုမြင်တော့ အားလုံးအံ့



www.burmeseclassic.com

www.burmeseclassic.com



အားသင့်သွားသည်။ သံစဉ်ကတော့ ခပ်တည်တည်ပင် သီချင်းကို ခေတ္တရပ်ပြီး ရင်ကော့ကာ

"သံစဉ်တို့က စကားနည်းတယ်၊ အလုပ်နဲ့ပဲ သက်သေပြတယ်၊ လင်နေစ ဆင်သေမှတဲ့ ဟင်းဟင်း၊ သိတယ်မဟုတ်လား၊ ဆင်ကတော့ သေနေပြီ ဟီးဟီး၊ ဆင်ကတော့ သေပြီ"

သူ့စကားကြောင့် အားလုံးကြောင်သွားသည်။ နောက်တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

"ဆင်သေပြီတဲ့ ဘယ်ဆင်သေတာလဲ"

"ဆပ်ကပ်ကဆင် ဖြစ်မှာပေါ့၊ ဒါပဲရှိတာပဲ"

"သူ့အဖေက ဆင်မွေးတဲ့ ဆင်သူဌေးလား"

အားလုံး တစ်ယောက်တစ်ပေါက် ဖြစ်ကုန်၏။ ဒါကို သံစဉ်က အားလုံးရှေ့ ဆရာကြီးဟန်ဖြင့် လက်နောက်ပစ်လမ်းလျှောက်ရင်း

"ဟင်းဟင်း ဝေးတယ်လို့ စွပ်စွဲရင်လဲ သူတို့တွေပဲ ခံရမှာပဲ၊ ဟင်းဟင်း အခုကိစ္စက အားလုံးသိကြတဲ့အတိုင်း မင်းကျော်စွာဆိုတဲ့လူ"

မင်းကျော်စွာ နာမည်ကြားတော့ အားလုံးခေါင်းထောင်ကုန်၏ သူတို့အားလုံး၏ အမှုတွဲကိုး...





မင်းကျော်စွာ နာမည်ကြားတော့ အားလုံးခေါင်းထောင်ကုန်၏။ သူတို့အားလုံး၏ အမှုတွဲကိုး။ ထို့ကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"အဲဒီလူက အခုတော့"

စကားကို မဆက်သေးဘဲ ဖြောင်းခနဲ လက်ခုပ်တီးကာ

"အခုတော့ သံစဉ်ရဲ့အစေအပါး အဖြစ်နဲ့ ဆင်သေပြီလေ၊ ဟင်းဟင်း၊ ဆင်သေပြီ၊ အခုတော့ သံစဉ်ပြောသမျှ တသွေမသိမ်း လိုက်ပြီးလုပ်ရတဲ့ သံစဉ်ရဲ့ကလေးငယ် baby ဘဝကို ရောက်သွားရှာပြီ ဟင်းဟင်း"

သံစဉ်စကားကြားတော့ ထုံးစံအတိုင်း အားလုံးမျက်နှာရှုံ့မဲ့ကုန်၏။ ပြီးနောက်

"ဩော် ဘာများလဲလို့၊ ဆင်သတ်၊ အရပ်ဝေတဲ့အကြောင်းလာပြောနေတာကိုး"

"ဟင်းဟင်း လင်နေစ ဆင်သေမှတဲ့၊ သူကပဲပြောသေး ဆင်ကိုအုပ်ဖို့ချွန်းက ဘယ်မှာလဲ"

"ဟယ် ချွန်းပြားနဲ့အုပ်လာပြီထင်ပါ့၊ ဟီဟိ ချွန်းပြားကြီး"

တစ်ယောက်ခြေတစ်ယောက် မြင်နေသူချည်းမို့ မလေးစားကြ။ ဒါကိုသိသော သံစဉ်က

"ဟင်းဟင်း ငါပြောတာ အခုမယုံသေးရင်လဲ နောင် မျက်ဝါးထင်ထင် မြင်ရတဲ့အချိန်မှာ ယုံကြရမှာပါ၊ ဟင်းဟင်း အဲဒီတော့မှ သံစဉ်တို့ စွမ်းလှချည့်ဆိုပြီး ခြေသလုံးလာမဖက်နဲ့ ဒါပဲ"

ဆိုကာ အခန်းထဲလှည့်ဝင်သွားသည်။ ဒါကို ကျန်သူများက

"အောင်မလေး ခြေသလုံးဖက်ဖို့ မပြောနဲ့၊ မျက်နှာတောင် စေ့စေ့မကြည့်ဘူး"

"ခွေးလေးအမျိုးဖြတ်ပြီး ခြေသလုံးများဖက်လိုက်မယ်ဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့မလုပ်ပေါင်”

“ကြည့်ကြသေးတာပေါ့၊ ဘယ်သူခွေးဖြစ်မယ်ဆိုတာ”

အားလုံး တစ်ယောက်တစ်ပေါက် ဆူညံကုန်၏။ သို့သော် အားလုံးရင်ထဲမှာတော့ တထိတ်ထိတ်နှင့်။ တစ်ယောက်နဲ့တစ်ယောက် က လျှော့တွက်လို့ရတဲ့သူတွေမှ မဟုတ်တာ။ ထို့ကြောင့် သူတို့ချိန်းထားသော တနင်္ဂနွေနေ့ကိုသာ ရင်တထိတ်ထိတ်နှင့် မျှော်လင့်နေရလေတော့သည်။





ပုဆိုးကွက်ဝါ ကြက်ပြာဇိုက်ပါလို့
အလိုက်ကလေးရယ် ပျော်ရအောင်
ရွှေနန်းသူများမောင်
လောင်းစရာတွေ ငွေမရှားပါဘူး
ကြက်ကြားကိုတဲ့ တိုက်မဲ့ပြင်၊ မြင်းစိုင်းကျော့နှင့် ..



www.burmeseclassic.com

www.burmeseclassic.com



ချိန်းဆိုထားသော တနင်္ဂနွေနေ့။

ကာရံ ကန်တော်ကြီးအဝင်ဝ ဝင်ပေါက်မှနေ၍ ဦးအောင် စောင့်နေလေသည်။

ဒါမှ မင်းကျော်စွာ ကန်တော်ကြီးထဲဝင်လာလျှင် သူ့ကို အရင်ဆုံး မြင်ရမည်ကို။

ဒီနေ့ကတော့ သူ မင်းကျော်စွာကို အပိုင်ချည်ရပေတော့မည်။ ဒီနေ့မှမချည်နိုင်လျှင် ကျန်သူများ ဝင်ချည်သွားပေတော့မည် ကိုး။

ထို့ကြောင့် အရာရာ လက်ဦးမှုရအောင် ကန်တော်ကြီးအဝပေါက်ဝကကို ကြိုစောင့်နေရခြင်းဖြစ်သည်။





သူ့မှာလဲ ရင်ခုန်စိတ်လှုပ်ရှားလျက်။

ဒီနေ့ အောင်ရောအောင်မြင်ပါ့မလားဆိုသောစိတ်က တထိတ်ထိတ်။

သူကတော့ သူ့ကိုယ်သူယုံသည်။ ဘာအနှောင့်အယှက်မှ မရှိပါက ချက်ချင်းအဖြေတောင်းပြီး နှစ်ယောက်တွဲခတ်ပုံ ပုံနှစ်ဆယ် ခန့်ရိုက်သွားရန် ကြံစည်ထားလိုက်သည်။

လမ်းမဖက် မျှော်ကြည့်လိုက်သည်။

"ဟော လာပြီ"

လမ်းတစ်ဖက်မှ ကူးလာသော မင်းကျော်စွာကိုမြင်တော့ သူ ဝမ်းသာသွားသည်။

"ဟင် ဘယ်လိုကြီးလဲ"

မင်းကျော်စွာက သူထင်သလိုမဟုတ်။ ပုဆိုးဝါကွက်ကြားကြီး နှင့် ကိုးရိုးကားရားကြီး။ သို့သော် ကိစ္စမရှိ။ လူလာရန်သာ အရေးကြီး၏။

"ကိုမင်းကျော်စွာ ကာရံ ဒီမှာ"

သူ လက်မြှောက်ရင်း အော်လိုက်သည်။ မင်းကျော်စွာ သူ့ထံ ပြေးလာသည်။ လက်ထဲတွင်လဲ တစ်ခုခုပိုက်လာသလို။ ကြည့်ရတာ သူ့ကို လက်ဆောင်ပေးရန်ဖြစ်မည်။ အနားရောက်မှ ကြည့်လိုက်တော့

"ဟင်"

မြင်ရသောမြင်ကွင်းကြောင့် ကာရံ အံ့အားသင့်သွားသည်။

"ဟင် ကြက် ကြက်ဖကြီး"

ဟုတ်ပါသည်။ မင်းကျော်စွာပိုက်လာသည်က သူ့အတွက် လက်ဆောင်ထုပ်မဟုတ်။ ကြက်စစ်စစ်ကြီး။ ကြက်ကမှ ခွပ်သားကျ၍ လည်ဆံမွေးတွေပါပြောင်နေသော တိုက်ကြက်စစ်စစ်ကြီး။ ကာရံ အံ့ အားသင့်စွာ ကြက်ကိုလက်ညှိုးထိုးရင်း



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ဒါ ဒါကြီးက”

မင်းကျော်စွာက ဂုဏ်ယူစွာ သူ့ကြက်ကိုမြှောက်ပြရင်း

“တိုက်ကြက်လေ၊ မျိုးသိပ်ကောင်းတာ မြစ်ခြေကတောင်မှာထားရတာ၊ ကြက်က ကြက်ပြာမျိုး၊ အဆုတ်အခွပ်နဲ့ ဗလာခြေသိပ်ကောင်းတာ၊ လေးပွဲရှိပြီ အောင်ထားတာ၊ ဟီးဟီး ဒီနေ့လဲ ဒီကပြန်ရင် သွားတိုက်မလို့ ဟီးဟီး”

“Oh my god”

ကန်တော်ကြီးထဲ တိုက်ကြက်ပါပိုက်လာ၍ ကာရံစိတ်ပျက်သွား၏။ ထို့ကြောင့်

“ဟာ ရှင်ကလဲ တိုက်ကြက်အကြောင်း လာပြောနေသေးတယ်၊ ရှင့်ကြက်ကြီး ခဏလွှတ်ထားလို့ မရဘူးလား”

ကာရံစကားကြောင့် မင်းကျော်စွာ တွန့်ခနဲဖြစ်သွားသည်။ နောက် သူ့ကြက်ကို လုယူမည့်သူအလား ကြက်ကို တခြားတစ်ဖက်ပြောင်းပိုက်ကာ

“ဟာ ဒါတော့မလုပ်နဲ့၊ မလုပ်နဲ့၊ ဒီကြက်က မျိုးကောင်းဗျ၊ ဝယ်ထားတာကို နှစ်သောင်းကျော်ပေးရတယ်၊ ဒီကြက်လွှတ်လိုက်ရရင်”

“ဟာ အဲဒီနှစ်သောင်း ကျွန်မပေးမယ်ရှင်၊ လွှတ်သာလွှတ်လိုက်ပါ”

ကာရံ၏ စိတ်ပျက်စကား။ ဒါကို မင်းကျော်စွာက ခေါင်းကိုယမ်းခါပြီး အကြောက်အကန်ငြင်းသည်။

“ဟာ ဒါတော့မဖြစ်ဘူးဗျ၊ ဒီကောင်မျိုးက ရှာရခက်တယ်၊ ခွပ်လက်သိပ်စိပ်တဲ့ကောင်၊ ကျုပ်လေးပွဲတောင် နိုင်ထားပြီးပြီ၊ ဒီနေ့လဲ ပွဲစဉ်က တည်ထားပြီးပြီ၊ အဲဒါကြောင့်”

“စိတ်ညစ်ပါတယ်”





ကာရံ တကယ်စိတ်ညစ်သွား၏။ ဒီလိုကြက်ကြီးတပိုက်ပိုက်လူနှင့်တော့ ဘယ်သူကမှ တွဲချင်မည်မဟုတ်။ သူလဲ ဒီအတိုင်း မတတ်သာသည့်အဆုံး

“ကဲ ဒါဖြင့်လဲ အထဲဝင်ရအောင်”

ဆိုကာ အောင့်သက်သက်နှင့် ကန်တော်ကြီးထဲ ဝင်လိုက်သည်။ မင်းကျော်စွာက သူ့အချစ်တော်ကြီးပိုက်လျက်။

ကာရံလဲ ဘယ်လိုဆက်လုပ်ရမှန်းမသိတော့။ အမှန်တော့ ကန်တော်ကြီးထဲ နှစ်ယောက်သား ကြည်ကြည်နူးနူး စကားပြောရမှာ။ ယခုတော့ ပါလာသူက ကိုးရိုးကားရား ပုဆိုးဝါကြီးဝတ်ပြီး ကြက်ပြာကြီးပိုက်လာတော့ အယူတိမ်းပြီး နတ်စိမ်းကြီးနှင့် တွဲလာရသလို၊ သူ့အကြံထုတ်ရင်း ခေါင်းကုတ်လိုက်သည်။

သူ မည်သို့လုပ်ရမည်ကို အကြံထုတ်နေစဉ်မှာပင် မင်းကျော်စွာက ခြေလှမ်းကို တုန့်လိုက်သည်။ ပြီးနောက် ဘေးဘီဝဲ့ကြည့်ရင်း

“ဟိုလေ မကာရံ”

ကာရံ မင်းကျော်စွာကို ပြန်ကြည့်သည်။

“မကာရံ ဒီကြက်ကြီးကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရင် ကျွန်တော် ဒီကြက်ကြီးကို ခဏသွားလွှတ်ထားလိုက်မယ်”

“ဟယ်”

ကာရံဝမ်းသာသွားသည်။ သူလဲ ဒီကြက်ကို ဘယ်လိုဝေးဝေးလွှင့်ပစ်ရမှာကို စဉ်းစားနေတာကို။ ထို့ကြောင့် ဝမ်းသာအားရဖြင့်

“ကောင်းတယ်၊ ကောင်းတယ်၊ အဲဒီအစီအစဉ် ကောင်းတယ်၊ ဘယ်မှာသွားလွှတ်မှာလဲဟင်”

မင်းကျော်စွာက လမ်းတစ်ဖက်သို့ လက်ညှိုးညွှန်ပြရင်း

“ဟိုလေ ကလေးကစားကွင်းထဲ ခဏသွားလွှတ်ထားမယ်၊ ကြက်ကြီးလဲ ကလေးတွေနဲ့ ကစားပါစေပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ကာရံ မျက်လုံးပြူးသွားသည်။

"ဟင် ကြက်က ကလေးတွေနဲ့ကစားတယ်၊ ဟုတ်လား"

မင်းကျော်စွာက အားတတ်သရော ခေါင်းညိတ်ပြီး

"ဟုတ်တယ် မကာရံရဲ့၊ ဒီကြက်ကြီးက ပေါ့ခေခေမဟုတ်ဘူး၊ ကလေးသိပ်ချစ်တာ၊ ကလေးတွေနဲ့တွေ့ရင် ပျော်ပြီးလိုက်ဆော့နေရော၊ အဟဲ တစ်ခါတလေ က,တောင်က,သေး"

မင်းကျော်စွာစကားကို ကာရံလဲ အထွန့်မတက်တော့။ အဓိကက ဒီကြက်ကြီးမရှိတော့ဖို့ပဲ မဟုတ်လား။

"အင်း အင်း ဒါဆိုလဲ သွားလွှတ်လိုက်လေ"

"ဟုတ် ဟုတ်၊ မကာရံ ဒီမှာခဏစောင့်၊ ကျွန်တော် ကြက်လွှတ်ပြီး ပြန်လာခဲ့မယ်"

ဆိုကာ ကလေးကစားကွင်းထဲ သုတ်ခြေတင် ပြေးဝင်သွားလေသည်။





မင်းကျော်စွာ ကလေးကစားကွင်းထဲ ပြေးဝင်သွားသည်မှာ အခြားမဟုတ်။ ကလေးကစားကွင်းရှိ ကြောင်လိမ်လှေခါးနှင့် သစ်ပင်ပေါ်တွင် အနီရဲရဲဝမ်းဆက်နှင့် ကဗျာက သူ့ကို လက်ယပ်ခေါ်တာ မြင်လိုက်၍ဖြစ်သည်။

ကာရံက သူချစ်သောကြက်ကြီးကို မကြည်လင်တော့ သူနဲ့လဲပေါင်း၍ဖြစ်မည်မဟုတ်။ ထို့ကြောင့် ပေါင်း၍ရမည်ထင်သည့်သူဆီ ပြေးသွားခြင်းဖြစ်၏။

အမှန်တော့ မင်းကျော်စွာက နှစ်ယောက်တည်းတွေ့ချိန်၌ သူပိုင်သောကြက်ကြီးအကြောင်းကို တဝကြီး ဆွေးနွေးချင်တာ။ ထိုသို့ ဆွေးနွေးရန်မှာ ကြက်မချစ်သူနှင့်မဖြစ်။ ထို့ကြောင့်လဲ သင်ပင်ပေါ်



www.burmeseclassic.com

မှ အနီရဲရဲနှင့် ကဗျာဆီပြေးသွားခြင်းဖြစ်၏။ ကဗျာကတော့ သူနှင့် ဘဝအဆက်ဆက်က ချစ်သူဆိုတော့ ကြက်အကြောင်းတော့ နားလည်လောက်သည်။ ဒါမှ သူနှင့်ဆွေးနွေးပွဲက စည်ပေလိမ့်မည်။ ဒါမှ သူပြောချင်သော ကြက်ကြီးအကြောင်း အားပါးတရ ပြောရမည်ကို။ ထို့ကြောင့်. .





"မောင်တော်၊ မောင်တော်၊ ဟင် ကြက် ကြက်ကြီးနဲ့ ကြက်ကြီးနဲ့"

ကဗျာလဲ ကြက်ကြီးပိုက်ပြီး သစ်ပင်ပေါ် ပြေးတက်လာသော မင်းကျော်စွာကိုမြင်တော့ မျက်လုံးပြူးသွားသည်။

ဒါကို မင်းကျော်စွာက ကြက်ကြီးမြှောက်ပြပြီး

"ဟုတ်တယ်လေ နှမတော်ရဲ့၊ အဲ ကဗျာရဲ့ ကြည့်စမ်းပါဦး တိုက်တိုင်းအောင်တဲ့ ကြက်ဖကြီး၊ ဒါလဲ ကျွန်တော်တို့လို ရှေးအတိအတေထဲက ဆွေမျိုးတော်စပ်ခဲ့တာလားလို့၊ ကြည့်စမ်းပါဦး"

ဆိုကာ ကြက်ကြီးကို အတင်းထိုးထည့်ပေးနေတော့ ကဗျာလန့်ဖျပ်ကာ နောက်ဆုတ်သွားသည်။ နောက် ကြောက်လန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်

"ဟဲ့ ဟဲ့ ဘယ့်နှယ်ကြောင့် ကြက်ဖကြီးနဲ့ လိုက်ထိုးနေတာတုန်း၊ ဖယ်စမ်း ဖယ်စမ်းပါ"

ဆိုကာ အတင်းတွန်းဖယ်သည်။ ဒါကို မင်းကျော်စွာက

"ဟဲဟဲ ဒီအကောင်ကြီး ကျွန်တော်က သိပ်ချစ်တာ၊ လေးပွဲတောင်နိုင်ထားပြီးပြီ၊ ဒီကပြန်ရင်လဲ တစ်ပွဲတိုက်ဦးမှာ လိုက်ခဲ့နော်"

"ဟင် ဘာလို့လိုက်၊ ဟင် ကြက်ပွဲများ လိုက်စရာလား"

"ရှေးဘဝက အတိအစေချစ်သူတွေဆို၊ မောင်တော်တိုက်တဲ့ကြက်ပွဲတော့ လိုက်ရမှာပဲ၊ ဒါမှ ပါရမီဖြည့်ဖက်ဖြစ်မှာ"

"အို ပါရမီဖြည့်တဲ့အထဲမှာ ကြက်ပွဲမပါဘူး၊ အဲဒီကြက်ကြီး သွားလွှင့်ပစ်လိုက်စမ်းပါ"

"အာ ဒီကြက်တော့ မပစ်နိုင်ဘူးဗျ၊ ဒါက မြစ်ခြေကနေတောင် တကူးတကမှာထားရတာ"

"အို ဒီကြက်နဲ့"

"တိုက်မယ်လေ၊ ကြက်တိုက်မယ် လိုက်ခဲ့"

"မလိုက်ပါဘူး၊ ကြက်ပွဲများ လိုက်ခရာလား"

"ရှေးဘဝကလေ"

"ရှေးဘဝကလဲ မလိုက်ပါဘူး"

"ဒါဆို အခုဘဝ"

သူတို့စကားများနေစဉ်မှာပင်

"မင်းကျော်စွာ"

"ရှိ"

ထိုခေါ်သံကြားတော့ မင်းကျော်စွာ တုန်တက်သွားသည်။ မှန်ပေသည်။ တစ်ဖက်သစ်ပင်၏ လင့်စင်ပေါ်မှာ သစ်ပင်ကို ခြေတစ်ဖက်တင်၍ ခပ်မိုက်မိုက်ရပ်နေသော သံစဉ်။ သံစဉ်ကိုမြင်တော့ မင်းကျော်စွာ တုန်တက်သွားသည်။

သံစဉ်က ဝိုကေကို တဖောက်ဖောက်ဝါးနေသည်။ နောက် မင်းကျော်စွာကို လက်ယပ်ခေါ်ရင်း

"ဒီဖက်ကိုလာစမ်း"

"ဟုတ်"

ဖြစ်ချင်တော့ ထိုသစ်ပင်နှစ်ပင်ကလဲ ကလေးများသွားရန် ကြိုးတံတားထိုးထားတာမို့ သွား၍ရနေသည်။

မင်းကျော်စွာ ပုဆိုးဝါနှင့် ကြက်ပြာပိုက်ပြီး တစ်ဖက်သို့ ကူးရန်ပြင်သည်။ ကြိုးတံတားအလည်မျှရောက်တော့

"ကိုမင်းကျော်စွာ"

"နှမတော် အဲလေ ကဗျာ"

ကဗျာ၏ခေါ်သံကြောင့် ယောင်၍ပြန်ထူးသည်။

"ရှေးဘဝအဆက်ဆက်ပြုခဲ့တဲ့ ကျိန်စာကြောင့် ဒီဘဝမှာ သစ္စာဖောက်ရင် သွေးအန်သေမှာနော်"

"ခင်ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်စွာ တွန့်ဝင်သွားသည်။ သူ့ခမျာ သွေးအန်သေမှာ ကလဲ ကြောက်သေးသကို။ ထို့ကြောင့် ကြက်ပြာကြီးပိုက်ပြီး ရှေ့ဆက် သွားရနိုးနိုး၊ နောက်ပြန်လှည့်ရနိုးနိုး ဖြစ်နေသည်။

"မင်းကျော်စွာ"

"ရှိ"

သံစဥ်ခေါ်သံ။ မင်းကျော်စွာ ခန္ဓာကိုယ်ကိုမတ်ပြီး ထူးသည်။

သံစဥ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး

"ငါကတော့ ရှေးဘဝတွေ ဘာတွေမသိဘူး၊ အခုဘဝမှာ လာရင်လာ မလာရင် လက်တွေ့ပါးချမှာနော်"

"ဗျယ်"

မင်းကျော်စွာ ဗျာပင်မပီတော့။ ဟိုက တကယ်ပါးလာချနေမှ ဟုတ်ပေ့ဖြစ်နေပေတော့မည်။ ထို့ကြောင့် ခြေလှမ်းကို ပြန်စရန်ပြင်စဉ်မှာပင်

"ကိုမင်းကျော်စွာ"

"ဗျာ"

မင်းကျော်စွာ၏ ဗျာသံက အတော်ရှည်ပါသည်။ တုန်ပါသည်။

"ဆရာဝန်ဆေးစစ်ချက် ယူထားပြီးပြီ၊ သွေးအန်ဖို့က ကိုးဆယ်ရာနှုန်းရှိတယ်"

"ဟင် . ."

မင်းကျော်စွာ၏ခြေလှမ်းတို့ တုန့်သွားပြန်သည်။ သူ့ခမျာ ရှေ့ဆက်ရနိုး နောက်ဆုတ်ရနိုးနှင့် အလည်မှာပင် ဖင်သီနေရှာသည်။ ထိုစဉ်မှာပင်

"မင်းကျော်စွာ"

"မင်းကျော်စွာ"





ခေါ်သံကြား၍ ငုံ့ကြည့်လိုက်တော့

"ဟာ"

သစ်ပင်အောက်မှာ သူ့ကိုခေါ်နေသော ကလောင်နှင့်ကာရံ။

"သေ သေပါပြီဗျာ"

မင်းကျော်စွာ သူ့ကြက်ဖကို ဒူးနှင့်ညှပ် သူ့ခေါင်းသူ့အုပ်ကိုင်ကာ ထိုင်ချလိုက်မိသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးကရစ်တ်တွင်း ကြီးမားလှသော ထမင်းစားပွဲတွင် မင်းကျော်စွာ ကြက်ဖကြီး ဒူးနှစ်လုံးညှပ်၍ ထိုင်နေရသည်။ မိန်းမလှလေးယောက်က သူ့နားဝိုင်းရံလို့ ဝိုင်းခွံ့နေကြသည်။

"ဒီဖက်လှည့်ပါဦး၊ ကြက်သားလေး စားလိုက်ပါဦး"

"မောင်တော်၊ ဟောဒီမှာ ရေချိုငါးပုဏ္ဏားလေး"

"ဟောဒါက ငယ်ချစ်ဟောင်းအတွက် ဝက်"

"ဟိုကောင် ဒီဖက်လှည့်စမ်း၊ ငါပါးချမိတော့မယ်၊ ဆိတ်သားဟင်းစား"

ကောင်မလေး,လေးယောက် ခွံ့ထည့်သမျှကို လက်ဖြင့်ပင်မကိုင်အား၊ ခွေးလိုပင် ပါးစပ်နှင့် ဟပ်ဟပ်စားနေရသည်။





ဒီကြားထဲ ထိုလေးယောက်ကလဲ ဂုဏ်တုဂုဏ်ပြိုင်က ရှိသေး။

"ဒီမှာ ဒီပုစွန်လေးစား"

"ဟယ် အဲဒီပုစွန်မစားနဲ့"

မင်းကျော်စွာ မျက်မှောင်ကြုတ်ရင်း

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီပုစွန်က သွားခေါ်နေတယ် မလှဘူး၊ မစားနဲ့"

ဒါကို တစ်ယောက်က ထရယ်ကာ

"ဟားဟား ဒီပုစွန်ကို သွားခေါ်တယ်တဲ့၊ မစားဘူးမှန်း သိပ်သိသာတယ်၊ ဒါသွားခေါ်တာမဟုတ်ဘူး"

"ဘာဖြစ်တာလဲ"

"နှုတ်ခမ်းချွန်တာ၊ ပုစွန်နှုတ်ခမ်းချွန်တာ၊ ဟားဟား ပြောတော့ သူ့ငွေးသမီးတဲ့၊ ပုစွန်ကိုတောင် သွားခေါ်တာနဲ့ နှုတ်ခမ်းချွန်တာ မခွဲတတ်ဘဲနဲ့များ သူ့ငွေးသမီးတဲ့၊ ဟားဟား၊ ရော့ ဒီငါးပုဏ္ဏားလေးစား"

"ဟင် အဲဒီငါးပုဏ္ဏားမစားနဲ့၊ ဒီကောင် ကိုယ်လုံးမလှဘူး၊ ရေသိပ်မကူးထားလို့ ထင်တယ်"

"ဟားဟား ငါးပဲ ရေမကူးလို့ ကိုယ်လုံးလှအောင် အေရိုးဗစ်ကစားရမှာလား၊ ဟားဟား၊ လွတ်လွတ်ကင်းကင်း ဟောဒီကြက်သားလေးပဲစားပါ"

"ဟဲ့ အဲဒီကြက်မက လင်များတယ်၊ မစားနဲ့ ရောဂါဖြစ်လိမ့်မယ်"

"ဘာကြည့်ပြောတာလဲ"

"သူ့ဆီဗူးကြည့်ပါလား"

စသည်ဖြင့် ဆူညံနေလေတော့ ဟိုဖက်ဟာဟပ်ရမလို ဒီဖက်



www.burmeseclassic.com

www.burmeseclassic.com



ဟာဟပ်ရမလိုနှင့် ခွေးငတ်ကြီး ချေးတွင်းထဲ ကျသလို ဆန့်ငင်ဆန့်ငင် ဖြစ်ရသည်လဲ ရှိ၏။ ဒီကြားထဲ ပေါင်ကြားထဲက ကြက်ဖကြီးကလဲ ထထတွန်သေး။

ကြာတော့လဲ သည်းမခံနိုင်တော့။ ခြေနှစ်ချောင်းကို မြေမှာပွတ်ပြီး

"ဟာဗျာ၊ ခင်ဗျားတို့ကလဲဗျာ၊ ကျုပ်စိတ်ညစ်လာပြီဗျာ၊ ဘာ တွေမှန်းလဲ မသိဘူး"

"ဆိတ်သားပါ၊ မောင်လေးဟ"

စကားပင် ပြောခွင့်မရှိ၊ တစ်ယောက်က ခွံ့နေ၍

"အင်းဟာ"

ဆိုပြီး လှမ်းဟပ်ရသေးသည်။ ပြီးမှ ဇလုတ်ကြီးကို အနိုင်နိုင်မျိုချပြီး

"ခင်ဗျား ခင်ဗျားတို့ကလဲဗျာ၊ အားလုံးက တစ်ဖွဲ့တည်းပဲလား။ ကျွန်တော် ကျွန်တော့်ကို ဘာကိစ္စနဲ့ လာဝိုင်းနေရတာလဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ ဟီး"

မင်းကျော်စွာ၏ အမေးကြောင့် လေးယောက်လုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ငြိမ်ကျသွားသည်။ ရုတ်တရက်မို့ သူတို့လဲ ဘယ်လိုဖြေရှင်းရမှန်းမသိ။

ဒါကို သံစဉ်က အရှေ့ထွက်လာပြီး မင်းကျော်စွာကို ထမင်းအလုတ်ကြီးတစ်လုတ်





လှမ်းခွံ့လိုက်ရင်း

"မင်း ငါတို့လေးယောက်လုံးကို စိတ်ဝင်စားတယ်မဟုတ်လား"

မင်းကျော်စွာ ထမင်းဝါးရင်း တစ်ယောက်စီဝေ့ကြည့်သည်။ ပြီးမှ

"စိတ်ဝင်စားတာက ဝင်စားတာပေါ့ဗျ။ ခင်ဗျားတို့က လှတာကိုး"

"ဒါဆို ဒီအထဲက တစ်ယောက်ပဲ ရွေးရမယ်ဆို ဘယ်သူ့ရွေးမလဲ"

"ဗျာ"

မင်းကျော်စွာ မျက်လုံးပြူးသွားသည်။ ဒီလိုတည့်တည့်ကြီး မေးတော့လဲ သူ့ခမျာ ဖြေရခက်ပုံ။ ဒါကို မိန်းမများက ရင်ကော့ပြီး

"အမြန်ပြောလိုက်ပါ၊ အလှူခံလော်စပီကာကပါ တရားဝင် ကြော်ငြာပြီးပြီလို့ ဟင်းဟင်း"

တစ်ယောက်စကားကို နောက်တစ်ယောက်ကလဲ

"အို အို ဒါမျိုးပြောရင် တို့တွေက ငယ်ချစ်တွေလေ၊ ငယ်ချစ်ကိုပဲ ရွေးမှာပေါ့ ဟုတ်ဖူးလား နော် ကိုမင်းကျော်စွာနော်"

အတင်းခေါင်းညိတ်ခိုင်းသည်။ ဒါကို နောက်တစ်ယောက်က

"အိုး ဒါမျိုးပြောကြေးဆို တို့တွေက ဘဝအဆက်ဆက်ချစ်သူတွေလေ၊ ဒီဘဝပြေင်းလို့ကတော့ သွေးအန်သေမှာ"

မင်းကျော်စွာ တွန့်ဝင်သွားပြန်သည်။ ပို၍တွန့်ဝင်စေသည်က

"ဟော့ကောင် ငါပါးချလိုက်မှာနော်၊ နင့်ရည်းစား ဘယ်သူလဲ ဆိုတာ ပြောပြလိုက်"

"ဟော့ အဲလိုအနိုင်မကျင့်နဲ့"

"မောင်တော့်ကို လက်ဖျားနဲ့တောင်မတို့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ တို့က ငယ်ချစ်နော်၊ ငှဲ့ခံနေမှာမဟုတ်ဘူး"

စသည်ဖြင့် ဆူညံကုန်ပြန်သည်။

ထို့ကြောင့် မင်းကျော်စွာလဲ စိတ်ရှုပ်ပြီး ခေါင်းကိုပင် သူ့လက်နှင့်သူမကုတ်တော့၊ ဒူးနှစ်လုံးကြား ညှပ်ထားသော ကြက်ခြေထောက်နှင့် ပင့်ကုတ်ကာ

"စိတ်ညစ်တယ်၊ စိတ်ညစ်တယ်ဗျာ၊ ခင်ဗျားတို့ကလဲ ကျုပ်စိတ်ညစ်တယ်၊ အင်းဟာ အင်းဟာ"

"အောက်အီးအီးအွတ်"

ကြက်ကြီးက သခင်စိတ်ညစ်နေတာ အားပေးရော့ထင်၊ တောင်ပံခပ်ထတွန်ပြီး အင်အင်းကို ခေါင်းပေါ်ဗျစ်ခနဲ ပါချလိုက်သည်။ ထိုတော့မှ မင်းကျော်စွာ၏ လူစုတ်ရုပ်မှာ ကြက်ချေးပေမှ ပိုပြည့်စုံသွား၏။ အားလုံးက အနောက်အနည်းငယ်ဆုတ်သည်။

"ခင်ဗျားတို့က ကျုပ်ကို ဒီလိုချောင်ပိတ်ပြီးမေးတော့ ကျုပ်ရှက်တာပေါ့ဗျ၊ တကတည်း"

အားလုံးက သူ့ကို ခပ်ဝေးဝေးက ငေးကြည့်သည်။ မင်းကျော်စွာက နဖူးပေါ်ကျလာသော ကြက်ချေးကို ကြက်ဖင်နှင့်ပင် ပင့်သုတ်ပြီး

"ဒီလိုလုပ်ဗျာ၊ ကျုပ်ကို အချိန်ပေး"

"ဘယ်လို"

"အချိန်ပေးရမယ် ဟုတ်လား"

အားလုံးစိတ်ဝင်စားသွားကြပြန်သည်။ မင်းကျော်စွာက ထမင်းလုပ်ကို မျိုချကာ ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကျုပ်ကို စဉ်းစားဖို့အချိန်ပေး"

ကဗျာက ရှေ့ထွက်လာပြီး

"စဉ်းစားဖို့ အချိန်ဘယ်လောက်ပေးရမလဲ"





"တစ်ပတ်"

မင်းကျော်စွာက လက်ညှိုးတစ်ချောင်း ထောင်ပြီးပြောသည်။ ထိုတော့မှ အားလုံးသက်ပြင်းချပြီး

"ပြီးရော"

"ဒါဆို ရှေ့တစ်ပတ် ဒီမှာပဲဆုံမယ်"

"သွားပြီ"

"ရှေ့တစ်ပတ် အောင်စာရင်းမှ ပြန်ဆုံမယ်"

ဆိုကာ ကော့ပက်ကော့ပက်နှင့် ထွက်သွားကြလေတော့

"ဟော့ ဟော့ ဒီမှာ ဒီမှာ ထမင်းဖိုး၊ ထမင်းဖိုး ရှင်းသွားကြဦးလေ၊ ဟော့ ဒီမှာ ထမင်းဖိုး"

"ကိုယ်စားတာကိုယ်ရှင်း"

ဘယ်သူမှ လှည့်မကြည့်တော့။

"ဟာ သွား သွားပြီ"

မင်းကျော်စွာ သူ့ကြက်ချေးနှင့် သူမျက်နှာသူ ပြန်သုတ်နေမိသည်။

"ဟာ တကယ်ဘယ်သူမှကို ပြန်မလာတော့ဘူး၊ ဟာ သေပါပြီ"

ထမင်းစားပွဲကို ပြန်ကြည့်တော့ အားလုံးစားလက်စနှင့် ဟီးထနေသည်။

"အောက်အီးအီးအွတ်"

မင်းကျော်စွာ သူချစ်သောကြက်ဖကြီးအောင်သံ နောက်ဆုံးကြားလိုက်ရသည်။

နောက်ဆုံးတော့

မင်းကျော်စွာမှာ ထမင်းဖိုးများ ဘယ်လိုမှမရှင်းနိုင်၍ သူအင်မတန်ချစ်မြတ်နိုး တန်ဖိုးထားသော တိုက်ကြက်ဖကြီးအား တိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြက်အစစ်ဖြစ်ကြောင်း သူ လူကိုယ်ဟိုင်နှင့် ခွပ်ပြ၍ ဆိုင်ရှင်ကျေနပ်မှ ဆိုင်တွင်အပ်ခဲ့ရလေသည်။

သူ၏ကြက်မှာလဲ နောက်ထပ်ခွပ်ခွင့်မရတော့။ ဒယ်အိုးထဲမိ၍ လွတ်ရာကျွတ်ရာဘဝသို့ ရောက်ရရှာ၍ဖြစ်သည်။

❀ ❀ ❀



သန်းခေါင်ကို နေ့မှတ်ပါလို့
သန်းခေါင်ကို သန်းခေါင်ကို နေ့မှတ်ပါလို့
အရပ်ကလေးရယ်မှ အားမနာ
အိမ်ကြီးရှင်ကိုတဲ့ အားမနာ အားမနာ

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com



ညကား နက်နေပေပြီ။

အဆောင်တို့၏ ထုံးစံအတိုင်း ကိုးနာရီထိုးလျှင် အပြင်မထွက်ရတော့ပြီမို့ အဆောင်သူများ အဆောင်တွင်း၌ပင် ကိုယ်စီလှုပ်ရှားနေကြရှာသည်။

တချို့ကလဲ စောစီးစွာ အိပ်ရာဝင်ကြပြီး တချို့ကလဲ မိမိကို လာရောက်ပိုးပန်း၍ သီချင်းလာဆိုသော ရွယ်တူကျောင်းသား များကို ကိုယ်ထင်ပြ၍ တိတ်ဆိတ်စွာမြန်းကြရှာသည်။

ထူးခြားသည်က ဒီညကျမှ ဂုဏ်တုဂုဏ်ပြိုင်လေးယောက်မှာ မအိပ်နိုင်ရှာဘဲ ကိုယ်စီအခန်းတွင်းမှ ခေါင်းထုတ်၍ သူတို့အရှုပ်ထုပ်ကြီးကို ဖြေ(ဖြည်)ကြရှာသည်။





တိတ်ဆိတ်နေသော အဆောင်အတွင်း၌ သူတို့၏ စွာကျယ်ကျယ်အသံများ မကြားချင်မှအဆုံး ပျံ့လွင့်နေလေတော့သည်။

"ဘာပဲပြောပြော လာမယ့်တနင်္ဂနွေနေ့ကျရင်တော့ အဖြေသိရပါပြီ၊ အဲဒီတော့မှ ဘယ်သူက ဘယ်လောက်စွမ်းတယ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားသွားမှာပါ ဟင်းဟင်း"

တစ်ယောက်က ဤသို့စလိုက်သည်နှင့် နောက်တစ်ယောက်ကပါ

"ဟင်းဟင်း ဆင်သွားသလို ထင်ရှားတာမပြောနဲ့၊ ဖင်ကားတာသာ အရင်မြင်ရမှာ ဟားဟား၊ တို့ကတော့ ပိုင်ပါတယ်၊ ဘုရားရဲ့ အလှူခံမဏ္ဍပ်မှာပါ အလှူငွေ အတူထည့်ပြီးတဲ့ အဆင့်ဆိုတော့ ဟင်းဟင်း၊ ကျန်တဲ့သူတွေကို အားနာစရာများ ဖြစ်နေမလားလို့ ဟင်းဟင်း"

တစ်ယောက်ကပ်ပါသည်နှင့် နောက်တစ်ယောက်ကလဲ အားကျမခံ။

"ဘုရားမှာ ဘယ်လိုလှူလှူပါ၊ ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာတဲ့၊ ဟဲဟဲ ဘယ်သူတွေဘယ်လိုပဲ ဖြားယောင်းဖြားယောင်း ငယ်ချစ်ကိုမှ မရွေးရင် ဘယ်သူ့ကိုရွေးရမှာလဲ၊ ဟဲဟဲ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ဟင်းဟင်းဟင်း"

သူ့စကားကို နောက်တစ်ယောက်က

"ဟားဟားဟား လို့တောင် မရယ်ချင်တော့ပါဘူး၊ ဟားဟားဟား၊ ငယ်ချစ်ဆိုတာက ဒီဘဝမှ ဖြစ်တာပါ၊ ဟင်းဟင်း တို့တွေက ဘဝအဆက်ဆက်ကချစ်သူ၊ မျက်စိထဲ မြင်ယောင်ကြည့်လိုက်စမ်းပါ၊ ဟိုးရှေးဘဝကတည်းကိုက ငှက်ဖြစ်ရင်လဲ တစ်ကိုင်းထဲ"

"ကြက်ဖြစ်တော့လဲ ကလပ်တွေတက်နေတာ မဟုတ်လား"

"အေး ကြက်ဖြစ်တော့လဲ လမ်းပေါ်၊ ဟဲ့ကောင်မ နင် ဘာစကားပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းနှင့် ပွဲက ကြမ်းလာသည်။

ဒါကို တစ်ဖက်ကလဲ မလျှော့။

"အေး ငါကတော့ ဘာသောညာသော မသိဘူး၊ ရွှေးတဲ့ကောင်မ ပေါင်လှန်ပြီး ပါးပိတ်ချမှာ၊ တင်ပါးကို"

"ဟဲ့ကောင်မ၊ နင်မိကောင်းဖခင်သားသမီး မဟုတ်လား၊ စကားပြော ရိုင်းလှချည်လား"

"အေး မိကောင်းဖခင်သားသမီးမှအစစ်၊ ငါ့အမေနာမည် ဒေါ်မိကောင်း၊ ဖခင်နာမည် ဦးခင်မင်၊ ဒါကြောင့် မိကောင်းဖခင်၊ စကားပြောတွေဘာတွေ လုပ်မနေနဲ့ စကောပါပြားသွားမယ်၊ ဘာမှတ်လဲ"

"အောင်မာ ဒီကောင်မ ပြောလေကဲလေ"

"အေး တို့ကတော့ မမန်းခင်က ပြုနှင့်ပြီ ဘာဖြစ်လဲ"

"ဖင်လန်မ၊ ဥတုဌွေးမ"

"ဘင်္ဂလားဒေ့(ရှ်)မ၊ ပိုလန်မ"

"တေဇောဘန်းမ၊ ပရုပ်ဆီမ"

"တောရှောက်ခါးမ၊ မြွေနှစ်ကောင်မ၊ ငါလာပြီ"

"အေး ငါလဲလာပြီ"

"ငါလဲလာပြီဟေ့၊ ဝေးရာက ရှားကြဟေ့"

"ငါပါလာပြီ၊ ပွတ်ပြီဟေ့ ပွတ်ပြီ"

အားလုံး ပွဲကြမ်းကုန်၏။ လေးယောက်သား အခန်းပြင်ခုန်ထွက်၍ ဝုန်းဒိုင်းကျဲကုန်သည်။

"ဟေ့ အပေါ်မှာ ဘာဖြစ်နေကြတာလဲ"

အဆောင်မှူးအသံကြားမှ အားလုံးတန့်ကုန်၏။

"ညကြီးမင်းကြီး ဘာတွေဖြစ်နေရတာလဲ၊ အရပ်ကလေးကိုမှ အားမနာ၊ အိမ်ကြီးရှင်ကိုမှ အားမနာ၊ တကတည်း"

အားလုံးငြိမ်ကျကုန်၏။

"အားလုံး ကိုယ့်အခန်းကိုယ်ဝင်အိပ်ကြ၊ မအိပ်ရင် အဆောင်ကထုတ်ပစ်မယ်"

အားလုံးကုပ်ကုန်၏။ သံစဉ်က ဘယ်သူဆောင့်ဆွဲထားမှန်းမသိ၊ ခေါင်းပေါ်ကဆံပင်က ချိုနှစ်ချောင်းလို ထောင်နေ၏၊ ကဗျာက ဆံထုံးကြီးရွဲ့နေပြီ။ ကာရံက ညဝတ်ဘောင်းဘီတစ်ဖက် ပေါင်ရင်းရောက်နေသည်။ ကလောင်က မျက်ကွင်းတစ်ဖက်ညိုလျက်၊

အားလုံး တစ်ယောက်ကိုတစ်ယောက် ပေစောင်းကြည့်ကြသည်။ အရှိန်က ပြေသေးပုံမပေါ်။ နောက်မှ

"အေး ဘယ်သူစွမ်းလဲဆိုတာ တနင်္ဂနွေနေ့မှ ကြည့်ကြတာပေါ့"

"ဟင်းဟင်း စိန်လိုက်လေ၊ သံစဉ်တို့က စိန်ခေါ်ရင် ဘွာမခတ်ကြေး"

"အိုး တို့ကလဲ နောက်ဆုတ်မယ်မထင်နဲ့"

"ဒါမျိုး ကျုပ်တို့က ဂုဏ်ထူးထွက်နေကျ"

ဆိုကာ တစ်ယောက်တစ်မျိုးပြောရင်း အခန်းကိုယ်စီ ပြန်ဝင်ကြလေတော့သည်။





ခိုး : မိုး : စ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးစိတ်ထဲမှာလဲ တထိတ်ထိတ်နှင့်။ တစ်ယောက်ကို တစ်ယောက် အခွင့်အရေးပေးလို့မရမှန်း သိကြသည်။

ထို့ကြောင့် အဆုံးအဖြတ်ပေးမည့် တနင်္ဂနွေနေ့ကိုသာမျှော်လင့်ရင်း။

● ● ●





ချိန်းဆိုထားသော တနင်္ဂနွေနေ့။

ကန်တော်ကြီးအတွင်းမှ ကရဝိတ်တွင် မင်းကျော်စွာ ပါးစပ်ကို လက်နှစ်ဖက်နှင့်ပိတ်ရင်း ထိုင်နေသည်။

သူ့နားမှာတော့ နောက်ဆုံးပေါ် အဝတ်အစားများနှင့် မိန်းကလေး,လေးယောက် ဝိုင်းထားကြသည်။ ထိုလေးယောက်က သူ့ပါးစပ်ဟသည်နှင့် ခွဲ့ထည့်ရန် ဇွန်းကိုယ်စီ အသင့်ပြင်ထား၏။

"ကဲ ပြော ဘယ်သူ့ကို အချစ်ဆုံးလဲလို့"

သံစဉ်၏အမေး။ ကဗျာက ဝင်၍

"ပြောလိုက်လေ မောင်တော်၊ မပြောရင် သွေးအန်သေမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကလောင်က ဝင်၍

"ဟားဟား အလှူခံမှာ ဘုရားကို သက်သေတည်ထားတာနော်၊ တော်ကြာ မြေမျိုနေမှဖြင့်"

ကာရံကပါ ရှေ့ထွက်ပြီး

"ငယ်ကချစ်တော့ အနှစ်တစ်ရာ မမေ့သာတဲ့၊ ဟင်းဟင်း ရဲရဲတင်းတင်း ပြောလိုက်စမ်းပါ"

သံစဉ်ကတော့ လက်ရွယ်ပြီး

"ငါပါးချလိုက်မှာနော်၊ မှန်မှန်ပြော သံစဉ်ပါလို့"

မင်းကျော်စွာ ပါးစပ်ပိတ်၍ ထရပ်လိုက်သည်။ နောက် အားလုံးကို လက်တစ်ဖက်နှင့် ဇွန်းများချရန် အချက်ပြသည်။ အားလုံး သူ့ကိုခွံ့မည့်ဇွန်းများချမှ ခပ်တည်တည်နှင့် ကော်လံကိုဆွဲထောင်လိုက်သည်။ စားပွဲအပြင်ဖက် လမ်းထွက်လျှောက်ပြီး

"ဒီကိစ္စက နည်းနည်းဆုံးဖြတ်ရခက်တယ်ဗျ"

အားလုံးမျှော်လင့်ချက်များဖြင့် ကြည်လဲ့နေသော မျက်ဝန်းမျိုးနှင့် ကြည့်ကြသည်။ မင်းကျော်စွာက ခပ်တည်တည်နှင့်

"တန်းစီစမ်း"

"ဘာ"

အားလုံးကြောင်သွားသည်။ မင်းကျော်စွာက လက်ညှိုးနှင့်ပြရင်း

"တန်းစီစမ်းလို့"

ဘုမသိဘမသိနှင့် တန်းစီကြသည်။ သူတို့ကလဲ အနိုင်လိုချင်တာကိုး။ ဒါကြောင့် ခိုင်းတာလုပ်ရတာပေါ့။

"မှန်း"

ကျော်စွာက တစ်ဦးချင်းကို ဝေ့ဝေ့ကြည့်သည်။ သူကြည့်သူ မှန်သမျှက အလှဆုံးပြုံး၍ ညို့ကြရှာသည်။ ဒါမှအနိုင်ရမှာကိုး။





ကျော်စွာက သူတို့အားလုံးကို လက်ျာရစ်သုံးရစ် ရစ်လိုက်သည်။ ပြီးနောက် တစ်ယောက်စီ စေ့စေ့ပြန်ကြည့်သည်။ သူကြည့်တဲ့သူတိုင်း တတ်သလောက်မှတ်သလောက် အိုက်တင်တွေပေးလို့။

မင်းကျော်စွာ အားလုံးကို စေ့စေ့စပ်စပ်ကြည့်ပြီးမှ ဆတ်ခနဲခင်းထားသောစတိတ်စင်ပေါ် ပြေးတက်သွားသည်။

"ဟင်"

"ဘယ်လို"

လေးယောက်လုံးကြောင်ကရော့။ ကျော်စွာက စင်ပေါ်မှ မိုက်ခွက်ကိုဆွဲ ဒူးထောက်ထိုင်ချကာ

"လေးယောက်လုံးကို ချစ်တာဗျ၊ လေးယောက်လုံးကို ချစ်တာ"

"ဟင်"

"ဘယ်လို"

"ဘယ်လိုကြီးလဲ"

"ကွိုင်"

အသံကျယ်ကြီးကြားရသော သူ့စကားကြားတော့ လေးယောက်လုံး အံ့အားသင့်သွားသည်။ ဒါကို ကျော်စွာက မျက်နှာထားတည်တည်နှင့် ခေါင်းညိတ်ပြီး မိုက်ခွက်ကြီးပင့်ကာ

"ဟုတ်တယ်၊ လေးယောက်လုံးကို ချစ်တယ်၊ ဘာလို့လဲဆိုတော့ ခင်ဗျားတို့လေးယောက်လုံးက ချစ်စရာကောင်းတာကိုး၊ ဒါကြောင့် ဒီပွဲမှာ တစ်ယောက်ယောက်ကို ရွေးလိုက်ရင် ကျန်တဲ့သူတွေကို အားနာရမယ်"

"ဒီတော့"

ကဗျာက မေးသည်။

"ဒီတော့ မျှမျှတတဖြစ်အောင် ကျွန်တော်မရွေးဘူး၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့လေးယောက်ထဲက တစ်ယောက်ကပဲ ကျွန်တော့်ကိုရွေးပါ၊ ကျွန်တော် ကျေကျေနပ်နပ်ကြီး လက်ခံပါ့မယ်၊ ရွေးပေးတဲ့သူကိုပဲ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းပါ့မယ်"

"အုမ်"

လေးယောက်လုံး အသံမထွက်တော့။ ဘယ်လိုအသံထွက်နိုင်တော့မည်နည်း။

အမှန်တော့ ပြိုင်ပွဲက မင်းကျော်စွာ သူတို့ထဲက တစ်ယောက်ယောက်ကို ချစ်သွားမှ ထိုသူက အနိုင်ရမှာကိုး။ ယခုတော့ ထိုသို့မဟုတ်။ သူတို့ထဲက တစ်ယောက်က သူ့ကိုပြန်ရွေးရမှာဆိုတော့ ခွတွေကျကုန်၏။

စဉ်းစားကြည့်လေ။ ဒီလိုအရက်သမား ကြက်သမားကို မည်သူက ချစ်သူအဖြစ် ရွေးချယ်ချင်ကြမည်နည်း။ ထို့ကြောင့် သံစဉ်က ရယ်ဖြဲဖြဲနှင့် နောက်ဆုတ်ပြီး

"ဟဲဟဲ ဒါ ဒါဆိုလဲ ကိုယ်ကပဲ ရှောင်ပေးပါ့မယ်၊ ဟဲဟဲ ကိုယ်တို့က သိတယ် မဟုတ်လား ငယ်သေးတယ်လေ ဟီးဟီး"

သူ့စကားကြားသည်နှင့် ကလောင်ကလဲ နောက်ဆုတ်ပြီး

"ဟီးဟီး ဟုတ်ပ၊ တို့ကလဲ ကျောင်းတစ်ဖက်၊ အိမ်အလုပ်တစ်ဖက်နဲ့ဆိုတော့





လင်ယူဖို့ မအားဘူး၊ အဲဒီတော့ အားတဲ့သူ"

သူ့စကားကို ကာရံကလဲ ပျာပျာသလဲဖြင့်

"အို အို တို့ကလဲ ဘာသားနဲ့ထုထားတာမှတ်လို့၊ စီးပွားရေးကိစ္စအရင်မလုပ်ဘဲ၊ အချစ်ရေးမစဉ်းစားပေါင်၊ ဒီတော့"

နောက်ဆုံးကျန်သော ကဗျာမှပင် အနောက်ကိုပြေးဆုတ်ပြီး

"ဟင် ဟင် ဒါမျိုးတော့ မဖြစ်ပါဘူး၊ ဗေဒင်ဆရာက ဟောထားတယ်၊ ချစ်သူရည်းစားထားရင် ထားတဲ့ရည်းစား သွေးအန်သေလိမ့်မယ်တဲ့ ဖြစ်ပါဘူး"

သူ့စကားကို သံစဉ်က ရင်ကိုမောက် တင်ကိုကောက်ပြီး

"ဘာအခုမှ လာပြောနေတာလဲ၊ အရင်ကတော့ ရှေးဘဝအတိအတေကတည်းက ချစ်သူတွေဆို၊ ရှေးဘဝက ကျိန်စာပျက်ရင် သွေးအန်သေမယ်ဆို၊ အခု နင့်ကိုပေးပြီ နင်ပဲယူ"

"ဟုတ်တယ်၊ သူယူသူယူ"

"ရှေးဘဝချစ်သူပဲ ယူသင့်တယ်"

သံစဉ်စကားကို အားလုံးကပါ ဝိုင်းပို့နေ၍ ကဗျာ မျက်နှာပျက်သွားသည်။ နောက်မှ သတိရပြီး ခါးထောက်ကာ

"အောင်မာ နင်ကပဲ ပြောရတယ်ရှိသေး၊ နင်ကရော မင်းကျော်စွာက တခြားသူကိုမှရွေးရင် ပါးချမယ်ဆို၊ အခု သူများမရွေးဘူး၊ နင့်ကိုရွေးပြီ၊ နင်ပဲယူတော့"

"ဟုတ်တယ်၊ ဒါလဲမှန်တယ်"

"ပါးချချင်သူယူ"

ထောက်ခံကြပြန်တော့ သံစဉ် မျက်နှာပျက်သွားပြန်သည်။ ငြိမ်ခံလျှင် သူပဲခံလိုက်ရမည်ကိုး။ ထို့ကြောင့် တခြားဖက်လှည့်ပြီး

"အောင်မာ နင်တို့ကရော ဘာထူးလို့လဲ၊ ဟဲ့ ကာရံ နင်တို့က ငယ်ချစ်တွေဆို၊ အခုပေးပြီလေ၊ ငယ်ချစ်တွေပဲ ယူလိုက်ကြပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကာရံမျက်နှာပျက်သွားသည်။ နောက်မှ

"အို ငါက ငယ်ချစ်ရုံချစ်တာ၊ ဟိုကောင်မ ကလောင်ဆိုရင် ဘုရားတောင် သက်သေတည်ထားတာ၊ သူယူပါစေ"

"အောင်မာ ဒီအရက်သမား ကြက်သမားကို ယူစရာလား။ ယူချင်းယူ နင်တို့ယူကြပါလား"

သူ့စကားကြောင့် အားလုံးခုန်ထလာပြီး

"ဟဲ့ ခွေးကျွေးလို့ ကျီးမထိုးတဲ့သူ ယူစရာလား၊ သူ့ယူမယ့်အစား သူတောင်းစား သွားယူပစ်မယ်"

"အေး နင်ကတောင် သူတောင်းစားယူရင်၊ ငါကလဲ ဒီမှိုတက်ကြီးယူမယ့်အစား အိမ်ကဘိုနီ အမြီးဖြတ်ပြီး ယူပစ်မယ်၊ ရုပ်ကိုက တစ်သက်နေလို့ ရေတစ်ခါမချိုးတဲ့ရုပ်၊ ကျန်တဲ့သူယူ"

"ဟဲ့ ဒါကြီးများ ယူစရာလား၊ လမ်းထိပ်ထွက်တောင်းလို့တောင် သူများရွံလို့ တစ်ပြားမှမရတဲ့ရုပ်ကို အားကိုးစရာလား၊ ထို့သူတောင်းစားအချင်းချင်းတောင် ရွံလို့ အန်ဖတ်ဆို့သေမယ့်ရုပ်"

ပြောရင်းပြောရင်း မင်းကျော်စွာဖက် ပြန်လှည့်လာသည်။ မင်းကျော်စွာမှာ သူတို့စကားနိုင်လုသည့်အထဲ မျက်နှာလက်ညှိုးထိုးထိုးပြီးပြောသမျှ ခံနေရပြန်သည်။ သူ့ရုပ်လဲ ဘာဖြစ်လို့ဖြစ်မှန်းမသိ၊ သူ့ဘဝလဲ ဘယ်ရောက်လို့ရောက်မှန်းမသိတော့။ သင်းတို့က မပြီးသေး။

"ဒီလိုကောင်မျိုး ငါမပြောနဲ့၊ ရပ်ကွက်ထဲက ခွေးမတောင်မယူဘူး"

"ခွေးမနဲ့မပေးစားပါနဲ့ဟယ်၊ ခွေးမသိက္ခာကျပါတယ်"

"ခွေးမတောင် သိက္ခာကျတဲ့ကောင်ကို ငါတို့က ယူစရာလား။ ကဲ ပြန်မယ်"

"အေး ပြန်မယ်၊ နောက်တစ်ခု ထပ်ပြိုင်ကြမယ်"

"အားလုံးသရေနော်"





"ဒီပြိုင်ပွဲ ဒီမှာပြီးပြီ"

ဆိုကာ အားလုံးလှည့်ပြန်ကြတော့သည်။ ထိုတော့မှ မင်းကျော်စွာ သတိရပြီး မိုက်ခွက်ကြီးဆွဲကာ

"နေဦး၊ နေဦး၊ ဒီလိုပြန်လို့ ဘယ်ဖြစ်မလဲ"

အားလုံး ခြေလှမ်းတုန့်ကုန်၏။ ပြီးနောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

"ဘာလို့ ပြန်လို့မဖြစ်တာလဲ"

"ကိုယ့်ခြေထောက်နဲ့ကိုယ်ပြန်တာ ဘာဖြစ်လဲ"

"အေးလေ၊ ဂရုမစိုက်နဲ့ သွားစို့"

"ကြာပါတယ်အေ"

သူတို့စကားကို မင်းကျော်စွာက မိုက်ကြီးဆွဲပြီး

"နေဦး၊ နေဦး၊ ပြန်မယ်ဆို ဒါလေး နားထောင်ပြီးမှပြန်၊ ဖွင့်ပြမယ်"

ဆိုကာ အသံဖမ်းစက်တစ်ခု အိတ်ထဲမှ နှိုက်ထုတ်လိုက်သည်။ အားလုံးက စိတ်ဝင်စားသွားပြန်သည်။ မင်းကျော်စွာက အသံဖမ်းစက်မိုက်ခွက်ရှေ့ချပြီး

"ဖွင့်ပြမယ်၊ ပြီးမှဆုံးဖြတ်"

အားလုံး သူ့ကို ဘာလုပ်မှန်းမသိ၍ မျက်မှောင်ကြုတ်ကြည့်ကြသည်။

"ဟဲဟဲ ဒါလေးနားထောင်၊ ပြီးမှဆုံးဖြတ်၊ ဟော လာပြီ"

ဆိုကာ အသံဖမ်းစက်ကလေး ခလုတ်ခနဲဖွင့်လိုက်ရာ

"သမီးတို့"

"သမီးတို့"

"သမီးတို့"

"သမီးတို့"



www.burmeseclassic.com

www.burmeseclassic.com



အသံဖမ်းစက်မှ ထွက်လာသောအသံကြောင့် အားလုံးလန့်သွားသည်။

"ဟင် ဖေဖေ"

"ဟာ တို့ဖေဖေ"

"ဖေဖေ့အသံ"

"ဒက်ဒီ"

မင်းကျော်စွာက ပြုံး၍ခေါင်းညိတ်သည်။ ပြီးနောက် လက်ညှိုးတစ်ချောင်းထောင်ကာ

"လာမယ်၊ ရှိသေးတယ်၊ မင်းကျော်စွာများ မအ,ဘူးမထင်နဲ့၊ အ,တယ်"

သူပြောတဲ့အတိုင်း တကယ်လာပါသည်။

"သမီးတို့၊ သမီးတို့ရဲ့ အဖေများကိုယ်စား အဖေခင်ကပဲ ပြောပါရစေ"

အားလုံး ပါးစပ်ကြီးဟပြီး ဘာမှမပြောနိုင်ကြ။ အသံကိုသာ အံ့သြတကြီး နားစွင့်မိကြ၏။

"သမီးတို့ မောင်မင်းကျော်စွာနဲ့ ဇာတ်လမ်းတွေ အဖေတို့အားလုံးကြားပြီးပါပြီ"

"ဟင် ဖေဖေတို့သိနေတယ်"

အားလုံး မျက်လုံးပြူးကုန်၏။ မင်းကျော်စွာက တိတ်တိတ်နေရန် နှုတ်ခမ်းပေါ်လက်တင်၍ ရှူးခနဲလုပ်သည်။

"သမီးတို့ ယောကျ်ားတစ်ယောက်ကို အဲဒီလိုအသုံးချတာကတော့ မကောင်းပါဘူးကွယ်၊ ဒါဟာ မလုပ်သင့်တဲ့ကိစ္စပါပဲ၊ ယောကျ်ားဆိုတာ လူပဲကွယ်၊ ခွေးလောက်အဆင့်မရှိရင်တောင် တန်ဖိုးထားရမှာပါ"

မင်းကျော်စွာ အနည်းငယ်နင်သွားသည်။ အားလုံးက သူ့ကို





ပြန်ကြည့်သည်။ သူကလဲ အစာတောင်းသောခွေးလို ဆောင့်ကြောင့်လေးထိုင် လျှာတစ်လစ်ထုတ်လို့ပ။

"အဲဒီတော့ မင်းကျော်စွာဟာ ခွေးလောက်အဆင့်မရှိပေမယ့် လူဖြစ်တဲ့အတွက် လူပီသစွာ မလှည့်စားရဘူး သမီးတို့၊ နောက်ပြီး ဒီဇာတ်လမ်းမှာလဲ လေးယောက်တစ်ယောက် ဖြစ်တဲ့အတွက် ယောကျ်ားသားဖြစ်တဲ့ မင်းကျော်စွာဖက်ကနာတယ်လို့ ဖေဖေတို့အားလုံး ဆုံးဖြတ်ပါတယ်ကွယ်"

"ဟင်"

"ဘယ်လို"

"ဒုက္ခပါပဲ"

"ကျွိုင်"

အားလုံး မျက်လုံးပြူးနေကြသည်။ မင်းကျော်စွာက သွားဖြဲကြီးနှင့် အသံမထွက်အောင် လက်ခုပ်ကြိတ်တီးသည်။

"အဲဒီတော့ မင်းကျော်စွာရဲ့ နစ်နာမှုကို အလျော်ပေးတဲ့အနေနဲ့ သမီးတို့အထဲက တစ်ယောက်ယောက်တော့ အနစ်နာခံပြီး မင်းကျော်စွာနဲ့ လက်ထပ်ပေးပါ"

"ကျွိုင်"

တညီတညာတည်း ထွက်လာသောအသံတစ်သံ။ တစ်လုံးတည်း၊ ဒါပေမယ့် 'ကျွိုင်'။

"ဒီထက်ပိုဆိုးတာက မင်းကျော်စွာက အဖေတို့ရုံးက စာရင်းကိုင်ပဲ သမီး၊ သမီးတို့ထဲက တစ်ယောက်ယောက်မှ သူ့ကိုလက်မထပ်ရင် တစ်ရုံးလုံးက ငွေစာရင်းတွေ မီးရှို့ပစ်မှာဆိုပြီး အဖေတို့ကိုခြိမ်းနေတယ် သမီး၊ သမီးတို့လဲ အခုဆို ရိပ်မိလောက်ပါပြီ၊ ဒီကောင်က အရှုး၊ တကယ်လုပ်လိုက်မှဖြင့် ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ကျွိုင်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးမျက်လုံးပြူးရပြန်ပြီ။ မင်းကျော်စွာက သူ့လုပ်ရပ်သူ သဘောကျစွာ မီးရှို့မည့်ပုံ လုပ်ပြသည်။ မီးမှုတ်သလို ဖူးခနဲဖူးခနဲ လုပ်ပြ၏။

"သူသာ အဲဒီငွေစာရင်းတွေ မီးရှို့လိုက်ရင် အဖေတို့အားလုံး ခွေးဖြစ်ပြီ သမီး"

"ကိန်"

ကျွိုင်ပင် မပီရှာတော့။ အားလုံး ဇက်ကလေးပုပြီး ခွေးဖြစ်ကြသည်။

"အဲဒီတော့ အဖေတို့ ခွေးမဖြစ်ရေး သမီးတို့မှာ တာဝန်ရှိတယ်၊ ဒီတော့ သမီးတို့ထဲက တစ်ယောက်ယောက်တော့ အနစ်နာခံပေးပါ၊ ချစ်ဖေဖေများကောင်းမှု"

"ချောက်"

အသံက ဤတွင်ဆုံး၏။ ထိုတော့မှ လေးယောက်သား နဖူးကို တညီတညာတည်း ဖောင်းခနဲရိုက်ကာ

"သေ သေပြီ"

"ကျွိုင် ကျွိုင်ပဲ"

"ဒုက္ခပါပဲ"

"ဒုက္ခိတတော့ဖြစ်ပြီ"

အားလုံး ကိုယ့်နဖူးကိုယ်ထုပြီး မျက်ရည်ဝိုင်းကုန်၏။ ဒါကိုကြည့်၍ မင်းကျော်စွာက

"ဟားဟားဟား မင်းကျော်စွာကို မအေ,ဘူးမထင်နဲ့၊ အ,တယ်၊ ကဲ အဲဒီတော့ ဘယ်သူက အနစ်နာခံပြီး ယူပေးမလဲ ဒါပဲပြော၊ ဟီးဟီး"

ဆိုကာ မြင်းဟီသံပေး၍ ပြန်ဆင်းချလာ၏။ ပြီးနောက် ကောင်မလေး,လေးယောက်ကို ထောက်ကြွထောက်ကြွနှင့် လက်ညှာရစ်





ရစ်ကာ

"ဒီထက်ပိုင်တဲ့ အကွက်အကွင်း ဘယ်သင်းရှိမှာလဲ၊ လာထား တစ်ယောက်၊ မလာရင် ရုံးထဲက ငွေစာရင်းအားလုံး မီးရှို့ပြီး သူဌေးအားလုံး ခွေးဖြစ်အောင် လုပ်ပစ်မယ်၊ ဟီးဟီး၊ အင်း ဒါလေးကမဆိုး၊ ဒါလေးလဲ မဆိုးဘူး၊ ဒါလေးကလဲ နိပ်တာပဲ၊ ဒါလေးကလဲ လက်မလွှတ်ချင်စရာ"

ဆိုကာပတ်ကြည့်နေသေး၏။ အားလုံးက တုတ်တုတ်မျှမလှုပ်နိုင်။ သူတို့လေးယောက်ထဲမှ တစ်ယောက်ယောက်မယူလျှင် ဖခင်တို့ရုံးမှ ငွေစာရင်းများ ဖျက်ပစ်လိုက်ပါက အားလုံးသေပြီ။ သူဌေးသမီးဘဝမှ ချက်ချင်း ဂျလေဘီဖြစ်သွားနိုင်သည်။ ထို့ကြောင့် လေးယောက်လုံး ခေါင်းကုတ်ပြီး အကြံထုတ်ကြသည်။ ခဏနေတော့ ခေါင်းလေးခေါင်းစုကပ်ကုန်၏။ ဤကိစ္စကို ဆွေးနွေးနေကြပုံ။

"လုပ်ပါ၊ ဆွေးနွေးပါ၊ ပြီးမှ ဘယ်သူဆိုတာပြော၊ ငဲ့ငဲ့၊ ဘယ်သူရရ စိတ်မဆိုးဘူး ဟီးဟီး"

မင်းကျော်စွာက သူ့အပိုင်ပဲမို့ အပေါ်စီးကပြောသည်။ ဘာဖြစ်ဖြစ် တစ်ယောက်တော့ သူရမှာကို။

အတန်ကြာမှ ခေါင်းလေးခေါင်း ပြန်ကွာလာသည်။ ဆုံးဖြတ်ချက်ချပြီးကြပုံ။

ကလောင်က ပခုံးလေးကျုံ့ ရှေ့ထွက်လာပြီး

"ဟိုလေ ဒီကိစ္စအတွက် တိုင်ပင်ပြီးပါပြီ"

မင်းကျော်စွာ ဝမ်းသာသွားသည်။

"ဒါဖြင့်ပြောလေ၊ ဘယ်တစ်ယောက်လဲ၊ ဒူလား၊ သူလား ဟီးဟီး"

မင်းကျော်စွာ ဟီလာတိုက်နေသည်။ ကလောင်က သူ့ဖော်ဖဝါးနှစ်ဖက်သူပွတ်ပြီး



www.burmeseclassic.com

"ဒီကိစ္စက ဘဝတစ်သက်တာနဲ့ ဆိုင်တဲ့ကိစ္စမို့ ချက်ချင်းဆုံးဖြတ်ဖို့က မလွယ်ဘူးလေ၊ ကိုမင်းကျော်စွာလိုပေါ့"

"ဟမ်"

မင်းကျော်စွာကြောင်သွားသည်။ ဒါကို သံစဉ်က ဝင်၍

"ကိုမင်းကျော်စွာတောင် ကျွန်မတို့လေးယောက်ကိုရွေးဖို့ တစ်ပတ်အချိန်ယူသေးတာပဲ မဟုတ်လား"

"အဲ အဲဒီတော့"

မင်းကျော်စွာ၏အမေး။ ဒါကို လေးယောက်လုံးက လက်ညှိုးလေးတစ်ချောင်းထောင်ပြီး

"တစ်ပတ်အချိန်ပေး"

"အုမ်"

မင်းကျော်စွာ ကိုယ့်အသံပင်ကိုယ် မျိုချမိသည်။ သူတို့ပြောတာ ဟုတ်နေသည်ပဲ။ သူ့တုန်းကလဲ အဖြေပေးရန် တစ်ပတ်အချိန်ယူခဲ့သည်ပဲ မဟုတ်လား။ အချိန်မပေးလျှင် မတရားရာကျပေမည်။ နောက် သူစဉ်းစားသည်။ သူ့မှာ သက်သေသက္ကာရတွေ အနိုင်အမာရှိနေသည်မို့ ဘယ်သူက ပြေးလွတ်မည်နည်း။ ပြေးလျှင်မီးရှို့လိုက်ရုံ။ ထို့ကြောင့်

"အေးလေ၊ ဒါဖြင့်လဲ တစ်ပတ်အချိန်ပေးမယ်"

အားလုံး သက်ပြင်းချကြသည်။

"အေး ဒါပေမယ့် တစ်ပတ်အတွင်း တစ်ယောက်မရလို့ကတော့ ငွေစာရင်းတွေအားလုံး ဖျက်ပစ်မှာနော်၊ မင်းကျော်စွာကို မအေ၊ ဘူးမထင်နဲ့"

သူ့စကားကို အားလုံးက ဟျာဟျာသလဲဖြင့်

"အင်းပါ၊ ကျွန်မတို့ဖက်က ကတိတည်ပါတယ်"

"စိတ်ချပါ၊ မိဘာစီးပွားပျက်အောင် မလုပ်ပါဘူး"





"သေချာပေါက်လာမှာပါ"

"ကတိတည်ပါတယ်"

အားလုံးဝန်ခံစကားကြားတော့ မင်းကျော်စွာက

"ဒါဖြင့်"

"လာမယ့်တနင်္ဂနွေနေ့"

အားလုံး၏အသံ။ မင်းကျော်စွာပြုံးပြီး

"ရွှေတိဂုံဘုရားတောင်ဖက်မုခ်မှာဆုံမယ်"

မျက်လုံးပြူးသွားကြပြန်သည်။

"ဘာလို့"

တညီတညာတည်းအမေး။ မင်းကျော်စွာက ရင်ကော့လိုက်ပြီး

"ရတဲ့တစ်ယောက်နဲ့ တစ်ခါတည်း ဘုရားမှာ သစ္စာဆိုပြီး လက်ထပ်မယ်"

အားလုံးမျက်နှာအပျက်ပျက်အယွင်းယွင်း။ ရင်ကော့တာဆိုလို့ မင်းကျော်စွာသာ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဖျိတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင်
ဖျိတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် နှင်းဆီခိုင်
ခွင်လုံးပိုင်တဲ့ အဖွဲ့တော်သား လေးရာကျွား . .
ကိုကြီးကျော် ပလီလွန်းတယ် မောင်ကြီးကျော်ပလီလွန်းတယ်





အဆောင်တွင်းခေါင်းလေးခေါင်း စုကပ်နေ၏။

ခါတိုင်း မျက်နှာချင်းဆိုင်လျှင်တောင် ကက်ကက်လန်နေသော လေးယောက် ယခုတော့ စည်းရုံးနေကြပြီ။ မစည်းရုံး၍လည်း မဖြစ်တော့။ သူတို့ကွဲလျှင်ဆွဲရန် ကျားက အဆင်သင့်ကို။ ထို့ကြောင့် ဖြူယောင်ယောင်မျက်နှာပေးနှင့် စိတ်မအေးနိုင် ရှိနေကြတော့၏။

"ဘယ်လိုလုပ်ကြမလဲ"

ကာရံ၏အမေး။ အားလုံး သက်ပြင်းချကြသည်။

"အားလုံးက ဘေးကျပ်နံကျပ်တွေ ချည်းပဲ"

သံစဉ်က ဖြေသည်။ နောက် သူမှ ပင်

"ကလောင်၊ နင် ဖေဖေတို့ကို မေးတော့ ဘာတဲ့လဲ"

ကလောင် မျက်နှာအပျက်ပျက် အယွင်းယွင်းနှင့်

"ဟုတ်တယ်၊ မင်းကျော်စွာက သူ တို့ရုံးက ငွေစာရင်းကိုင်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



စာရင်းအားလုံး သူတစ်ယောက်တည်းကိုင်ထားတာတဲ့၊ သူက အဲဒီစာရင်းတွေဖျက်ပစ်ရင် ငွေဝင်ငွေထွက်တွေ အားလုံးရှုပ်ကုန်ပြီး ကုမ္ပဏီ ဒုက္ခရောက်သွားလိမ့်မယ်တဲ့၊ ဒါတင်မဟုတ်သေးဘူး၊ ဥပမာ ငွေစာရင်းမှာ သုညလေးတစ်လုံး တိုးလိုက်တာတို့ လျှော့လိုက်တာတို့ လုပ်လိုက်ရင်တောင် ဘယ်လိုမှ ဖြေရှင်းမရအောင် ဖြစ်သွားနိုင်တယ်တဲ့"

အားလုံး သက်ပြင်းချကြပြန်သည်။

ခါတိုင်း တက်ကြွနေသလောက် ယခုတော့ မတက်ကြွနိုင်တော့။ သူတို့ဘဝက တဖြည်းဖြည်းနှင့် အောက်ဆင်းနေရာမှ စုန်ခုန်ချရတော့မယ့်ဘဝမျိုး။

ယခင်က မိဘက မကြည်လင်လို့၊ သူတို့အသုံးအဖြုန်းကြီးလွန်းလို့ ငွေတစ်သိန်းနှင့် အဆောင်ထားတာက ကိစ္စမရှိသေး။ ယခုအရက်သမား ကြက်သမားကို လင်တော်ရမှာဆိုတော့ စဉ်းစားသာကြည့်။ ဒီလိုဘဝမျိုး ဘယ်သူကမှ မရချင်။

ပိုဆိုးတာက ထိုအရက်သမား ကြက်သမားကို ချစ်လို့ယူရမှာလဲ မဟုတ်။ ဟုတ်တယ်လေ။

"ငါတို့ထဲက တစ်ယောက်ယောက်က မစွန့်စားရင် မိဘတွေပါ ဘဝပျက်မယ့်





ကိန်းပဲ"

ကဗျာက ဝင်ထောက်ပြသည်။ ကာရံက ပခုံးလေးကျုံ့ပြီး

"မဲ မဲနှိုက်ပြီး ဆုံးဖြတ်ရင်ရော"

အားလုံးငြိမ်ကျသွားသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ထိုအဖြေက အနည်းငယ် သမာသမတ်ကျနေသည်မို့ စဉ်းစားနေကြပုံပေါ်သည်။ အတန်ကြာမှ သံစဉ်က သက်ပြင်းချရင်း

"ငါ ငါ အဲဒီလောက် သတ္တိမရှိဘူးဟ"

အကြံပေးသောကာရံက ကြက်သီးထပြီး

"ငါရောပဲ"

ကျန်သူများလဲ ခေါင်းညိတ်ကြသည်။ နောက် အတန်ကြာငြိမ်သက်သွားကြပြန်သည်။

"ဟုတ်ပြီ"

ကလောင်က ဝမ်းသာအားရ ထအော်သည်။ အားလုံးက သူ့ကိုပြူးကြည့်ကြသည်။ ကလောင်က အားတက်သရောဖြင့်

"ဒီလိုလုပ်မယ်"

"ဘယ်လိုလုပ်မှာလဲ"

ခေါင်းတွေစုကပ်ကုန်၏။

"မင်းကျော်စွာကို ငါတို့ထဲကတစ်ယောက်ယောက် မဖြစ်မနေယူကြရမှာ မဟုတ်လား"

ကဗျာက မျက်မှောင်ကြုတ်ရင်း

"အေးလေ၊ နင်သိရဲ့သားနဲ့"

"အဲဒါကို သူမယူချင်အောင် လုပ်ရမယ်"

"ဘယ်လို"

အားလုံး စိတ်ဝင်စားသွားကြသည်။

"ဒီလိုဟာ လာမယ့်တနင်္ဂနွေနေ့ကျရင် သူနဲ့တွေ့တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ ငါတို့ကိုယူဖို့ လုံးဝမဖြစ်နိုင်အောင်၊ လုံးဝမယူချင်အောင် လုပ်သွားကြမယ်"

"ဟယ်"

အားလုံးဝမ်းသာသွားကြသည်။

"အဲဒီလိုလုပ်ပြပြီး သူစိတ်ပျက်ပြီး မယူချင်တော့ရင် ငါတို့ ဇာတ်လမ်းပြီးပြီပေါ့"

"ဟာ"

အားလုံးဝမ်းသာသွားကြသည်။

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ သူ စိတ်ပျက်သွားလောက်တဲ့ ပုံမျိုး ဆင်ပြီးသွားရင် သူ ဘယ်ယူချင်တော့မှာလဲ၊ အဲဒီတော့ကျရင် ငါတို့ကိစ္စပြီးပြီ"

မိန်းမလေးယောက်လုံး ပြန်တက်ကြွသွားကြပြန်သည်။

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ သူစိတ်ပျက်လောက်တဲ့ ဒုက္ခိ တပုံမျိုး ငါလုပ်သွားမယ်"

"ငါက ဝိုက်ကြီးသည်လိုမျိုး"

"ငါကတော့ ချိုင်းထောက်ငှားမှဖြစ်မယ်"

"ငါကတော့ ပတ်တီးပဲရှာမယ်ဟေ့"

တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားကြပြန်သည်။ ဒါကို ကလောင်မှပင် ခါးထောက်ပြီး

"အားလုံး ကိုယ့်အစီအစဉ်နဲ့ကိုယ်နေ၊ အတုမခိုးရဘူး"

အားလုံး နဖူးပေါ်လက်တင်၍

"Yes sir"

အားလုံးပျော်လို့။

❀ ❀ ❀





မင်္ဂလာရှိယ်မှ မဏ္ဍပ်ိုင်
ဖို့လေးကြိုလှည့်ပါ ညိုနွဲ့ရယ်လေး
ကြိုလှည့်ပါယောင်ကြီးတွေကို ဆီးကြိုခဲ့လေး
ရေနံ့သာမြစ်ကိုလ ပျော်လောက်အောင်သွေး
လိမ်းမယ်ကြုံမှန်ယူခဲ့ ညိုညိုတွေးရယ်
ခေါင်းပြီးစိုလေး ..

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



မင်းကျော်စွာ စိတ်ကူးတွေယဉ်ပြီး ထိပ်ဖူးတွေပြင်နေသည်။

ထိပ်ဖူးပြင်နေတယ်ဆိုတာ ဒီလိုပါ။ သူ့ဆီမှာ ရှိစုမဲ့စု ကပ်ပေါက်နေသော ဆံပင်ထိပ်ဖူးကို One way ကေညှပ်ပြီး Gel နှင့် စုထောင်ထားတာကို ပြောတာပါ။ ဒါကြောင့် ထိပ်ဖူးပြင်တယ်လို့ ဆိုတာပါ။

စိတ်ကူးလွဲပြီး ထိပ်ဖူးလဲ၍မဖြစ်။

ဒီဆံပင်မျိုးထားသည့်သူတိုင်း သိပါသည်။ ဆံပင်က ထိပ်ဖူးလေးမှာ ညီညီညာညာလေးဖြစ်မှ ကြည့်ကောင်းတာကိုး။ ဟိုကလဲ ဒီကကွဲဆို ကြည့်ရရုပ်ဆိုးဘိခြင်း။ စိတ်ကူးမှားပြီး ထိပ်ဖူးကား၍လဲ မဖြစ်။ စုစုလေးမှ ကြည့်ကောင်းတာ။





ဒါကြောင့် One way ကေနှင့် ချစ်

သူ့ရည်းစား ချိန်းထားသည့်နေရာ နောက်ကျရောက်လျှင် စိတ်ကူးယဉ်ပြီး ထိပ်ဖူးပြင်နေကြောင်း ကိုယ်ချင်းစာပြီး ခွင့်လွှတ်ပေးပါ။ ထားပါ။ ဒီထိပ်ဖူးအကြောင်း။

မင်းကျော်စွာ ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်။ ထို့ကြောင့် ရွှေတိဂုံဘုရား တောင်ဖက်မုခ်ကို တမင်ချိန်းလိုက်ခြင်းဖြစ်၏။

သူ့အကြံက ကောင်းသည်။

"ဘုရားလဲတရင်း၊ လိပ်ဥလဲပြရင်း"

"ဘုရားလဲဖူး၊ လိပ်ဥလဲတူး" ဆိုသည်က လွန်လွန်းပါသည်။ သူ့အဆင့်က ဘုရားလဲဖူး လိပ်ဥလဲတူးအဆင့်မဟုတ်။ ဘုရားလဲ တ, နေရသေးသည်မို့ အဆင်ပြေလျှင် လိပ်ဥပြသော အနေအထားသာ ရှိ၏။ ဟိုလေ လိပ်ဥမတူးခင် လိပ်ဥဘယ်နားရှိတယ်ဆိုတာ ပြရသေးသကို။ ပြပြီးမှ တူးတဲ့အဆင့်ကိုး။

မင်းကျော်စွာ တွေးရင်းတွေးရင်း စိတ်ကူးကြောင်ပြီး ထိပ်ဖူးထောင်နေမိသည်။ ဆံပင်ထိပ်ဖူး လက်နှစ်ဖက်နှင့် သပ်ကာ သပ်ကာဖြင့်။

စိတ်ကူးမိပြီး ထိပ်ဖူးတိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကဗျာနဲ့ဒီထိပ်ဖူးဆို တော်ပါ့မလား"

အဲ အဲလေ။ ကဗျာက ရိုးရိုးယဉ်ယဉ်လေးဆိုတော့ ဒီလို ဆံပင်ထိပ်ဖူးထောင်သွားတာ ကြိုက်ချင်မှကြိုက်မှာကို။

"ကာရံဆိုလဲ မဆိုးဘူးဟ"

သူ့အတွေးနှင့်သူ သဘောကျနေမိသည်။ ပြောရမည့်စကားပါ စဉ်းစား၏။

"ဒီမယ်ကာရံ၊ ဟောဒီမှာလိပ်ဥ၊ ပြီးရင် တို့နှစ်ဦး ဒိုးတူဘောင် ဖက် တူးဟူးဟူးကြရအောင်"

မင်းကျော်စွာ ပြုံးမိသည်။

"သံစဉ်က ဆတ်ကော့လတ်ကော့လေး"

ဒီလို ဆတ်ကော့လတ်ကော့နှင့်ကျတော့ စိတ်ကူးကြာ၍ မဖြစ်။ ထိပ်ဖူးခါမှဖြစ်မည်။

ဆံပင်ထိပ်ဖူးလေး ခါခါသွားမှ ဆတ်ကော့လတ်ကော့များ က သဘောကျတာကိုး။ လမ်းလျှောက်တာကိုက ခါခါခါခါလျှောက် မှ၊ ဒါမှ ထိပ်ဖူးလဲ လိုက်ခါမည်။

"ကလောင်ကလဲ အနိပ်ကလေးဟ"

မျက်လုံးတွေစင်းပြီး ထိပ်ဖူးတွေတင်းလာ၏။ Gel နဲ့ ဆံပင် ကို ကြာကြာထောင်နေမှတော့ လူကလဲအိပ်ချင်။ ဆံပင်ထိပ်ဖူးကလဲ တင်းတင်းရင်းရင်းနဲ့ ချွန်လာပြီပေါ့။

မင်းကျော်စွာ သူ့အတွေးနှင့်သူ ပြုံးလိုက်သည်။

ဘာပဲဖြစ်ဖြစ် လေးယောက်ထဲမှ တစ်ယောက်ယောက်တော့ ရမည်သေချာ၏။ သူတို့ဖက်က တစ်ယောက်ယောက်က မပေး၍မဖြစ်။ မပေးပါက ပြဿနာတက်သွားပေမည်။

သို့သော် စိုးရိမ်စရာတစ်ခုတော့ ရှိသည်။

"အင်း လေးယောက်လုံးယူပါဆိုရင်ဖြင့် အင်း"





ထိပ်ဖူးတွေ ထပ်ပြင်လိုက်သည်။ ကြိုတင်ပြင်ဆင်သည့် သဘော။ နောက် စဉ်းစားမိပြီး

"အင်း ကြိုတင်ကာကွယ်တဲ့အနေနဲ့ အားရှိအောင် ငါးကြီး ဆီတွေ သောက်ထားမှထင်တယ်"

ဆိုကာ ဆေးဆိုင်သွား၊ ငါးကြီးဆီတစ်ဘူးဝယ်ကာ စွတ်စက် သောက်ရင်း တစ်ပတ်အတွင်း အားတွေကြီးပြီး ဝ,ဖီးသော အနေ အထားသို့ ရောက်ရှိလာရလေတော့သတည်း။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ရွှေခဲ ရွှေခဲ ရွှေခဲဆိုမှ ရှီးလေးသွယ်
ကလေး ကလေး ကလေးဆိုမှ ကတတ်တယ်။
ရွှေလက်ကလေး ချီးလိုက်ပါတော့
ငွေလက်ကလေး ချီးလိုက်ပါတော့
လာပြန်ပြီကွဲ့ ဆိုသလေး . .
အောင်ပါစေ၊ အောင်ပါစေ . . .
အောင်ကြပါစေ . . .





ဘုရားပေါ်တွင် မင်းကျော်စွာ မက,မိအောင် မနည်းထိန်းထားရသည်။

ဒီနေ့က သူ ထီဆုကြီးပေါက်မည့်နေ့ကို။

ကံအနည်းဆုံးဖြစ်လျှင် တစ်ယောက်ဆု။ ကံအမှန်တကယ်ကောင်းလျှင်

“လေးယောက်ဆု”

ထိုလေးယောက်လုံးမှာ သူ့ငွေသမီးချည်းပဲမို့ သူ့မှာ အလိုလိုနေရင်း စားမကုန်သောက်မကုန် ချမ်းသာရတော့မည်။

“ကလေး ကလေး ကလေးဆိုမှ ကတတ်တယ်”

မင်းကျော်စွာ သီချင်းလေးညည်းရင်း အတွေးနယ်ချဲ့နေမိပြန်သည်။

“အင်း လေးယောက်တောင်ဆိုလျှင်ဖြင့် မိဖုရားနှစ်ပါးနဲ့



www.burmeseclassic.com

တစ်ခါတည်း ဂယောဆက်တဲ့ သီပေါဘုရင်ထက်တော့ ငါက သာရှာပြီ၊ သာရှာပြီ၊ ဟီဟိ၊ ဒီကြားထဲ မိန်းမလေးယောက် ထစကားများရင် ငါ့ကိစ္စနဲ့ အဝေမတည့်ရင် ငါဘယ်လိုဖြေရှင်းရပ့်"

ရပင်မရသေး။ ထိုကိစ္စလဲ ရင်လေးမိသေး၏။

"အို ငါးကြီးဆီတွေတစ်ဘူးလုံး သောက်ထားတာပဲ၊ လတ်တလောကတော့ နိုင်မှာပါ"

သူ့ကိုယ်သူ ကြိတ်ပြီးအားပေးသေး၏။

"အင်း ကာရံက မဆိုးဘူးဟ၊ ဝတ်တတ်စားတတ်နဲ့ လှတယ်၊ ကဗျာကတော့ ကိုယ်လုံးကိုယ်ပေါက် ပြိုင်စံရှားပဲ၊ ဟီဟိ၊ ဒါတောင် ဝတ်ထားလို့၊ ဟယ် ဘာဆိုင်လို့လဲ၊ အဲ သံစဉ်က သေးသေးသွယ်သွယ်နဲ့ တစ်ပိုင်တစ်နိုင်လေး၊ ကလောင်ကျပြန်တော့လဲ ရှိန်းတိန်းရှိန်းတိန်းလေး၊ သူ့ရလဲ သေပျော်လို့ရတာပဲ"

"ရွှေခဲ၊ ရွှေခဲ၊ ရွှေခဲဆိုမှ ရိုးလေးသွယ်၊ ကလေးဆိုမှ ကတတ်တယ်"

မင်းကျော်စွာတစ်ယောက်တည်း အူမြူးနေ၏။ သူ့မှာ ဘယ်သူ့ရရ ရွှေထုပ်ကောက်ရပြီကိုး။ ထို့ကြောင့်

"ရောက်လာပါပြီရှင်"

"ဟာ"

သူစဉ်းစားနေတုန်း အနောက်က ကြားလိုက်ရသော အသံစာစာလေးများကြောင့် သူထခုန်မိမတတ် ဝမ်းသာသွားသည်။ ထို့ကြောင့် ဝမ်းသာလုံးကြီးဆို့ပြီး

"ရောက်လာပြီဆိုရင်"

ဆိုပြီး အလောတကြီးအလှည့်

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ ကြက်သေ,သေသွားသည်။

နောက် ကယောင်ကတမ်း လက်ညှိုးထိုးပြီး





"ဟင် ဒါ ဒါက ဘယ်လိုဖြစ် ဟာ"

ထိုလေးယောက်ကိုမြင်တော့ သူ ကုန်းပဲကန်တော့ရမလို၊ လက်နောက်ပဲ ပစ်ပြီး အရိုအသေပေးရမလို ဖြစ်နေမိသည်။

မှန်ပေသည်။ သူဖြစ်လဲဖြစ်စရာ။

သူမြင်နေရသည်က

ဦးပြည်းစိမ်းစိမ်းနှင့် ဆရာလေး,လေးပါး။

သူ ထိုင်ပဲကန်တော့ရမလို၊ လက်အုပ်ပဲ ချီရမလို ဖြစ်နေမိသည်။ မတတ်သာသည့်အဆုံးမှ ငိုသံဝဲကြီးဖြင့်

"ဟင် ဒါ ဒါက ဘယ်လိုဖြစ်ကြတာလဲဗျာ"

သူ၏ ကတုန်ကယင်အမေးကို ဆရာလေးများက မျက်လွှာချ၍

"ဆရာလေးတို့လဲ အပြိုင်အဆိုင်များတဲ့ လူ့ဘောင်မှာ နေထိုင်ရတာ ညည်းငွေ့သွားပါပြီ၊ ဒါကြောင့် သာသနာ့ဘောင်မှာပဲ တရားအားထုတ်တော့မယ်လို့ စိတ်ကူးရပြီး အခုလိုပြောင်းလဲလိုက်တာပါ"

"ဟာဂျာ အီး"

မင်းကျော်စွာ စကားပင်မပီတော့။ ပြီးတော့ သူ့ခေါင်းကိုသူ ခပ်ကြမ်းကြမ်း ကုတ်လိုက်သည်။ သူပြင်ထား သော

မြင်လိုက်ရသော
မြင်ကွင်းကြောင့်
သူ့ကြက်သေ
သေသွားသည်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဖူးက သုံးလို့ မှ မရတော့တာကို။ ပြီးနောက် ဘုရားခြေရင်း ခြေဆင်းထိုင်ပြီး

"အင်းဟာ အင်းဟာ"

မြည်ကာ ဖနောင့်ပွတ်၏။

ဒါကို ဆရာလေးများက

"ဒီတော့ ဒကာလေးမင်းကျော်စွာလဲ အစွယ်ကလေးရှိတုန်း၊ အလုပ်ကလေးပဲရှိတုန်း၊ ဆက်ကြိုးစားပေါ့၊ လူ့ဘဝမှာ အသက်ရှင်ဖို့ ဆိုတာ ခက်ခဲလှပါတယ်"

"ဟိုး"

မင်းကျော်စွာ၏အော်သံကျယ်ကျယ်။ ပြီးမှ မတ်တတ်ကိုရပ်။ မျက်ရည်နှင့် နှပ်ကိုလုံချည်နှင့် ပင့်သုတ်ကာ

"ဒါ ဆရာလေးတို့သက်သက်ကျောတာဗျ၊ သက်သက်ကျောတာ"

"စိတ်လျှော့ပါ ဒကာလေးရယ်"

"လျှော့နိုင်ဘူး ဟိုး"

သူ့ခမျာလဲ လေးယောက်ထဲက တစ်ယောက် သေချာပေါက် ရမယ့်ဟာကို ယခုတော့ သူထင်ထားတာထက်၊ တက်တက်စင်အောင် လွဲပြီး တစ်ယောက်မှ မရတော့၍ အကြီးအကျယ်ပေါက်ကွဲနေ၏။

အတန်ကြာ ငိုပွဲဆင်ပြီးမှ

"အေး ဆရာလေးတို့ကလဲ ဒီလိုဆိုရင် မင်းကျော်စွာကိုလဲ မအ,ဘူးမထင်နဲ့၊ တွေ့မယ်"

ဆိုကာ ဘုရားပေါ်မှ ဒုန်းစိုင်းပြေးဆင်းသွားလေတော့ သတည်း။

နွေရာသီမို့ ဘုရားရင်ပြင်က အနည်းငယ်ပူဆဲ။

❀ ❀ ❀





ချစ်လို့ရယ်တဲ့ ခင်ရှာသလေ၊ မင်ရှာရော့သလား
ကိုကြီးကျော်ပလီလွန်းတယ်၊ မောင်ကြီးကျော်ပလီလွန်းတယ်။
မသောက်ရရင်၊ သီလဆောက်တယ်။
အိုး ကျောင်းအကာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် သီလရှင်ကျောင်းတစ်ကျောင်းရှေ့တွင် လူတစ်ယောက် တဲလာထိုးနေပါသည်။

ပါးစပ်ကလဲ

"လူထွက်ရဲထွက်ကြည့်၊ မင်းကျော်စွာတဲ့နော်"

❀ ❀ ❀





BURMESE CLASSIC .com

အများကလဲ ပြောပါသည်။

သီလရှင်ကျောင်းရှေ့

"မင်းကျော်စွာနတ်ကွန်း"

ရှိသည်တဲ့။

မည်သူမှ အတိအကျ မသိကြ။ ထိုသမိုင်းကိုလဲ မည်သူကမှ အတိအကျမပြောနိုင်။

သေချာသည်က ထိုနတ်ကွန်းသဖွယ် တဲငယ်ပေါ်တွင်တော့ လူလား၊ နတ်လား မခွဲခြားနိုင်သူတစ်ယောက်က မလှုပ်မယှက်နှင့် သီလရှင်ကျောင်းကိုသာ မမှိတ်မသုန် စိုက်ကြည့်နေခြင်းပင်။

ထိုသူမှာ ဘာအလုပ်မှလဲ မလုပ်တော့။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလဲ ပြောကြသည်။ သူဌေးကြီးလေးဦးက ထိုသူ့ကို ထောက်ပံ့ထားသည်ဆိုပဲ။ ဒါလဲ ဟုတ်မဟုတ်မသိ။

သေချာသည်က

ထိုသူသည် နှစ်ပေါင်းများစွာ ထိုတဲတွင် စံမြန်းနေခြင်းပင်။

မည်မျှကြာပြီကို မည်သူမှ မမှတ်မိတော့။ သို့သော် ကျောင်းသွားကြသော ကလေးများက ထိုနတ်ကွန်းသဖွယ် တဲရှေ့ရောက်လျှင်

"ကိုကြီးကျော်ပလီလွန်းတယ်၊ မောင်ကြီးကျော်ပလီလွန်းတယ်"

ဟု ဆိုသွားကြသည်မှာ အစဉ်အလာလိုပင် ဖြစ်နေပေပြီ။

သူကား မလှုပ်မယှက်။

သေလျှင်တောင် နတ်ဖြစ်မယ့်သူ။

BURMESE CLASSIC .com

လေးစားစွာကြိုးစားလျက်

အကြည်တော်

ဒီဝတ္ထုမှာပါတဲ့ သီချင်းစာသားတွေက မူရင်းအတိုင်း မဟုတ်ပါဘူး။ ကျွန်တော့်ဝတ္ထုဇာတ်ကြောင်းနဲ့လိုက်အောင် လိုသမျှ အပိုဒ်တွေကို ဖျက်ထုတ်ပြီး ပြန်လည်ပြုပြင်ထားတာပါ။



www.burmeseclassic.com